# ကြေးမုံ

The Mirror Daily

၁၉၅၇ ခုနှစ်တွင် စတင်တည်ထောင်သည်။ Established in 1957


**လောကကို ထွန်းလင်းတောက်ပ**

အချင်းချင်း ခိုက်ရန်ဖြစ်ပွားခြင်းသည် မကောင်း။ ရန်ပြုတတ်သူတို့အလယ်တွင် ရန်မပြုဘဲနေခြင်းသည် လည်းကောင်း၊ ကိလေသာအနှိပ်စက်ခံရသူတို့အလယ်၌ ကိလေသာအနှိပ်အစက်မခံရဘဲနေခြင်းသည် လည်းကောင်း၊ ကာမဂုဏ်ကို ကြောင့်ကြစိုက်ကုန်သော သူတို့အလယ်၌ ကြောင့်ကြမစိုက်ကုန်ဘဲနေခြင်းသည် လည်းကောင်း ချမ်းသာ၏။

လောကဝင်(ဓမ္မပဒ-၁၇၃)


၁၃၈၃ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၀ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 1 September 2021 ၁၀၄၈၃


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်(NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကော်မတီ အစည်းအဝေးအမှတ်စဉ်(၄/၂၀၂၁)ကျင်းပ

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြား





လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကော်မတီ အစည်းအဝေး အမှတ်စဉ်(၄/၂၀၂၁)တွင် အမှာစကားပြောကြားစဉ်။

နေပြည်တော် ဩဂုတ် ၃၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကော်မတီ အစည်းအဝေးအမှတ်စဉ်(၄/၂၀၂၁)အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အိမ်စောင့်အစိုးရအဖွဲ့၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားသည်။ စာမျက်နှာ ၃ ကော်လံ ၁ သို့ ✰

**ကြေးမုံ ယနေ့ ဖတ်စရာ**


အများပြည်သူ အလုပ်ပိတ်ရက်ကာလအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုကို ထိရောက်စွာ ဟန့်တားနိုင်ရေး စည်းကမ်းချက်များနှင့်အညီ နေထိုင်ဆောင်ရွက်ရန် အသိပေးကြေညာ — စာမျက်နှာ » ၄

မြို့ရွာတွေကို သိမ်းတော့မည်ဟုဆိုသောအခါ .... (သမိုင်းကိုခြေရာကောက်ကြည့်ခြင်း) — စာမျက်နှာ » ၆

စေတနာ၊ မေတ္တာ၊ ကရုဏာများအတွက် မုဒိတာဖြစ်ရပါသည် — စာမျက်နှာ » ၁၁

# တည်ငြိမ်အေးချမ်းဖွံ့ဖြိုးလာရေး ဝိုင်းဝန်းကြိုးပမ်း

မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနှုန်း ယခင်ထက်စာလျှင် လျော့ကျလာပြီဖြစ်သည်။ ရောဂါဖြစ်ပွားနှုန်း ၁၀ ရာခိုင်နှုန်းကျော်သာ ရှိတော့ပြီး ဆက်လက်လျော့လာအောင် တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်နေသည်။ နိုင်ငံအတွင်း အကြမ်းဖက်မှုများ၊ လက်နက်ကိုင်သောင်းကျန်းမှုများမှာ နိုင်ငံအတွင်း နေရာအချို့တွင်သာ အနည်းငယ်ဖြစ်ပွားလျက်ရှိသည်။ မြို့ရွာလုံခြုံရေးကို ဖိဖိစီးစီးဆောင်ရွက်နေသောကြောင့် ယခင်ထက်စာလျှင် လျော့နည်းလာပြီဖြစ်သည်။

နိုင်ငံရေးအစွန်းရောက်များ၏ သွေးထိုးလှုံ့ဆော်မှုများနှင့် ဖျက်လိုဖျက်ဆီးပြုလုပ်ရန် ထောက်ပံ့အားပေးမှုများကြောင့် အချို့အဖျက်သမားများ မြို့ရွာများတွင်ပုန်းအောင်းကာ ကြိုးကြားကြိုးကြားနှောင့်ယှက်ဖျက်ဆီးမှုများ အနည်းငယ်ကျန်နေသေးသည်။ မီးသည် ငြိမ်းလုနီးတွင် ပိုမိုတောက်လောင်တတ်သည်ဖြစ်၍ မလျှော့သောသတိဖြင့် ရပ်ရွာတည်ငြိမ်အေးချမ်းရေးကို ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်သည်။ ပြည်သူအများစုမှာ တည်ငြိမ်အေးချမ်းရေးကို လိုလားကြသည်။ တည်ငြိမ်အေးချမ်းမှသာ အလုပ်အကိုင်များကို ဖြောင့်ဖြောင့်တန်းတန်း စိတ်ချလက်ချလုပ်ကိုင်နိုင်မည်ဖြစ်သည်။ အကျိုးမရှိသော ဆူပူအကြမ်းဖက်မှုများကို မလိုလားကြချေ။

အဖျက်လုပ်ရပ်များ နေရာအနည်းငယ်၌သာ ဖြစ်ပွားလျက်ရှိရာ လုံခြုံရေးအပိုင်းက ဖိဖိစီးစီးဆောင်ရွက်ပြီး ပြည်သူများက တာဝန်သိစွာဖြင့် ဝိုင်းဝန်းကူညီပေးမည်ဆိုပါက မကြာမတင်မီ အဖျက်လုပ်ရပ်များ ပပျောက်သွားမည်ဖြစ်သည်။ ကူးစက်မြန် ကိုဗစ်ကပ်ရောဂါမှာ တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် ဖြစ်ပွားနေဆဲဖြစ်ပြီး ရောဂါဖြစ်ပွားမှုပြီးဆုံးမည့်ကာလကို မျှော်မှန်း၍ရနိုင်မည်မဟုတ်ပေ။ ထို့ကြောင့် ကာကွယ်ဆေးထိုးရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် စဉ်ဆက်မပြတ်ဆောင်ရွက်ပေးနေပြီး ပြည်သူလူထု ရောဂါကင်းဝေးရေးကို အထူးအလေးထားဆောင်ရွက်နေသည်။ ရောဂါကင်းဝေးရေးတွင်လည်း ပြည်သူလူထုအားလုံးတို့က အသိတရားဖြင့် ပါဝင်လိုက်နာဆောင်ရွက်ကြမည်ဆိုပါက ရောဂါဖြစ်ပွားဆဲဖြစ်သော်လည်း ရောဂါကူးစက်မှု သိသိသာသာလျော့ကျသွားမည်ဖြစ်သည်။ ယခုလက်ရှိကာလတွင် ရောဂါဖြစ်ပွားမှုတန်းနေခြင်း၊ လျော့ကျလာခြင်းရှိသောကြောင့် ဆက်လက်လျော့ကျလာအောင် အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်ရမည်ဖြစ်သည်။

ကိုဗစ်-၁၉ ရောဂါသည် အလျှင်းပျောက်မည့်အခြေအနေမရှိသော်လည်း သိသိသာသာလျော့ကျလာအောင် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသူများအား စိတ်ဓာတ်ခွန်အားနှင့် အသိအမှတ်ပြုမှုများ ပြုလုပ်ပေးရမည်ဖြစ်သည်။ အခက်အခဲအမျိုးမျိုးကြားမှ ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ရှေ့တန်းမှ စွန့်လွှတ်စွန့်စားကြိုးပမ်းပြီး တိုင်းပြည်အပေါ် သစ္စာရှိရှိ၊ တာဝန်သိသိ ထမ်းဆောင်ခဲ့ကြသော ဆရာဝန်များ၊ သူနာပြုဆရာမများ၊ ကျန်းမာရေးဝန်ထမ်းများ၊ လူမှုကူညီရေးအသင်းအဖွဲ့များ၊ စေတနာ့ဝန်ထမ်းအသင်းအဖွဲ့များ၊ သက်ဆိုင်ရာဌာနအဖွဲ့အစည်းများ၊ မြို့ရွာများရှိပြည်သူများနှင့် တပ်မတော်ဆေးတပ်ဖွဲ့ဝင်များအားလုံးအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ နိုင်ငံတော်အစိုးရက မှတ်တမ်းတင်ဂုဏ်ပြု ကျေးဇူးတင်အသိအမှတ်ပြုထားသည်။ တိုင်းပြည်ကောင်းရာကောင်းကျိုးကိုလိုလားကြသော ပြည်သူများကလည်း ကျေးဇူးတင်အသိအမှတ်ပြုကြမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ဒီမိုကရေစီစနစ်ကို လိမ်လည်လှည့်ဖြား မရိုးမသားပြုလုပ်ခဲ့သည့် မဲမသမာမှုများကြောင့် အရေးပေါ်အခြေအနေကြေညာပြီး နိုင်ငံတော်တာဝန်လွှဲပြောင်းယူခဲ့ခြင်းဖြစ်သည်။ စည်းကမ်းပြည့်ဝသည့်ဒီမိုကရေစီကျင့်သုံးဖော်ဆောင်နိုင်ရန် ကြိုးပမ်းဆောင်ရွက်နေသည်။ စစ်မှန်၍ စည်းကမ်းပြည့်ဝသည့်ဒီမိုကရေစီလမ်းကြောင်းကို မည်သည့်အခါမျှ သွေဖည်သွားမည်မဟုတ်ပေ။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ထပ်မံကျင်းပပေးရန် အာမခံချက်ပေးထားပြီးလည်းဖြစ်သည်။

တစ်ဖက်တွင် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် တုံ့နှေးကျဆင်းသွားသော တိုင်းပြည်စီးပွားရေးကို ပြန်လည်ဦးမော့လာအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံသည် စိုက်ပျိုးမွေးမြူရေးကို အခြေခံသောနိုင်ငံဖြစ်သည့်အတွက် အဆိုပါကဏ္ဍများ တိုးတက်လာအောင် ဆောင်ရွက်လျက်ရှိသည်။ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ပြည်တွင်းစားနပ်ရိက္ခာများ ပြည့်စုံဖူလုံစေရန် ဆောင်ရွက်ပြီး ပိုလျှံသည်များကို ပြည်ပသို့ ပိုမိုတင်ပို့နိုင်ရေး ဆောင်ရွက်လျက်ရှိသည်။ ကျေးလက်ဒေသများ ဖွံ့ဖြိုးရေးကိုလည်း မျက်ခြည်မပြတ်ဆောင်ရွက်နေသည်။ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ရာတွင် ကျန်းမာရေး၊ တည်ငြိမ်အေးချမ်းရေးသည် အဓိကဖြစ်သည်။

သို့ဖြစ်ရာ ပြည်တွင်းအားသည် ပြည်တွင်းမှာသာရှိသည်ဖြစ်၍ ပြည်သူများ ကိုဗစ်-၁၉ ကပ်ရောဂါ လျော့ပါးသက်သာစေရေး၊ ရောဂါကာကွယ်ရေးနှင့် တိုင်းပြည်တည်ငြိမ်အေးချမ်းပြီး ပြည်သူများ အလုပ်အကိုင်အဆင်ပြေကာ လူမှုစီးပွားတိုးတက်လာရေး၊ အေးချမ်းပျော်ရွှင်စွာနေထိုင်နိုင်ရေးတို့အတွက် အလားအလာကောင်းများ ရှိလာပြီဖြစ်ရာ ပြည်သူတစ်ရပ်လုံး ကိုယ်စိတ်နှလုံးချမ်းမြေ့စွာနေထိုင်နိုင်ရေးအတွက် ဥပဒေစည်းကမ်းများကို လေးစားလိုက်နာပြီး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြပါရန် တိုက်တွန်းအပ်ပါကြောင်း။ ။

# အသိပေးကြေညာချက်

ရက်စွဲ၊ ၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်

၁။ အများပြည်သူရုံးပိတ်ရက်များအဖြစ် သတ်မှတ်ကြေညာထားသော ၁-၉-၂၀၂၁ မှ ၁၀-၉-၂၀၂၁ ရက်အထိ ရုံးပိတ်ရက်များတွင် နယ်စပ်ကုန်သွယ်ရေးစခန်းများအနေဖြင့် လုပ်ငန်းတာဝန်များရပ်ဆိုင်းထားမည်မဟုတ်ဘဲ ပုံမှန်အတိုင်း ပို့ကုန် သွင်းကုန်လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ကိုဗစ်-၁၉ ကူးစက်ရောဂါကာကွယ် ကုသရေးပစ္စည်းများ တင်သွင်းမှုများကိုလည်း သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေး တင်သွင်းခွင့်ပြုပေးသွားမည် ဖြစ်ပါသည်။

၂။ အဆိုပါရက်များတွင်လည်း ကုန်သွယ်ရေးဦးစီးဌာန (ရုံးချုပ်) ပို့ကုန်သွင်းကုန်လုပ်ငန်းဌာနခွဲနှင့် ပို့ကုန် သွင်းကုန်ရုံး (ရန်ကုန်)တို့မှ Online စနစ်ဖြင့် ပို့ကုန်၊ သွင်းကုန်လိုင်စင်လျှောက်ထားမှုများကို ရုံးချိန်အတွင်း ပုံမှန်အတိုင်း ခွင့်ပြုဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆေးနှင့်ဆေးပစ္စည်းများ နေ့စဉ် စစ်ဆေးထုတ်ပေးလျက်ရှိ

**နေပြည်တော် ဩဂုတ် ၃၁**

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးပစ္စည်းများကို လေကြောင်း၊ ဆိပ်ကမ်း၊ နယ်စပ်ဂိတ်အသီးသီးမှ ရုံးပိတ်ရက်ရှည်ကာလအတွင်း နေ့စဉ်ရုံးပိတ်ရက်မရှိ လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိရာ ဩဂုတ် ၃၁ ရက်က ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကုမ္ပဏီ ၂၈ ခုမှ Piracetam သုံးခု၊ Meloxicam ၁၀ ခု၊ Salbutamol ငါးခု၊ Pralidoxime Chloride ခြောက်ခု၊ Cimetidine သုံးခု၊ Cyanocobalamine သုံးခု၊ Remdesivir Injection ၆၀၃၀၊ Coenzyme Q 10 50 MG၊ Vitamin E 50 MG၊ Soya Lecithin 20 MG Vitamin B6 10MG ၃၅၀၀၊ Vitamin C ၁၀၃၄၊ Enoxa K (Enoxa-parin ) ၇၀၀၀၊ Harmaceutical (Raw Material) ( 50) KGS သုံးခု၊ Cetirizine Tablets ၉၈၂ ခု၊ Zinc Sulphate Tablets ၉၄၀၊ Yesom 40 Capsule ၁၇၄၀၊ Lazine Tablet ၃၃၀၀၊ Triverm 40 MG ၁၀ ခု၊ M-Noxa ၁၅၀၀၀၊ Atocor 10 Tablets ၇၉၅၄၄ ခု၊ Cyclcserine ၁၃၄ ခု၊ အိမ်သုံးအောက်ဆီဂျင်စက် ၁၃၂ ခု၊ Medical Care Hpv Test CE ( 96 ) Test ၂၅ ခု၊ အပူချိန်တိုင်းကိရိယာ ၁၀၂၀၀၊ Machine Equipment တစ်ခု၊ Hsw Pneumatic Vaccinator တစ်ခု၊ Test Strip ၁၀၀၊ Gas Outlet ၄၀၊ Humidifer ၅၀၊ Spiometer ၁၀၀၀၊ Brand New Medical Reagent ၁၅ ခု၊ Oximeter ၃၅၀၀၊ Medical Reagent UF Cellpack ၁၂ ခု၊ Medical Device Electrolyte Analyzer ၁၈ ခု၊ Flowmeter ၄၀ ရန်ကုန်ဆိပ်ကမ်းများမှ ဆေးမျိုးစုံ ၅၂ မျိုး ၁၇၇၃၂၉ ဒသမ ၄၁၁ ကီလိုဂရမ်၊ နယ်စပ် (ချင်းရွှေဟော်၊ မူဆယ်၊ မြဝတီ) တွင် ကုမ္ပဏီ ၁၉ ခုတို့မှ အောက်ဆီဂျင်အိုး ၃၉၅၂ ခု၊ အိမ်သုံးအောက်ဆီဂျင်စက် ၈၁ ခု၊ နှာခေါင်းစည်း ၁၃၂၁၆ ခု၊ အောက်ဆီဂျင်အရည် ၄၀ ဒသမ ၁၃ တန်၊ Flow Meter ၁၂၁၇၅ ခု၊ တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံ ၂၅၀၀၊ အောက်ဆီဂျင်ထုတ်သည့်စက် နှစ်ခု၊ Air Conpressor တစ်ခု၊ လက်အိတ် ၇၉၂၅ ဒသမ ၀၄ ကီလိုဂရမ်၊ SAI Bcom ( Injection) ၁၀၃၀၄ ကီလိုဂရမ်၊ SAI B 1 ( Injection) ၁၂၁၆၆ ကီလိုဂရမ်၊ Vitamin C Tablets ၇၉၃၅ ကီလိုဂရမ်၊ Cimetidine Injection ၄၄၃၉ ကီလိုဂရမ်၊ Syringe ၁၅၀၄ ခု၊ Trolley ၃၀၀၊ Sodium Chloride Injection ၈၅၇၂၅ ကီလိုဂရမ်တို့ကို ထုတ်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် ( ၃၁ - ၈ -၂၀၂၁)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၈၀၀ | ၈,၉၀၀ | ၇၈၂ | ၆,၈၈၁,၈၀၀ |
| MTSH | ၃,၂၀၀ | ၃,၂၀၀ | ၁,၈၂၄ | ၅,၈၃၇,၁၅၀ |
| MCB | ၇,၈၀၀ | ၇,၈၀၀ | ၀ | ၀ |
| FPB | ၂၀,၅၀၀ | ၂၀,၅၀၀ | ၀ | ၀ |
| TMH | ၂,၇၀၀ | ၂,၇၀၀ | ၂ | ၅,၄၀၀ |
| EFR | ၃,၁၀၀ | ၃,၁၀၀ | ၅ | ၁၅,၅၀၀ |
| AMATA | ၄,၈၀၀ | ၄,၈၀၀ | ၂၁၄ | ၁,၀၂၇,၆၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဩဂုတ် ၃၁

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က)အမေရိကန် | တစ်ဒေါ်လာ | = | ၁၆၈၃.၅ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၉၉၁.၄ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၆၀.၅၀ |
| (ဃ)ထိုင်း | တစ်ဘတ် | = | ၅၂.၁၇၇ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၄၀၂.၉၈ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၃.၀၃၃ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၂၃၄.၃ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၂၅၂.၉ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၅၃၂.၄ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၄၅.၅၀ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန်စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်းသတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်မြသီတာ၊ ဒေါ်ခင်သက်မွန်နှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်း - ဦးတင်ထွန်းတာ၊ ဦးကျော်စွာလင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦး

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ဝိသမလောဘများဖြစ်ပေါ်မှုမရှိအောင် ထိန်းသိမ်းကြပ်မတ်

**ပြီးခဲ့သည့်ကာလအတွင်း ဆေးဝါးများ ဈေးနှုန်းကြီးမြင့်လာခြင်းကြောင့် ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် စစ်ဆေးကြပ်မတ်ခြင်းများ စနစ်တကျ ဆောင်ရွက်ခဲ့၍ ဆေးဝါးများ၏ ဈေးနှုန်းများ ပုံမှန်အခြေအနေသို့ ပြန်လည်ကျဆင်းခဲ့ကြောင်း၊ မိမိတို့မြန်မာနိုင်ငံ၏ အမျိုးသားရေးစရိုက်လက္ခဏာသည် စေတနာထားပြီး လှူဒါန်းလိုသည့် စိတ်၊ ပေးကမ်းလိုသည့် အခြေခံစိတ်များရှိပြီး ဖြစ်သဖြင့် ၎င်းစိတ်ကို အခြေခံ၍ ဆောင်ရွက်မှုများသည် သဟဇာတဖြစ်ရန်လိုကြောင်း၊ မိမိတို့နိုင်ငံတစ်ခုတည်းမဟုတ်ဘဲ ကမ္ဘာပေါ်ရှိ နိုင်ငံများအားလုံးတွင် စီးပွားရေးကျဆင်းမှုများ ဖြစ်ပေါ်နေခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် စားသောက်ရေးနှင့် ကာကွယ်ကုသဆေးများနှင့်ပတ်သက်၍ ဝိသမလောဘများဖြစ်ပေါ်မှု မရှိအောင် ထိန်းသိမ်းကြပ်မတ်ဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်း။**

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အိမ်စောင့်အစိုးရအဖွဲ့၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၃-၈-၂၀၂၁ ရက်နေ့တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ (၉)ကြိမ်မြောက်ညှိနှိုင်းအစည်းအဝေး၌ ပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက်)**

**နယ်စပ်ကုန်သွယ်ရေးစခန်းများ၌ လုံခြုံရေးဆိုင်ရာများ စနစ်တကျရှိစေရေးနှင့် မိမိတို့နိုင်ငံ၏ အချုပ်အခြာအာဏာ ပိုင်နက်နယ်မြေဖြစ်သဖြင့် မိမိတို့အစိုးရ၏ စီမံခန့်ခွဲမှုအပြည့်အဝရှိရန် လိုအပ်မှုအခြေအနေ၊ သစ်တောမြေများနှင့်ပတ်သက်၍ စနစ်တကျအသုံးပြုရန် လိုအပ်မှုနှင့် စိုက်ပျိုးမြေများအား အခြားကိစ္စရပ်များတွင် အသုံးပြုခြင်းများမပြုလုပ်ရန် လိုအပ်မှုအခြေအနေ၊ မြို့ရွာများစီမံခန့်ခွဲရေးတွင် ရေရှည်အတွက်စဉ်းစား၍ စီမံဆောင်ရွက်ရန် လိုအပ်မှုအခြေအနေ၊ နိုင်ငံအတွင်းလုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် ဆောင်ရွက်သင့်သည့် ကိစ္စရပ်များနှင့် နိုင်ငံတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူလူထု၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်သင့်သည့် ကိစ္စရပ်များနှင့်ပတ်သက်၍ အကျယ်တဝင့် ရှင်းလင်းမှာကြား**

☆ ရှေ့ဖုံးမှ

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်၊ မန်းငြိမ်းမောင်၊ Jeng Phang နော်တောင်၊ ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဦးကိုကို၊ ဦးတင်ထွဋ်ဦး၊ ဦးခင်မောင်ရီ၊ ဦးခင်ရီ၊ ဦးမြင့်ကြိုင်၊ ဒေါက်တာပွင့်ဆန်း၊ ဒေါက်တာသက်ခိုင်ဝင်း၊ ဦးရွှေလေး၊ ဒေါက်တာသက်သက်ခိုင်၊ ဒေါက်တာဒေါ်သီတာဦးနှင့် ဒုတိယဝန်ကြီးများ တက်ရောက်ကြပြီး ချင်းပြည်နယ် အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးငွန်ဆန်းအောင်၊ တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမြတ်ကို၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမောင်ကို၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဒေါက်တာအောင်ကျော်မင်း၊ ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းတို့က Video Conferencing ဖြင့် တက်ရောက်ကြသည်။

### ရှင်းလင်းမှာကြား

ဦးစွာ လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြား၌ လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး ကော်မတီသည် နိုင်ငံအတွက် အရေးကြီးသည့် လုပ်ငန်းရပ်များဆောင်ရွက်နေသည့် ကော်မတီတစ်ရပ်ဖြစ်သည့်အခြေအနေ၊ နယ်စပ်ကုန်သွယ်ရေးစခန်းများ၌ လုံခြုံရေးဆိုင်ရာများ စနစ်တကျရှိစေရေးနှင့် မိမိတို့နိုင်ငံ၏ အချုပ်အခြာအာဏာ ပိုင်နက်နယ်မြေဖြစ်သဖြင့် မိမိတို့အစိုးရ၏ စီမံခန့်ခွဲမှုအပြည့်အဝရှိရန် လိုအပ်မှုအခြေအနေ၊ သစ်တောမြေများနှင့်ပတ်သက်၍ စနစ်တကျ အသုံးပြုရန် လိုအပ်မှုနှင့် စိုက်ပျိုးမြေများအား အခြားကိစ္စရပ်များတွင် အသုံးပြုခြင်းများ မပြုလုပ်ရန် လိုအပ်မှုအခြေအနေ၊ မြို့ရွာများစီမံခန့်ခွဲရေးတွင် ရေရှည်အတွက်စဉ်းစား၍ စီမံဆောင်ရွက်ရန် လိုအပ်မှုအခြေအနေ၊ နိုင်ငံအတွင်းလုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် ဆောင်ရွက်သင့်သည့်ကိစ္စရပ်များနှင့် နိုင်ငံတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူလူထု၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်သင့်သည့် ကိစ္စရပ်များနှင့်ပတ်သက်၍ အကျယ်တဝင့် ရှင်းလင်းမှာကြားသည်။

### ရှင်းလင်းတင်ပြ

ထို့နောက် အစည်းအဝေးတက်ရောက်လာကြသည့် ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဝန်ကြီးချုပ်များက သက်ဆိုင်ရာ ကဏ္ဍရပ်များနှင့် လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာ ကိစ္စရပ်များအား ရှင်းလင်းတင်ပြကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များ ဖြည့်စွက်ရှင်းလင်းပြောကြားသည်။

ယင်းနောက် လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ကိုဗစ်အလွန်ခရီးသွားကဏ္ဍ မြှင့်တင်နိုင်ရေး ခရီးစဉ်ဒေသများအား ကရင်ပြည်နယ်ဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး

**ဘားအံ ဩဂုတ် ၃၁**

ကရင်ပြည်နယ်အတွင်း ကိုဗစ်အလွန်ခရီးသွားကဏ္ဍ မြှင့်တင်နိုင်ရေးအတွက် ခရီးစဉ်ဒေသများဖြစ်သည့် ကော့ဂွန်းဂူနှင့် ရသေ့ပျံဂူတို့၏ မိုးတွင်းကာလ ပြုပြင်ထိန်းသိမ်းထားရှိမှုအခြေအနေများအား ယနေ့နံနက်ပိုင်းက ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများက သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။

### ဆက်ကပ်လှူဒါန်း

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဝန်ကြီးများသည် ရှေးဟောင်းသမိုင်းဝင် ကော့ဂွန်းဂူတော်ကြီး ဓမ္မာရုံ၌ ဦးစီးပဓာန နာယကဆရာတော်ဘဒ္ဒန္တကောဝိဒအား သွားရောက်ဖူးမြော်ကြည်ညို၍ လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နဝကမ္မအလှူတော်ငွေများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ကော့ဂွန်းဂူတော်ကြီးရှိ ဗုဒ္ဓရုပ်ပွားတော်များ၊ ဗုဒ္ဓဆင်းတုတော်များ၊ ရှေးဟောင်းဗုဒ္ဓဝင်ကျောက်ဆစ်ပန်းပုလက်ရာများ၊ ဂူနံရံပေါ်ရှိ အုတ်ခွက်ဘုရားများအား လှည့်လည်ဖူးမြော်ကြည်ညိုခဲ့ကြရာ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ ဟိုတယ်နှင့်ခရီးသွားလာရေး ညွှန်ကြားမှုဦးစီးဌာနနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဂေါပကအဖွဲ့ဝင်များက ဂူတော်ကြီး၏ သမိုင်းကြောင်း၊ ထိန်းသိမ်းပြုပြင်ခြင်း လုပ်ငန်းဆောင်ရွက်မှုအခြေအနေ၊ ကိုဗစ်ကာလမတိုင်မီ ခရီးသည်ဝင်ရောက်မှုအခြေအနေတို့ကို ရှင်းလင်းတင်ပြခဲ့ကြပြီး ပြည်နယ်ဝန်ကြီးချုပ်က ကော့ဂွန်းဂူတော်ကြီး ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေး၊ ခရီးသည်များ ဘေးကင်းလုံခြုံချမ်းမြေ့စေရေး၊ သန့်ရှင်းသာယာလှပရေး၊ ရေစီးရေလာကောင်းမွန်စေရေးနှင့်လိုအပ်သည်များအား လမ်းညွှန်မှာကြားခဲ့သည်။



ဆက်လက်၍ ရသေ့ပျံဂူသို့ သွားရောက်ပြီး ဂူအတွင်းရှိ ရှေးဟောင်းအုတ်ခွက်ဗုဒ္ဓဆင်းတုများ၊ ဗုဒ္ဓရုပ်ပွားတော်များ၊ အုတ်ခွက်ဘုရားများအား လှည့်လည်ဖူးမြော်ကြည်ညိုခဲ့ကြပြီး ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကာ ရသေ့ပျံသဘာဝရေလိုဏ်ဂူနှင့် ရသေ့ပျံတောင်အား စက်တပ်လှေငယ်များဖြင့် လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# အများပြည်သူအလုပ်ပိတ်ရက်ကာလအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုကို ထိရောက်စွာဟန့်တားနိုင်ရေး စည်းကမ်းချက်များနှင့်အညီ နေထိုင်ဆောင်ရွက်ရန် အသိပေးကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဗဟိုကော်မတီ
အသိပေးကြေညာချက်

၁၃၈၃ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၉ ရက်
(၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်)

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ၃၀-၈-၂၀၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၂၅၅/၂၀၂၁ ဖြင့် ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့မှ ၁၀ရက်နေ့အထိအား တစ်ဆက်တစ်စပ်တည်း အများပြည်သူ အလုပ်ပိတ်ရက်အဖြစ် သတ်မှတ်ကြေညာခဲ့ပါသည်။

၂။ အဆိုပါ အများပြည်သူအလုပ်ပိတ်ရက်ကာလအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုကို ထိရောက်စွာ ဟန့်တားနိုင်ရေးအတွက် အောက်ပါစည်းကမ်းချက်များနှင့်အညီ နေထိုင်၊ ဆောင်ရွက်ရန်ဖြစ်သည် -

(က) မိမိတို့၏နေအိမ် သို့မဟုတ် အဆောင်များတွင်သာ နေထိုင်ရန်နှင့် တာဝန်နှင့် နာရေးမှအပ ခရီးသွားလာခြင်း လုံးဝမပြုလုပ်ရန်၊

(ခ) မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် ယင်း၏ လက်အောက်ခံ အစိုးရဘဏ်၊ ပုဂ္ဂလိကဘဏ်များအား ယခင်ရုံးဖွင့်ရက်များအတိုင်း ဖွင့်လှစ်ရန်၊

(ဂ) ကုန်ထုတ်စွမ်းအား မကျဆင်းစေရေးအတွက် အလုပ်သမားဝန်ကြီးဌာနနှင့် သက်ဆိုင်ရာ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် စက်ရုံ၊ အလုပ်ရုံများအား ကျန်းမာရေးဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ကာကွယ်ရေး ဆိုင်ရာ လမ်းညွှန်ချက်များနှင့်အညီ ဖွင့်လှစ်ရန်၊

(ဃ) သက်ဆိုင်ရာဌာနအသီးသီး၏ မဖြစ်မနေဆောင်ရွက်ရမည့် အရေးကြီးရုံးလုပ်ငန်းများ လစ်ဟင်းမှုမရှိစေရေး work from home နည်းလမ်းဖြင့် လည်းကောင်း၊ အခြားသင့်လျော် သည့်နည်းလမ်းများဖြင့် လည်းကောင်း စီမံဆောင်ရွက်ရန်၊

(င) မရှိမဖြစ် အခြေခံလိုအပ်ချက်များဖြစ်သော စက်သုံးဆီ၊ သောက်သုံးရေသန့်၊ သား၊ ငါးနှင့် အခြေခံစားသောက်ကုန်များ ရောင်းချသည့်ဆိုင်များသာ ဖွင့်လှစ်ရောင်းချရန်၊

(စ) ဆေးဝါးနှင့်ဆေးပစ္စည်းကိရိယာများ ရောင်းချသည့်ဆိုင်များ၊ ဆေးကုမ္ပဏီများ ဖွင့်လှစ် ရောင်းချရန်၊

(ဆ) စားသောက်ဆိုင်များအနေဖြင့် ပါဆယ်စနစ်(take away) ဖြင့်သာ ရောင်းချရန်၊

(ဇ) ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ရန်၊ (အစိုးရဆေးရုံများ၊ ပုဂ္ဂလိကဆေးရုံများနှင့် ဆေးခန်းများ)

(ဈ) မဖြစ်မနေ နေအိမ်မှထွက်ခွာသွားရောက်ရမည့်ကိစ္စရပ်များ ပေါ်ပေါက်ပါက ပါးစပ်၊ နှာခေါင်း စည်း(Mask) အပါအဝင် လိုအပ်သော ရောဂါကာကွယ်ရေးအစီအမံများ မဖြစ်မနေဝတ်ဆင်ရန်၊

(ည) မဖြစ်မနေ ခရီးသွားလာရမည့်ပုဂ္ဂိုလ်များ အဆင်ပြေချောမွေ့စေရေးအတွက် ကုန်းလမ်း၊ ရေလမ်း၊ လေကြောင်းလမ်းတို့နှင့်ပတ်သက်သော စက်တပ်ယာဉ်များ ပြေးဆွဲနိုင်ရေးအတွက် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ သက်ဆိုင်ရာ နေပြည်တော်ကောင်စီ၊ တိုင်းဒေသ ကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် ပြေးဆွဲသွားလာခွင့် ပြုရန်၊

(ဋ) ကုန်စည်စီးဆင်းမှုအဆင်ပြေချောမွေ့စေရေးအတွက် ကုန်တင်ယာဉ်များ သွားလာမှုစံသတ်မှတ် ချက် Standard Operating Procedure (SOP) အတိုင်း လိုက်နာဆောင်ရွက်ရန်၊

(ဌ) ကုန်တင်ကုန်ချဆိပ်ကမ်းများကို ဆက်လက်ဖွင့်လှစ်ဆောင်ရွက်ရန်၊

(ဍ) Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဗဟိုကော်မတီနှင့် ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ ဆိုင်ရာ စည်းကမ်းချက်များကို တိကျစွာလိုက်နာရန်။

၃။ အထက်ပါစည်းကမ်းချက်များအား လိုက်နာရန်ပျက်ကွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူ သွားမည်ဖြစ်ပါသည်။

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ဖိုတိုလစ်သိုပုံနှိပ်စက်ရုံကို ကြည့်ရှုစစ်ဆေးပြီး မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီနှင့် တွေ့ဆုံ

**ရန်ကုန် ဩဂုတ် ၃၁**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ငါးထပ်ကြီးဘုရားလမ်းရှိ ဖိုတိုလစ်သိုပုံနှိပ်စက်ရုံသို့ ရောက်ရှိပြီး လုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို လှည့်လည် ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ဖိုတိုလစ်သိုပုံနှိပ်စက်ရုံရှိ Cityline ပတ်လည်စက် စက်ကြွံခိုင်ရေးဆောင်ရွက်နေမှု၊ Oliver ရှက်ထိုး စက်ဖြင့် ပုံနှိပ်လုပ်ငန်းများ ဆောင်ရွက်နေမှု၊ သိုလှောင်ရုံတွင် ကုန်ကြမ်းပစ္စည်းများ သိုလှောင်ထား ရှိမှုနှင့် CTP ခန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေး သည်။

ထို့နောက် ဖိုတိုလစ်သိုပုံနှိပ်စက်ရုံ အစည်းအဝေး ခန်းမ၌ ပုံနှိပ်စက်ရုံမှ တာဝန်ရှိသူများနှင့် တွေ့ဆုံရာ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ညွှန်ကြားရေးမှူး ချုပ် ဦးဝင်းကျော်အောင်က စက်ရုံနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

### ရှာဖွေကြံဆလုပ်ဆောင်

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ဆွေးနွေး မှာကြားရာတွင် နိုင်ငံ့ဝင်ငွေတိုးတက်စေမည့် လုပ်ငန်းများ ပိုမိုလုပ်ကိုင်၍ စက်စွမ်းအားပြည့် ဆောင်ရွက်ပေးရန်နှင့် ဝင်ငွေတိုးတက်ရှာဖွေနိုင်မည့် နည်းလမ်းများကို ရှာဖွေကြံဆလုပ်ဆောင်ကြရန် လိုအပ်ကြောင်း၊ ပုံနှိပ်လုပ်ငန်းများ အမှားအယွင်း မရှိစေရေးနှင့် ပစ္စည်းများ လုံခြုံစွာထိန်းသိမ်းရေး ဆောင်ရွက်ရန်လိုကြောင်း၊ မိမိတို့ဝန်ကြီးဌာနသည် နိုင်ငံရေးအခင်းအကျင်းနှင့် ဖြစ်ပေါ်နေသည့် အခြေ အနေများတွင် နိုင်ငံတော်ဘက်မှ ရပ်တည်၍ ပါဝင် ဆောင်ရွက်ရသော အရေးကြီးသည့်ဌာနတစ်ခု ဖြစ်သည်ဟု ခံယူဆောင်ရွက်ကြစေလိုကြောင်း၊ ပြန်ကြားရေးဝန်ကြီးဌာန၏ လုပ်ငန်းများကို တာဝန် ယူမှု၊ တာဝန်ခံမှုအပြည့်ဖြင့် အစဉ်အလာကောင်းများ ဖန်တီးပေးအပ်ချင်ကြောင်း၊ ထို့ကြောင့် လုပ်နည်း လုပ်ဟန်အဟောင်းများ၊ ခေါက်ရိုးကျိုးနေသည့် လုပ်ငန်းပုံစံများအစား ပိုမိုသစ်လွင်ကောင်းမွန်သည့် လုပ်နည်းလုပ်ဟန်များဖြင့် တီထွင်ကြံဆလုပ်ဆောင် ကြရမည်ဖြစ်ကြောင်း၊ မိမိတို့ဝန်ကြီးဌာနသည် အလွှာအသီးသီး၊ နယ်ပယ်အသီးသီးနှင့် ထိတွေ့ ဆက်ဆံဆောင်ရွက်ရသည့်အတွက် ၎င်းတို့အား စိတ်ကျေနပ်မှုရစေမည့် ဝန်ဆောင်မှုများပေးရန်နှင့် ပြည်သူလူထု၏ အသိအမှတ်ပြုမှုရရှိအောင် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ စက်ရုံတွင် မီးဘေးအန္တရာယ် ကင်းရှင်းရေးဆောင်ရွက်ရန်နှင့် လျှပ်စစ်မီးလိုင်း၊ မီးကြိုးများ ပေါက်ပြဲမှုမရှိစေရေးနှင့် မီးဘေးအန္တရာယ်မရှိစေရေး အမြဲမပြတ်စစ်ဆေး ဆောင်ရွက်ရန်လိုအပ်ကြောင်း မှာကြားသည်။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ဖိုတိုလစ်သိုပုံနှိပ်စက်ရုံရှိ CTP ခန်းတွင် ကြည့်ရှုစစ်ဆေးစဉ်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေး ဦးစီးဌာန ဗဟိုပုံနှိပ်စက်ရုံ အစည်းအဝေးခန်းမ၌ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့အား တွေ့ဆုံသည်။

### တက်ရောက်

တွေ့ဆုံပွဲသို့ ရန်ကုန်တိုင်းဒေသကြီးဥပဒေချုပ် ဦးဌေးအောင်၊ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ ဥက္ကဋ္ဌ ဒေါက်တာမျိုးသန့်တင်၊ ဒုတိယဥက္ကဋ္ဌ (၁) ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး)၊ ဒုတိယဥက္ကဋ္ဌ (၂) ဦးတင်မောင်ဦး၊ အတွင်းရေးမှူး ဦးမျိုးထွန်း (မောင်စိမ်းနောင် - လယ်ဝေး)၊ တွဲဖက်အတွင်းရေးမှူး (၁) ဦးရဲနိုင်စိုးနှင့် ကောင်စီဝင်များဖြစ်ကြသည့် ဦးခင်မောင်အေး (KMA)၊ ဒေါက်တာအေးမင်း၊ ဦးမောင်မောင်မြင့်အေး၊ ဦးစိုးမင်း၊ ဦးတင်မောင်ထွေး၊ ဒေါ်မြင့်မြင့်သိန်း၊ ဒေါ်ချိုအိဇင် (ခေါ်) နွေဦးလင်း၊ ဦးနေလင်း (မောင်ချိုဝေ) တို့ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ဆွေးနွေး ပြောကြားရာတွင် နိုင်ငံတော်ဝန်ကြီးချုပ်က စာပေ၊ ရုပ်ရှင်၊ သဘင်၊ ဂီတပညာရှင်များသည် နိုင်ငံ တည်ဆောက်ရေးအတွက် အရေးပါသောကဏ္ဍမှ ပါဝင်နေသည့်အတွက် ၎င်းတို့နှင့် ပေါင်းစပ်၍ တိုင်းပြည်၏ အနာဂတ်ကောင်းအောင် လုပ်ဆောင် သင့်သည်များကို လုပ်ဆောင်ပါဟု လမ်းညွှန်ထားပါ ကြောင်း၊ ယနေ့အခြေအနေတွင် မသမာသူများ၊ ကျင့်ဝတ်မဲ့မီဒီယာများကြောင့် လူငယ်အချို့၏ဘဝ များ ထိခိုက်ဆုံးရှုံးမှုများရှိနေပါကြောင်း၊ ထို့ကြောင့် ပြည်သူများအား အသိမှန်၊ အမြင်မှန်၊ အလုပ်မှန်စေရန် သတင်းမီဒီယာသမားများက မှန်ကန်သည့် မီဒီယာ နည်းလမ်းများဖြင့် ကူညီဆောင်ရွက်ပေးကြရန် လိုအပ်ပါကြောင်း၊ သို့မှသာ အနာဂတ်မျိုးဆက်များ သည် မှန်ကန်သည့်လမ်းကြောင်းပေါ်သို့ ရောက်ရှိ မည်ဖြစ်ပါကြောင်း။

အိမ်စောင့်အစိုးရသည် နိုင်ငံတော်ကို ရှေ့လုပ်ငန်းစဉ် (၅)ရပ်နှင့် ဦးတည်ချက် (၉)ရပ် ချမှတ်၍ နိုင်ငံနှင့် နိုင်ငံသားတို့အကျိုးအတွက် ဆောင်ရွက်နေချိန်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံသတင်း မီဒီယာကောင်စီဝင်များသည် အသက်အရွယ်အရ လည်းကောင်း၊ အသိအမြင် အတွေ့အကြုံအရ လည်းကောင်း ရင့်ကျက်သူများဖြစ်သည့်အတွက် နိုင်ငံတော်အစိုးရ၏ လုပ်ငန်းစဉ်များတွင် ဝိုင်းဝန်း ကူညီဆောင်ရွက်ပေးကြစေလိုပါကြောင်းနှင့် မိမိတို့ ၏ မြန်မာ့လူ့အသိုင်းအဝိုင်းကို အေးချမ်းတည်ငြိမ်ပြီး သာယာပျော်ရွှင်ဖွယ်ကောင်းသည့် လူ့အသိုင်းအဝိုင်း ကြီးတစ်ခု ဖြစ်ထွန်းလာစေရေးအတွက် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဝင်များက ကူညီဖော်ဆောင် ပေးကြစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ် ဦးဌေးအောင်နှင့် တက်ရောက်လာကြသည့် မြန်မာ နိုင်ငံသတင်းမီဒီယာကောင်စီဝင်များက မီဒီယာ ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကိစ္စများ၊ သတင်းမီဒီယာ သမားများအတွက် ကူညီထောက်ပံ့ရေးကိစ္စများ၊ သင်တန်းဖွင့်လှစ်ရေးကိစ္စများ၊ မီဒီယာလုပ်ငန်းများ တိုးတက်ဖွံ့ဖြိုးရေးကိစ္စများ၊ ပြန်ကြားရေးဝန်ကြီးဌာန က ထုတ်လွှင့်လျက်ရှိသည့် မီဒီယာလုပ်ငန်းများအပေါ် အကြံပြုချက်များ ဆွေးနွေးဆောင်ရွက်ခဲ့ကြသည်။

**သတင်းစဉ်**

# ကိုဗစ် -၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် စပ်လျဉ်းသည့် ကြိုတင်ကာကွယ်ရေးဆိုင်ရာ ကန့်သတ်ချက်များအား ၂၀၂၁ ခုနှစ်၊ စက်တင်ဘာ ၃၀ ရက်နေ့အထိ တိုးမြှင့်သတ်မှတ်ကြောင်း ကြေညာချက်

၁။ ကိုဗစ်-၁၉ ကပ်ရောဂါ ကူးစက်ပြန့်ပွားမှုကို ကာကွယ်ထိန်းချုပ်သည့် အစီအမံများအား ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန် ရှေးရှုလျက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် ကမ္ဘာ့နိုင်ငံအသီးသီးမှ မြန်မာနိုင်ငံသို့ လာရောက်ကြမည့် ခရီးသွားများအပေါ် ပြည်ဝင်ခွင့်ယာယီကန့်သတ်ချက်များအား ထုတ်ပြန်ထားခဲ့ပြီး အဆိုပါကန့်သတ်ချက်များအားလုံးကို ၃၁-၈-၂၀၂၁ ရက်နေ့အထိ ဆက်လက်တိုးမြှင့်သတ်မှတ်ကြောင်း ၃၀-၇-၂၀၂၁ ရက်စွဲပါကြေညာချက်ဖြင့် ထုတ်ပြန်ထားခဲ့ပြီးဖြစ်ပါသည်-

(က) မြန်မာနိုင်ငံသို့ လာရောက်ကြသည့် ခရီးသွားများအပေါ် ကြိုတင်ကာကွယ်ရေး ကန့်သတ်ချက်များနှင့်စပ်လျဉ်း၍ ၁၅-၃-၂၀၂၀ ရက်စွဲပါကြေညာချက်၊

(ခ) မြန်မာနိုင်ငံသို့ လာရောက်ကြသည့် ခရီးသွားများအပေါ် ကြိုတင်ကာကွယ်ရေး ထပ်တိုးကန့်သတ်ချက်များနှင့် ဆိုက်ရောက်ဗီဇာနှင့် အီလက်ထရောနစ်ဗီဇာ ထုတ်ပေးခြင်းများအား ယာယီရပ်ဆိုင်းမှုတို့နှင့်စပ်လျဉ်း၍ ၂၀-၃-၂၀၂၀ ရက်စွဲပါ ကြေညာချက်၊

(ဂ) ကမ္ဘာ့နိုင်ငံအသီးသီးမှ မြန်မာနိုင်ငံသို့ လာရောက်ကြသည့် ခရီးသွားများအပေါ် ကြိုတင်ကာကွယ်ရေး ထပ်တိုးကန့်သတ်ချက်များနှင့်စပ်လျဉ်း၍ ၂၄-၃-၂၀၂၀ ရက်စွဲပါ ကြေညာချက်၊

(ဃ) ကမ္ဘာ့နိုင်ငံအသီးသီးမှ မြန်မာနိုင်ငံသို့ လာရောက်ကြမည့် နိုင်ငံခြားသားများအား ဗီဇာကင်းလွတ်ခွင့်နှင့် လူမှုရေးဗီဇာ အပါအဝင် မည်သည့်ပြည်ဝင်ဗီဇာ အမျိုးအစားကိုမဆို ယာယီရပ်ဆိုင်းမှုနှင့် စပ်လျဉ်း၍ ၂၈-၃-၂၀၂၀ ရက်စွဲပါကြေညာချက်။

၂။ ကိုဗစ်-၁၉ ကူးစက်ရောဂါ ပြည်ပမှဝင်ရောက်လာနိုင်မှုနှင့် ကူးစက်ပြန့်ပွားမှုအန္တရာယ်မှ မြန်မာပြည်သူများအား ကာကွယ်စောင့်ရှောက်ပေးနိုင်ရေးအတွက် ထိရောက်သည့်အစီအမံများကို ဆက်လက်ချမှတ်ဆောင်ရွက်သွားနိုင်ရန် ရှေးရှုလျက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အိမ်စောင့်အစိုးရအနေဖြင့် အထက်ဖော်ပြပါ ပြည်ဝင်ခွင့် ယာယီကန့်သတ်မှုဆိုင်ရာ အစီအမံများအားလုံးကို ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့အထိ ထပ်မံတိုးမြှင့်သတ်မှတ်လိုက်ပါသည်။

၃။ သို့ရာတွင် အရေးပေါ်အစိုးရတာဝန်ဖြင့်ဖြစ်စေ၊ မလွှဲမရှောင်သာသော ကိစ္စရပ်များကြောင့်ဖြစ်စေ၊ ပြည်ပနိုင်ငံသားများ (သံတမန်များနှင့် ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ ဝန်ထမ်းများအပါအဝင်)အနေဖြင့် မြန်မာနိုင်ငံသို့ ပျံသန်းပြေးဆွဲရန်ရှိမည့် ကယ်ဆယ်ရေးလေယာဉ်(သို့မဟုတ်) အထူးလေယာဉ်များဖြင့် လာရောက်ရန်ရှိပါက ပြည်ဝင်ခွင့်ဗီဇာဆိုင်ရာ ကန့်သတ်မှုများမှ ကင်းလွတ်ခွင့်ရရှိနိုင်ရန်အတွက် ပြည်ပနိုင်ငံများရှိ အနီးဆုံး မြန်မာသံရုံး/ အဖွဲ့ရုံး/ကောင်စစ်ဝန်ချုပ်ရုံးများသို့ ဆက်သွယ်အကူအညီ တောင်းခံရန် ဖြစ်ပါသည်။ သို့သော် မြန်မာနိုင်ငံသို့ လာရောက်မည့် ခရီးသွားများအားလုံးအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ကိုဗစ်ကပ်ရောဂါကာကွယ် ထိန်းချုပ်ရေးဆိုင်ရာ တည်ဆဲညွှန်ကြားချက်များကို မပျက်မကွက် လိုက်နာကြရမည် ဖြစ်ပါသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်**
၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရန်အတွက် စေတနာရှင် အလှူရှင်များက ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများနှင့် အလှူငွေများ ပေးအပ်လှူဒါန်း

**နေပြည်တော် ဩဂုတ် ၃၁**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့ဆေးရုံများ၊ တပ်မတော်ဆေးရုံများ၊ ကျန်းမာရေးဌာနများ၊ ကိုဗစ်-၁၉ ရောဂါကုသရေးစင်တာများနှင့် လူမှုကူညီရေးအသင်းအဖွဲ့များသို့ စေတနာရှင် အလှူရှင်များကရောဂါကာကွယ်ရေးအထောက်အကူပြုပစ္စည်းများနှင့် အလှူငွေများ ပေးအပ်လှူဒါန်းလျက်ရှိသည်။



**ပေးအပ်လှူဒါန်း**

ထိုသို့လှူဒါန်းပေးလျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် ဦးတင်မြင့်နှင့် ဇနီး ဒေါ်တင်ငွေ မိသားစုက အောက်ဆီဂျင်အိုးအလုံး ၅၀၊ Oxygen Flow Meter ၂၅ ခုနှင့် နှာခေါင်းစည်း ၃၀၀၀၀ တို့ကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် မြန်မာ့အားမာန်စီးပွားရေးလုပ်ငန်းရှင်များအသင်း၏ နာယက ဦးတင်မောင်နှင့် ဇနီး ဒေါ်စီစီမိုး (Xie Family Co.,Ltd.) က ငွေကျပ် သိန်း ၁၂၀၀ တန်ဖိုးရှိ Oxygen Generation System တစ်လုံး၊ ဗုဒ္ဓဘာသာကလျာဏယုဝအသင်းချုပ် (YMBA) ဗဟိုဥက္ကဋ္ဌ ဦးရဲထွန်းနှင့် ဇနီး ဒေါ်မို့မို့အေးကျော် မိသားစုက လူနာတင်ယာဉ် တစ်စီး၊ မြန်မာနိုင်ငံတရုတ်ကုန်သည်များအသင်းချုပ်က ငွေကျပ်သိန်း ၄၆၀ တန်ဖိုးရှိ Medical Oxygen Concentrator အလုံး၂၀ နှင့် Medical Ventilator ငါးလုံး၊ Esperado Lake View Hotel မှ အုပ်ချုပ်မှု ဒါရိုက်တာ ဦးကောင်းမြတ်ဇော်က ငွေကျပ်သိန်း ၃၀၀၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)က ငွေကျပ်သိန်း ၂၅၀ တန်ဖိုးရှိ အောက်ဆီဂျင်(အရည်) ၂၅ တန်၊ ဦးသက်မျိုးနှင့် ဇနီး ဒေါ်မိုးသီတာဇော် (မိုးရတနာထွန်း ဆောက်လုပ်ရေးကုမ္ပဏီမိသားစု)နှင့် ဒေါက်တာစည်သူဝင်း (Future Bright Co.,Ltd.) က ငွေကျပ် ၂၁၅ သိန်း တန်ဖိုးရှိ Liquid Oxygen Tank 499 L (1) unit နှင့် Air Hearted Vaparizer (1) unit ၊ လှိုင်မြို့နယ် ကိုဗစ်-၁၉ ရောဂါ ကုသရေးစင်တာတွင် ကုသရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် မြန်မာ့အားမာန်စီးပွားရေးလုပ်ငန်းရှင်များအသင်းက အလှူငွေကျပ်သိန်း ၁၀၀ ၊ Royal Home Pro Co.,Ltd. မှ မန်နေဂျင်းဒါရိုက်တာ ဦးအောင်ဘိုဦးက ငွေကျပ်သိန်း ၁၀၀၊ Great Calio Construction Company Limited မှ ဥက္ကဋ္ဌ ဦးအောင်ထွေးက ငွေကျပ် သိန်း ၁၀၀၊ ဦးမောင်မောင်တင် မိသားစုက ငွေကျပ် သိန်း ၁၀၀၊ ကွယ်လွန်သူ ဦးရာမေ့စ်အား ရည်စူး၍ မိခင်ဒေါ်နီတာအား အမှူးထားကာ ကိုနီတော့ရ် (သူရိယဒီပ ကုမ္ပဏီ) က ငွေကျပ်၃၂၅၀၀၀ တန်ဖိုးရှိအဝတ်အခြောက်ခံစက်တစ်လုံး၊ တော်ဝင်ချမ်းသာ ကုမ္ပဏီမိသားစုမှ (MD) သုဓမ္မမဏိဇောတရေ ဦးဒွေးဦး (ရန်ကုန်တိုင်းဒေသကြီး YMBA အသင်း အလုပ်အမှုဆောင်)က ငွေကျပ် ၃၂၅၀၀၀ တန်ဖိုးရှိ အဝတ်လျှော်စက် တစ်လုံး၊ ဦးအောင်ဖြိုးလင်း (Ceberge Co.,Ltd.)က ငွေကျပ် ၂၅၀၀၀၀ တန်ဖိုးရှိ Flow Meterနှင့် ပိုက် ၁၀ စုံ၊ အနောက်ပိုင်းခရိုင် YMBA အသင်း ဥက္ကဋ္ဌ ဦးစန်းဝေက ငွေကျပ် ၂၅၀၀၀၀ တန်ဖိုးရှိ Flow Meter နှင့် ပိုက် ၁၀ စုံ၊ ရန်ကုန်တိုင်းဒေသကြီး YMBA အသင်းက ငွေကျပ် ၂၅၀၀၀၀ တန်ဖိုးရှိ Flow Meter နှင့် ပိုက် ၁၀ စုံတို့ကို လည်းကောင်း ပေးအပ်လှူဒါန်းကြရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက လက်ခံရယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ထို့ပြင် ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့ မြကန်သာရပ်ကွက်ရှိ အောက်ဆီဂျင်စက်ရုံ၊ ပန်းတနော်မြို့ရှိ အောင်သပြေကုမ္ပဏီမိသားစုက လှူဒါန်းသည့် အောက်ဆီဂျင်စက်ရုံနှင့် အိမ်မဲမြို့တို့ရှိ အောက်ဆီဂျင်စက်ရုံ လည်ပတ်နေမှုများနှင့် ငပုတောမြို့၌ အောက်ဆီဂျင်ထုတ်လုပ်မည့်စက်ရုံ တည်ဆောက်နေသည့် အခြေအနေများကို တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရွေ့လျားဈေးကားရောင်းချမှုနှင့် စိမ်းလန်းစိုပြည်သန့်ရှင်းသာယာလှပရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**ရန်ကုန် ဩဂုတ် ၃၁**

ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးဗိုလ်ဌေးသည် ဩဂုတ် ၂၉ ရက်တွင် ရန်ကင်းမြို့နယ် ကံဘဲ့စည်ပင်ဝန်ထမ်းအိမ်ရာဝင်း၌ ရွေ့လျားဈေးကား (Mobile Market) စနစ်ဖြင့် ဈေးရောင်းချနေမှု၊ ရေမြောင်းများ ဆယ်ယူရှင်းလင်းနေမှု၊ မရမ်းကုန်းမြို့နယ် အင်းလျားရေပိုလွှဲကန် Spill Way စိမ်းလန်းစိုပြည်ရေး၊ ကန်ပေါင်တစ်လျှောက် သန့်ရှင်းသာယာလှပရေးနှင့် ဗဟန်းမြို့နယ် ကန်တော်ကြီးသဘာဝဥယျာဉ်ပန်းခြံအတွင်း သန့်ရှင်းသာယာ စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ မြို့တော်ဝန်နှင့်အဖွဲ့သည် ရန်ကင်းမြို့နယ် နှင်းဆီလမ်း (၈) ရပ်ကွက်ရှိ ကံဘဲ့စည်ပင်ဝန်ထမ်းအိမ်ရာဝင်း၌ ကုန်စိမ်းများ၊ မီးဖိုချောင်သုံး ကုန်ခြောက်မျိုးစုံ၊ အသားမျိုးစုံနှင့် ငါး/ပုစွန် အမျိုးမျိုးတို့ကို ရွေ့လျားဈေးကား(Mobile Market) စနစ်ဖြင့် ရောင်းချနေမှုအား သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် မြို့တော်ဝန်သည် ရန်ကင်းမြို့နယ် ကံဘဲ့ဘူတာရုံ လမ်းတစ်လျှောက် လမ်းဘေးဝဲ/ယာတွင် ရေစီးရေလာကောင်းမွန်စေရန် ရေမြောင်းအတွင်း အမှိုက်များ၊ သဲမြေများနှင့် မြောင်းချေးများ ဆယ်ယူရှင်းလင်းနေမှု၊ မရမ်းကုန်းမြို့နယ် (၁၀)ရပ်ကွက် အင်းလျားရိပ်သာလမ်းရှိ အင်းလျားရေပိုလွှဲ Spill Wayနှင့် ရေထုတ်မြောင်း ရေထိန်းတံခါးများ ကြံ့ခိုင်မှုအခြေအနေနှင့် ရေထုတ်မြောင်း ရေစီးရေလာကောင်းမွန်စေရေး ဆောင်ရွက်ထားမှုများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ မြို့တော်ဝန်သည် ဗဟန်းမြို့နယ် ကန်တော်ကြီးသဘာဝဥယျာဉ်ပန်းခြံသို့သွားရောက်၍ အင်းလျားကန်မှ ရေသွင်း၍ ကန်တော်ကြီးရေပြင် သန့်ရှင်းစိမ်းလန်းကြည်လင်စေရန် ရေလဲလှယ်ဆောင်ရွက်ထားမှု၊ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ကန်ရေမြင့်တက်လာမှုနှင့် ရေထိန်းတံခါးများ ကြံ့ခိုင်မှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ လမ်းညွှန်မှာကြား ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

**သတင်းစဉ်**

# မြို့ရွာတွေကို သိမ်းတော့မည်ဟုဆိုသောအခါ ....
# (သမိုင်းကိုခြေရာကောက်ကြည့်ခြင်း)

စာချစ်သူ

"ဘယ်နေ့မှာတော့ D-Day (ယ-ရက်) စတော့မည်၊ ဘယ်နေ့မှာတော့ တိုင်းရင်းသားလက်နက်ကိုင် အချို့နှင့် ပူးပေါင်းပြီး မြို့ရွာတွေကို သိမ်းတော့မည်" ဟူသော ပြည်ပြေးအကြမ်းဖက်သမားတို့၏ လေလှိုင်းပေါ်က အောက်ကလိအာအသံများ ထွက်ပေါ်လာလေတိုင်း ရိုးသားသောသူများသည် ကြောက်ကြသည်၊ လန့်ကြသည်။

အချို့က ဆန်တွေဝယ်၊ ဆီတွေဝယ်၊ စားစရာတွေ ကြိတ်ကြိတ်တိုး ဝယ်ယူစုဆောင်းသိုမှီးကြသည်။ အလုပ်ကိစ္စအရောင်းအဝယ် ငွေလွှဲငွေချေကြမည့်သူများကလည်း ဖြစ်ပါ့မလားဟု စိုးရိမ်သောကပွားကြလေသည်။ ကျွန်တော့်ဆွေမျိုးဉာတကာအပေါင်းကလည်း သို့လော သို့လော ထိတ်လန့်တကြား ဆွေးနွေးမေးမြန်းကြပါသည်။ ထိုသောအခါ ကျွန်တော်ကြားဖူးသလို ပြောဆိုပါမည်။

**တပ်မတော်၏အင်အား**

၁၉၄၈၊ ၁၉၄၉ ခုနှစ်ကာလများတွင် တပ်မတော်၏အင်အားသည် တပ်ရင်း ၁၀ ရင်းသာ ရှိခဲ့သည်။ တပ်ရင်း ၁၀ ရင်းဆိုသည်ပင် အပြည့်ရှိခဲ့သည်မဟုတ်။ စစ်လက်နက်အင်အား၊ လက်နက်ကိစ္စကလည်း ထိုစဉ်က မဟာပြဿနာဟုဆိုရမည်။ ထိုခေတ် သေနတ်ကိုင်တပ်ခွဲတစ်ခွဲတွင် ဖွဲ့စည်းပုံအရ ဘရင်းစက်သေနတ် ကိုးလက်ရှိရမည့်အစား အများဆုံးပေးနိုင်ပါမှ ခြောက်လက်၊ ကျည်ဆန်ကလည်း ရှားပါးလှသည့်ဖြစ်ခြင်း။ နှစ်လက်မ စိန်ပြောင်းအတွက် ဖုံးတို့မှာ အရုပ်ရေးကြည့်ရမလောက်ပင်။ အချက်ပြဆက်သွယ်ရေးစက်တို့မှာ တပ်ရင်းတစ်ရင်းလုံးမှ သုံးလေးလုံး၊ ရိုင်ဖယ်သေနတ်တို့ကတော့ အင်မတန်ဟောင်းနွမ်းလှပြီဖြစ်ကြသည်။ အမှတ်သုံးနှင့် အမှတ်လေး အင်္ဂလိပ်ရိုင်ဖယ်တို့ ဖြစ်ကြသည်။ ဤသည်ပင် မလုံလောက်သဖြင့် ဂရင်းနားဂန်းဟုခေါ်သော တစ်လုံးထိုးသေနတ်တို့ဖြင့် ဖြည့်စွက်ထားကြရသည်။

ထိုသို့စစ်လက်နက်တို့တွင်သာ ချို့တဲ့ခဲ့ကြသည်မဟုတ်။ အဝတ်အစားတန်ဆာပလာတို့မှာလည်း ဆင်းရဲခဲ့ကြပါသည်။ ရေဘူး၊ ခါးပတ်၊ လုံ့စွပ်၊ သံခမောက်စသည်တို့က ရှားပါးပစ္စည်းများဖြစ်ကြသည်။ ကိုယ့်နည်းကိုယ်ဟန်ဖြင့် ရန်ကုန်မြို့ တရုတ်တန်းမှ ဝယ်ယူစွဲကိုင်ကြရသည်။ ထိုမျှအဘက်ဘက်က မပြည့်မစုံဖြစ်ခဲ့ရသည်။ ပြင်ပမှ ဝယ်ယူဖြည့်တင်းဖို့ကလည်း အဆင်မပြေလှ။ မည်သည့်နိုင်ငံကြီးများထံမှ ဝယ်ယူ၍မရ။ လွတ်လပ်စနိုင်ငံငယ်လေး အသက်ရှင်ရပ်တည်ရေးကား ခက်ခဲလှပါဘိသည်။

"၁၉၄၈ ခုနှစ်၊ ၁၉၄၉ ခုနှစ်ပိုင်းမှာဆိုလို့ရှိရင် ဒို့မှာစဖွဲ့ကတည်းကိုက တပ်ရင်းဆယ်ရင်းနဲ့၊ အဲဒီအတွက်သာ ဒို့မှာလက်နက်ရှိတယ်။ နည်းနည်းပါးပါးပဲရှိတယ်၊ ရေတပ်၊ လေတပ်ဆိုတာဟာ လေယာဉ်ပျံက တိုက်ဂါးမောက်နဲ့ ချစ်မန့်ခ်တို့ ဒီလောက်ပဲရှိတယ်။ ရေတပ်မှာလည်းပဲ "မေယု" တစ်စင်းတော့ရှိတယ်ပေါ့လေ၊ ကြီးကြီးထဲက။ ကျန်တာတွေကတော့ အမ်အယ်လ် ရှစ်စင်းလား၊ ဆယ်စင်းလား ဒါပဲရှိတယ်။ ရေတပ်တို့ လေတပ်တို့ဆိုတာကတော့ ဒို့မှာတိုးဖို့ ငွေလည်းမရှိ၊ ရှိတာနဲ့ပဲ တိုက်ကြတယ်"ဟု ဗိုလ်ချုပ်ကြီး နေဝင်းက ၁၉၆၈ ခုနှစ် စက်တင်ဘာလတွင် ကျင်းပခဲ့သော တပ်မတော် တပ်မှူးများညီလာခံတွင် ထိုသို့ သတိတရပြောဆိုခဲ့ဖူးလေသည်။

**ရောင်စုံသူပုန်**

နိုင်ငံတော်ကို လက်နက်စွဲကိုင်ပုန်ကန်ခြားနားကြပါသော သူပုန်တို့၏ အင်အားမှာမူ အမျိုးအမည်ပင် တပ်၍ ခွဲခြားလို့မကုန်နိုင်အောင်ရှိခဲ့သည်။ သို့နှင့် ထိုသူပုန်သူကန် အဖွဲ့အစည်းပေါင်းစုံကို ရောင်စုံသူပုန်ဟူ၍ပင် ထိုခေတ်က သိမ်းကျုံးခေါ်ဝေါ်တင်စားခဲ့ကြရလေသည်။ လက်နက်အင်အားအရလည်း ကြိုတင်ဝှက်ထားခဲ့သည့် စစ်လက်ကျန် လက်နက်ခဲယမ်းများ၊ တောခိုမည့် ကရင်တပ်ရင်းများကို ကြိုတင်တပ်ဆင်ပေးထားသည့် စစ်လက်နက်များဖြင့် ဖောခြင်းသောခြင်း။

> **ခေတ်အဆက်ဆက်မှ မျက်မှောက်ကာလအထိ တပ်မတော်ခေါင်းဆောင်ကြီးများ၏ အမြော်အမြင်ကြီးမားမှုတို့ဖြင့် ပြုစုပျိုးထောင်ခဲ့မှုကြောင့် တပ်မတော်သည် ပစ္စက္ခမျက်မှောက်ကာလတွင် စွမ်းရည်ပြည့်ဝသော ခေတ်မီတပ်မတော်တစ်ရပ်အဖြစ် နိုင်ငံတကာနှင့် ရင်ပေါင်တန်းရပ်တည်နိုင်ခဲ့လေပြီ။ သမိုင်းအစဉ်အလာကြီးမားသော ထိုမြန်မာ့တပ်မတော်ကို ပြည်ပြေးအကြမ်းဖက်သမားတို့က တိုင်းရင်းသားလက်နက်ကိုင်အချို့နှင့်ပူးပေါင်း၍ တိုက်ခိုက်ချေမှုန်းပြီး မြို့ရွာတွေကို သိမ်းတော့မည်ဟု ဆိုသောအခါ . . .**

ဘဲအုပ်က တစ်ရာ နှစ်ရာ၊ မဖေဒါက တစ်ပင်တည်း။ ၁၉၄၉ ခုနှစ် ဖေဖော်ဝါရီ ၂ ရက်နေ့တွင် အင်းစိန်ကို ကေအင်န်ဒီအိုသောင်းကျန်းသူများက သိမ်းပိုက်လိုက်သောအခါတွင်မူ ရောင်စုံသူပုန်နှင့် ရန်ကုန်အစိုးရတို့၏ အင်အားချိန်ခွင်လျှာက တစ်ဖက်စောင်းနင်းဖြစ်လုနီးနီးဟု ဆိုရတော့မည်။

သို့ရာတွင် တိုင်းပြည်၏ အရေးအခင်းတိုင်းတွင် ပြည်သူလူထု၏ရှေ့မှ အစဉ်အမြဲမားမားမတ်မတ် ရပ်တည်ခဲ့သည့်အစဉ်အလာရှိသော တပ်မတော်သည် ထိုရန်သူတို့ကို လှေခွက်ချည်းကျန်လည်း အလံကို တော့မလှဲ၊ ရင်မြေကတုတ် တွန်းလှန်ခုခံခဲ့ပါသည်။

အင်းစိန်စစ်မျက်နှာတွင် ချင်းတပ်ရင်း-၁၊ ကချင်တပ်ရင်း၊ ဗမာ့သေနတ်ကိုင် တပ်ရင်း -၃၊ တပ်ရင်း-၅၊ ဘီတီအက်ဖ်တပ်၊ တက္ကသိုလ်မှ ကျောင်းသားများ တပ်ဖွဲ့ စသည့်တပ်ရင်းတပ်ဖွဲ့များက လူကုန်ရရာ လက်နက်စွဲကိုင်၍ တိုက်ခိုက်ကြသည်။ ပြည်သူလူထုကလည်း တစ်ခဲနက်ကူညီသည်။ နေ့စဉ် ထမင်းထုပ်ပို့သည်။

အင်းစိန်တိုက်ပွဲတွင် ဒီဘက် ဟိုဘက် အကျအဆုံးများသည်။ အကြိတ်အနယ်ပွဲဖြစ်သည်။ စောဘင်ဆင်ခြံ၊ တောင်ကုန်းအမှတ် ၁၁၂၊ ဦးစက္ကိန်ကျောင်း စသောအချက်အချာနေရာများကို ဗမာ့တပ်မတော်က သဲသဲမဲမဲတိုက်ယူရသည်။

အင်းစိန်တိုက်ပွဲ၊ ဦးစက္ကိန်ကျောင်းတိုက်ပွဲတွင် ဆေးကျောင်းသားများသည် တပ်မတော်၊ စစ်ရဲ တပ်ရင်းတို့နှင့်လက်တွဲ၍ တိုက်ပွဲဝင်နေစဉ် ရှေ့တန်းစစ်ဆင်ရေးကို လာရောက်စစ်ဆေးသည့် ဗိုလ်ချုပ်ကြီးနေဝင်းက တွေ့သွားပြီး "ဒီကောင်တွေ ဆရာဝန်ဖြစ်မယ့်ကောင်တွေ၊ သေနတ်ကိုင်တိုက်နေလို့ သေသွားရင် တိုင်းပြည်နစ်နာမယ်။ အကျိုးရှိအောင် သူတို့ပညာကိုအသုံးချပါလား" ဟုဆိုကာ ဆေးတပ်ဖွဲ့သို့ပို့၍ အရေးပေါ်ပြန်တမ်းဝင်အရာရှိ (ဆရာဝန်)များအဖြစ် ခန့်အပ်ခဲ့သည်။ အဆိုပါ ဆေးကျောင်းသားအများစုသည် နောင်သောအခါဝယ် တပ်မတော်၌ ဆရာဝန်ကြီးများ၊ ထိပ်တန်းခွဲစိတ်ပါရဂူကြီးများ၊ ဗိုလ်မှူး၊ ဗိုလ်မှူးကြီးများဖြစ်လာကြလေသည်။

**လည်ဆွဲအဖြစ် ဂုဏ်ယူစွာချိတ်ဆွဲ**

ထို့အတူ ထိုစဉ်က နိုင်ငံတော်အပေါ် သစ္စာဖောက်ဖျက်သွားသော တိုင်းရင်းသား အရာရှိ၊ ရဲဘော်အချို့ ရှိပင်ရှိငြားသော်လည်း နိုင်ငံတော်၏ ကျေးဇူးသစ္စာကို စောင့်သိရိုသေမြဲ ရှိသေခဲ့ကြသော ကရင်အရာရှိရဲဘော်များအပါအဝင် တိုင်းရင်းသားအရာရှိ၊ အရာခံ၊ အကြပ်၊ တပ်သားအများအပြားလည်း ရှိခဲ့လေသည်။ ချင်းသေနတ်ကိုင် တပ်ရင်း-၁ မှ တိုက်ပွဲအလီလီတွင် ရဲဘော်ပေါင်း ၃၀၀ ကျော်ကျသည်။ အရာရှိ လေး-ငါး ဦးကျသည်။ ယင်းတို့အနက်မှ သူရဲကောင်းဘွဲ့ရကြသည်။ မြောက်ပိုင်းချင်းတောင်ရှိ ကျေးရွာများတွင် တိုက်ပွဲ၌ကျဆုံးခဲ့သော အရာရှိများ၏မိခင်များသည် သူတို့သားများ အသက်ပေးဆွတ်ယူခဲ့သော ဘွဲ့တံဆိပ်များကို လည်ဆွဲအဖြစ် ဂုဏ်ယူစွာချိတ်ဆွဲလေ့ရှိကြသည်။

အင်းစိန်ကို ၁၉၄၉ ခုနှစ် မေလ ၂၂ ရက်နေ့တွင် ဗမာ့တပ်မတော်က ပြန်လည်သိမ်းပိုက်နိုင်သည်။ အင်းစိန်ပြီးလျှင် တောင်ငူသို့ ဗမာ့တပ်မတော်တက်သည်။ တောင်ငူ၊ ပြည်၊ သရက်၊ ရေနံမြေ၊ မန္တလေး၊ "မသုံးလုံးနယ်မြေ" ဟုခေါ်သော မန္တလေး၊ မြင်းခြံ၊ မိတ္ထီလာတစ်ဝိုက်၊ တောင်ကြီး၊ ကလော၊ တနင်္သာရီ၊ မြစ်ဝကျွန်းပေါ်နယ်မြေအစုံမှ ရောင်စုံသောင်းကျန်းသူတို့ကို နှိမ်နင်းရှင်းလင်းခဲ့ကြသည်။

စွန့်လွှတ်စွန့်စားသော၊ အပင်ပန်းအဆင်းရဲခံနိုင်သော မျိုးချစ်တပ်မတော်၊ ထိုတပ်မတော်သည် အသက်သွေးပေါင်းများစွာ ပေးလှူ၍ ထိုသို့တစ်မြို့ပြီး တစ်မြို့၊ ပြီးတော့ နောက်တစ်မြို့၊ ပြီးနောက်တစ်မြို့တို့ကို ပြန်လည်သိမ်းပိုက်နိုင်ခဲ့သော်လည်း အနားမရသေးပါ။ ပြည်တွင်းရန်ကို အပေါ်စီးရရုံမျှသာ ရှိသေးသည်။ ဘူးလေးရာဖရုံကဆင့်ခဲ့ရပြန်ပါပြီ။ ကေအမ်တီ တရုတ်ဖြူကျူးကျော်သူတို့နှင့် ဆက်လက်ရင်ဆိုင်ခဲ့ရပြန်ပါသည်။

အိမ်နီးချင်းနိုင်ငံဖြစ်သော တရုတ်ပြည်ကြီးတွင် ကွန်မြူနစ်တပ်များက ချန်ကေရှိတ် ခေါင်းဆောင်သော ကူမင်တန်အစိုးရအပေါ်တွင် အောင်ပွဲခံခဲ့ရာ ဖော်မိုဆာကျွန်းသို့ ထွက်ပြေးရာတွင် ခရီးကွာလှမ်းသဖြင့် မလိုက်ပါနိုင်သော စစ်ရှုံးတပ်အချို့တို့သည် နီးစပ်ရာနိုင်ငံတို့သို့ ကျူးကျော်ပြေးဝင်သွားကြသည်။

**ကျူးကျော်ဝင်ရောက်**

၁၉၅၀ ပြည့်နှစ်ခန့်မှစ၍ တရုတ်ပြည်မကြီးမှ ပြုဆင်းလာသော ဂျင်နရယ်လီမီ ခေါင်းဆောင်သည့် အမှတ်(၉၃)တပ်မသည် မြန်မာပြည်အရှေ့မြောက်ဘက်သို့ ကျူးကျော်ဝင်ရောက်လာသည်။ စပါး၊ ဆန်ရေပေါများသော ကျိုင်းတုံချိုင့်ဝှမ်းကို အမှီပြုရန် ဝိုင်းရံထားသော တောင်ရိုးများတွင် တပ်ချကြသည်။

သူတို့ဖော်မိုဆာကျွန်းသို့မပြန်လို၊ ရေကြည်ရာမြက်နုရာမှာခို၍ အမြတ်အစွန်းကောင်းသော ဘိန်းကုန်ကူးသည့်လုပ်ငန်းကို လုပ်မည်။ တရုတ်ပြည်မကြီးကို ပြန်လည်သိမ်းပိုက်ရန် အားယူနေသည်ဟု ကြွေးကြော်ဝါဒဖြန့်ကာ ကွန်မြူနစ်ဆန့်ကျင်ရေးကို နိုင်ငံခြားရေးမူဝါဒတစ်ရပ်အဖြစ် ချမှတ်ကျင့်သုံးနေသော အမေရိကန်နှင့်အပေါင်းပါနိုင်ငံများမှ အကူအညီယူသည်။ လီမီနှင့် သူ့တပ်များသည် ဝါဒဖြန့်ကောင်းသဖြင့် ကမ္ဘာကျော်သွားသည်။ အနောက်နိုင်ငံသတင်းစာကြီးများကလည်း သူတို့အကြောင်းကို ပုံကြီးချဲ့၍ရေးသားကြသည်။

သူတို့မရေးခင်ကတည်းက ဗမာ့တပ်မတော်သည် လက်နှေးခဲ့သည်မဟုတ်။ ကျိုင်းတုံဘက်တွင် ရှိရာတပ်များဖြင့် တရုတ်ဖြူတပ်မကိုတက်၍ တိုက်သည်။ အမှတ်(၉) တပ်မဟာကို ဗိုလ်မှူးကြီးကျော်စိုး ဦးဆောင်၍ နဂါးနိုင်စစ်ဆင်ရေးဖွင့်သည်။ တရုတ်ဖြူကို တိုက်ရာတွင် တပ်မတော်သည် ထုထည်နှင့် တိုက်ခိုက်ခဲ့သည်။ နဂါးနိုင်ပြီးလျှင် ဘုရင့်နောင်၊ ရန်ကြီးအောင်၊ မဲခေါင်စသော စစ်ဆင်ရေးတို့ကို ဆက်တိုက်ဆင်နွှဲခဲ့ကြသည်။ တပ်မဟာများကိုပေါင်း၍ တပ်မအဆင့်ဖြင့် ဆင်နွှဲရသော စစ်ပွဲကြီးဖြစ်သည်။ ကြည်း၊ ရေ၊ လေတပ်ဖွဲ့များ အတူပူးပေါင်း၍ တိုက်ကြရသောပွဲကြီးဖြစ်လေသည်။

လေယာဉ်ကွင်းကို ရေတပ်မတော်မှ ရဲဘော်များက လေယာဉ်ပစ်စက် အမြောက်အမြားဖြင့် စောင့်ရှောက်သည်။ ရေတပ်မတော်သည် တောင်ပေါ်သို့ ရောက်နေသည်။ နမ့်စန်လေယာဉ်ကွင်းတွင် အောက်စဖို့ဒ်(Oxford)၊ ဆီဖြူရီ(Sea fury) နှင့် ဒါကိုတာလေယာဉ် သုံး၊ လေးစင်းရှိသည်။ လေသူရဲများက ဗမာ့တပ်မတော်ရှေ့တန်းတပ်စခန်းများသို့ ရိက္ခာချပေးသည်။ ရန်သူ့စခန်းများကိုလည်း သွားရောက်ပစ်ခတ်ကြသည်။ ကိုယ့်နည်းကိုယ့်ဟန်ဖြင့် တီထွင်ထားသောဗုံး၊ အမြောက်လက်နက်များကိုသာ သုံးစွဲနိုင်လေသည်။

တရုတ်ဖြူတပ်စခန်းများမှာ အိမ်နီးချင်းတစ်ဖက်နိုင်ငံ နယ်နိမိတ်ကို နောက်ခံအခြေပြု၍ တည်ဆောက်ထားသည်။ လေယာဉ်ပေါ်က ကိုယ့်နည်းကိုယ်ဟန်ဖြင့် တီထွင်ထားသော ဗုံးအမြောက်လက်နက်များမှာ ထိထိရောက်ရောက် ပစ်ကူမပေးနိုင်ခဲ့၍ ရှော့ကက်ဒုံးများ လိုအပ်လာသည်။

စာမျက်နှာ ၇ သို့ ◆

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ အချိန်နှင့်တစ်ပြေးညီ တင်သွင်းခွင့်ပြုပေးလျက်ရှိ



နေပြည်တော် ဩဂုတ် ၃၁

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို အများပြည်သူ ရုံးပိတ်ရက်များတွင် လေကြောင်း၊ ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ယနေ့တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၊ ဆိပ်ကမ်းများနှင့် မူဆယ်၊ ချင်းရွှေဟော်၊ မြဝတီနှင့် ထီးခီးကုန်သွယ်ရေးစခန်း လေးခုတို့တွင် ကုမ္ပဏီ ဆယ်ခုမှ ယာဉ်စီးရေ ၁၇ စီးဖြင့် အောက်ဆီဂျင်(အရည်) Bowser ယာဉ် နှစ်စီးဖြင့် တန် ၄၀၊ အောက်ဆီဂျင်(အရည်)အိုးဖြင့် သုံးတန်၊ အောက်ဆီဂျင်(အိုးခွံ) ၂၃၂၂ ခု၊ အောက်ဆီဂျင်ထုတ်သည့်စက် ၁၁ ခု၊ Oxygen Generator တစ်ခု၊ အိမ်သုံးအောက်ဆီဂျင်စက် ၃၅၃ ခု၊ Test Kit ၁၀၀၊ လက်အိတ် ရှစ်တန်နှင့် နှာခေါင်းစည်း တန် ၁၀၀ တင်သွင်းခဲ့သည်။ အောက်ဆီဂျင်အရည်(Bowser) ယာဉ်နှစ်စီးမှာ ရန်ကုန်မြို့သို့ဖြစ်ပြီး Oxygen Plant ၁၁ ခုမှာ ရန်ကုန်မြို့သို့ ရှစ်ခု၊ မကွေး၊ မော်လမြိုင်နှင့် ဒေးဒရဲမြို့များသို့ တစ်ခုစီဖြစ်ကြောင်း သိရသည်။

ကိုဗစ်-၁၉ ကူးစက်ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ ပြတ်လပ်မှုမရှိစေရန် အများပြည်သူရုံးပိတ်ရက်များအဖြစ် သတ်မှတ်ကြေညာထားသည့် စက်တင်ဘာ ၁ ရက်မှ ၁၀ ရက်အထိ ရုံးပိတ်ရက်များတွင်လည်း နယ်စပ်ကုန်သွယ်ရေးစခန်းများအနေဖြင့် အလုပ်တာဝန်များ ရပ်ဆိုင်းထားမည် မဟုတ်ဘဲ ပုံမှန်အတိုင်း ပို့ကုန်သွင်းကုန်လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် ကိုဗစ် -၁၉ ကူးစက်ရောဂါကာကွယ်ကုသရေးပစ္စည်းများ တင်သွင်းမှုများကိုလည်း သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေး တင်သွင်းခွင့်ပြုပေးမည်ဖြစ်ပြီး အဆိုပါရက်များတွင် ကုန်သွယ်ရေးဦးစီးဌာန (ရုံးချုပ်) ပို့ကုန်သွင်းကုန် လုပ်ငန်းဌာနခွဲနှင့် ပို့ကုန်သွင်းကုန်ရုံး(ရန်ကုန်)တို့မှ အွန်လိုင်းစနစ်ဖြင့် ပို့ကုန်သွင်းကုန် လိုင်စင်လျှောက်ထားမှုများကိုလည်း ရုံးချိန်အတွင်း ပုံမှန်အတိုင်း ခွင့်ပြုဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဩဂုတ် ၃၁ ရက် နေ့စွဲဖြင့် အသိပေးကြေညာချက် ထုတ်ပြန်ထားသည်။

ကိုဗစ်-၁၉ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOPများနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့်ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာန Website ဖြစ်သည့် www. commerce. gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။ **သတင်းစဉ်**

## အသိပေး ကြေညာချက်

**ရက်စွဲ၊ ၂၀၂၁ ခုနှစ် ဩဂုတ်လ ၃၁ ရက်**

အများပြည်သူ အလုပ်ပိတ်ရက်များအဖြစ် တိုးမြှင့်သတ်မှတ်ကြေညာထားသော ၂၀၂၁ ခုနှစ် စက်တင်ဘာလ ၁ ရက်နေ့မှ ၁၀ ရက်နေ့အထိ နေ့ရက်များအတွင်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်သို့ တင်ပြသည့် ရင်းနှီးမြှုပ်နှံမှုကိစ္စရပ်များနှင့် ကုမ္ပဏီမှတ်ပုံတင်ခြင်းဆိုင်ရာ ကိစ္စရပ်များအတွက် အမှတ်(၁)၊ သစ္စာလမ်း၊ ရန်ကင်းမြို့နယ်ရှိ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန (ရုံးချုပ်)တွင် လည်းကောင်း၊ ရင်းနှီးမြှုပ်နှံမှုအတွက် ဌာနဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရမည့် ကိစ္စရပ်များအား အမှတ်(၄၉)၊ စိမ်းလဲ့မေလမ်းသွယ်၊ ကမ္ဘာအေးဘုရားလမ်း၊ ရန်ကင်းမြို့နယ်ရှိ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန (ရန်ကုန်တိုင်းရုံးခွဲ)၌ ဖွင့်လှစ်ထားသည့် One Stop Services–OSS ရုံးတွင်လည်းကောင်း ရုံးချိန်အတွင်း လက်ခံဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန**

◆ စာမျက်နှာ ၆ မှ

သို့နှင့် ထိုစဉ်က လေတပ်ဦးစီးချုပ် ဗိုလ်မှူးခင်နှင့် လေသူရဲအချို့သည် တစ်ရက်သောအခါတွင် ဆီဖြူရီလေယာဉ်၌ ရော့ကက်တပ်ဆင်၍ ပစ်ခတ်စမ်းသပ်ကြသည်။ ဆီဖြူရီလေယာဉ်သည် ရော့ကက်ဒုံးကန်အား၏အပူချိန်ကို မခံနိုင်၍ ပျက်ကျလေရာ လေတပ်ဦးစီးချုပ် ဗိုလ်မှူးခင် ကျဆုံးခဲ့ရရှာသည်။

တရုတ်ဖြူတို့ကို ကုလသမဂ္ဂတွင် ကျူးကျော်သူများဟုပင် မသုံးစွဲမခေါ်ဝေါ်ရန် ကန့်ကွက်ခဲ့ပြီး အစစအရာရာ ထောက်ပံ့ပေးနေသော အမေရိကန်နှင့် အပေါင်းပါတို့ထံမှလည်း လက်နက်ဟူ၍ အပ်တိုတစ်ချောင်းပင် ဝယ်၍မရခဲ့သော တပ်မတော်သည် အစ္စရေးတို့ထံမှ စစ်လက်ကျန် စပစ်ဖိုင်းယားတိုက်လေယာဉ်အချို့ကို လေလံဆွဲ ဝယ်ယူခွင့်ရ၍သာ ရော့ကက်ပြဿနာပြေလည်သွားခဲ့ရသည်။

### ရင်ဖွင့်တက်တိုက်ကြရ

သို့ရာတွင် ဆက်လက်ရင်ဆိုင်ရသည့် ပြဿနာအခက်အခဲက အမေရိကန်၏ ကျောထောက်နောက်ခံပြုမှုကို ရယူထားသော တစ်ဖက်အိမ်နီးချင်းနိုင်ငံသည် သူ့ပိုင်နက်နယ်မြေထဲသို့ ကျည်တစ်တောင့်ပင်အကျမခံဟု ရာဇသံပေးကြုံးဝါးထားလေသောအခါ မြန်မာ့တပ်မတော်လေသူရဲများသည် ရန်သူ့ပစ်အားများကြားမှ မျက်နှာချင်းဆိုင် ဝင်ရောက်၍ ရော့ကက်ပစ်လွှတ်ပြီးလျှင် တစ်ဖက်နိုင်ငံ နယ်နိမိတ်ထဲ မကျော်လွန်မိစေရန် လေယာဉ်ကိုအကာအကွယ်မဲ့ ရင်ဖွင့်၍ ကော့ပျံထွက်ကြရလေသည်။ ထိုအခါကျမှ မြေပြင်တပ်များသည် တရုတ်ဖြူတို့ တောင်ကုန်းများပေါ်တွင် အခိုင်အမာတပ်စွဲထားသော တပ်စခန်းများကို မျက်နှာချင်းဆိုင် ရင်ဖွင့်တက်တိုက်ကြရလေသည်။

၁၉၆၀ ပြည့်နှစ် ဒီဇင်ဘာလတွင် စတင်ခဲ့သည့် မဲခေါင်စစ်ဆင်ရေးကြီးတွင်မူ တရုတ်ဖြူတပ်များကို မကြာခဏခဲယမ်းရိက္ခာများ လာချပေးနေသော B-24 အမျိုးအစားမှ ဆင်းသက်လာသည့် စက်လေးလုံးတပ်(P-4 Y-2 Pravateer) ရန်သူ့လေယာဉ်ကြီးကို ဗိုလ်မောင်သိန်း ခေါင်းဆောင်သော ဆီဖြူရီတိုက်လေယာဉ်သုံးစင်းတို့က အသင့်စောင့်ဆိုင်းပြီး ပထမဆုံးလေကြောင်း တိုက်ပွဲဆင်နွှဲခဲ့သည်။

ရန်သူလေယာဉ်ကြီးတွင် ဒသမ ၅ ကျည်သုံး စက်သေနတ်ကြီး ၁၂ လက် တပ်ဆင်ထားသည်။ လေကြောင်းတိုက်ပွဲတွင် ရန်သူ့စက်လေးလုံးတပ်လေယာဉ်ကြီးသည် အမြီးပိုင်းပြုတ်ထွက်ပြီး မီးဟုန်းဟုန်းတောက်ကာ ထိုင်းနိုင်ငံအတွင်းသို့ စိုက်ကျသွားခဲ့သလို တပ်မတော်လေမှ ဗိုလ်ပီတာ၏ လေယာဉ်သည်လည်း ရန်သူ့ကျည်ထိမှန်ကာ မိမိနယ်နိမိတ်နှင့် ရှစ်မိုင်ခန့်ဝေးသော ထိုင်းနိုင်ငံအတွင်းသို့ မီးလောင်ပျက်ကျသွားခဲ့သည်။ ဗိုလ်ပီတာလည်း ကျဆုံးသွားခဲ့ရှာသည်။ ဗိုလ်ချစ်ခိုင်၏ လေယာဉ်နောက်မြီးအောက်ပိုင်းတစ်ခုလုံးလည်း ကြေမွပျက်စီးသွားသည့်အပြင် ဘီးလည်းပြုတ်ထွက်ခဲ့သည်။ ဗိုလ်ချစ်ခိုင်၏လေယာဉ်ကို ဗိုလ်မောင်သိန်းက ခေါ်ဆောင်လာပြီး ကျိုင်းတုံကွင်းတွင် ဘီးမချဘဲ ဝမ်းဗိုက်ဖြင့် ဆင်းသက်ခဲ့ရလေသည်။

အိမ်နီးချင်းတစ်ဖက်နိုင်ငံမှ ဒေသခံပြည်သူများအဖို့ကတော့ ဗမာ့တပ်မတော်နှင့် တရုတ်ဖြူတပ်တို့၏ မြေပြင်ရင်ဆိုင်တိုက်ပွဲများကလည်း သူတို့အဖို့ ပွဲကြီးပွဲကောင်းတစ်ခုလိုဖြစ်နေသည်။ မြန်မာနယ်နိမိတ်အတွင်းက တိုက်ပွဲများကို သူတို့နိုင်ငံနယ်နိမိတ်ထဲရှိ ပို၍မြင့်သောတောင်ကုန်းပေါ်မှ နေ့စဉ်လာရောက်ကြည့်ရှုကြသည်။ တောင်ပေါ်တက်သည့် ဘတ်စ်ကားခများပင် ဈေးတက်သွားလေသည်။ နောင်အခါ မြန်မာ့တပ်မတော်ကိုယ်စားလှယ်များကို ပြည်ပခရီးစဉ်တစ်ခုတွင် တစ်ဖက်နိုင်ငံမှ စစ်ဘက်ကိုယ်စားလှယ်များက မြန်မာ့တပ်မတော်၏ မျိုးချစ်စိတ်နှင့် စွန့်လွှတ်စွန့်စားရဲသောသတ္တိကို တခုတ်တရချီးကျူးစကားဆိုကြလေသည်။

မြန်မာပြည်သူလူထုများအဖို့မူ အမျိုးသားရေးကိစ္စလည်းဖြစ်၊ လွတ်လပ်ရေး၏ အန္တရာယ်ကြီးတစ်ရပ်လည်းဖြစ်၍ တပ်မတော်ကို တစ်ခဲနက်ကူညီကြသည်။ လုပ်အား၊ ပစ္စည်းအားဖြင့် ကူညီကြသည်။ စစ်မျက်နှာသို့ ပစ္စည်းသယ်ပို့ရာတွင် လိုက်ပါကြသည်။ ရှေ့တန်းရောက်ရဲဘော်များသို့ လက်ဆောင်မေတ္တာစကားပေးပို့ကြသည်။ ကျောင်းသားများ တပ်မတော်သို့ ဝင်ကြသည်။ မြန်မြန်စစ်မြေပြင်သို့ ထွက်လိုကြသည်ဆိုကြသည်။

တရုတ်ဖြူကို တိုက်ခိုက်ခဲ့စဉ်က ဗမာ့တပ်မတော်သည် ကျိုင်းတုံဘက်မှ ဆင်းသည်။ မိုင်းတုံ၊ မိုင်းဆတ်ဘက်သို့ ထိုးဖောက်သည်။ အောက်ဘက် သထုံ၊ မော်လမြိုင်မှ ပိတ်ဆို့သည်။ ညှပ်ပူးညှပ်ပိတ် အမိခံရသော် ရန်သူတို့ပြိုလေသည်။ ကမ္ဘာ့ကုလသမဂ္ဂတွင် မြန်မာနိုင်ငံက အရေးဆိုသဖြင့် မြန်မာ့မြေမှ နိုင်ငံခြားတပ်များဆုတ်ခွာစေရန် ဝိုင်းဝန်းကူညီမည်ဟု ညီလာခံက ဆုံးဖြတ်ချက်ချမှတ်သည်။ လေးနိုင်ငံကော်မရှင်ဖွဲ့၍ တရုတ်ဖြူကျူးကျော်သူများကို ခေါ်ထုတ်သွားရန် စီစဉ်ခဲ့ကြလေတော့သည်။

### စစ်ဆင်ရေးပြီး စစ်ဆင်ရေးတို့ဖြင့် ဆက်လက်ဆင်နွှဲ

တရုတ်ဖြူကျူးကျော်မှုပြဿနာ ပြေလည်ပြီးမြောက်သွားသည့်နောက်တွင်လည်း ချီလေသည့် တပ်မတော်သည် ပြည်တွင်းသောင်းကျန်းမှုရန်စွယ်များကို စစ်ဆင်ရေးပြီး စစ်ဆင်ရေးတို့ဖြင့် ဆက်လက်ဆင်နွှဲချေမှုန်းရပြန်ပါသည်။ နားရသည်ဟူ၍ မရှိ၊ စစ်ဆင်ရေးတစ်ခါထွက်ပြီဆိုလျှင် တပ်ရင်းကိုပြန်ရဖို့ မျှော်မှန်း၍မရ။ အချို့ခြေမြန်တပ်ရင်းများသည် တစ်ခါတစ်ရံတစ်နှစ်ကျော်သည်အထိ တပ်ရင်းဌာနချုပ်သို့ ပြန်မရောက်နိုင်ခဲ့ကြ။

"မိုးတွေကလည်း မစဲဘဲ ရွာသွန်းတယ်၊ မြစ်ချောင်းအင်းအိုင် ရေတွေပြည့်လို့ ငါတို့တိုက်ရတယ်၊ ဘယ်မှာလဲအိပ်ရတယ် ရှိလိမ့်မယ်၊ အမြဲတမ်းချီတက်လို့သာ တိုက်ခိုက်နေရတယ်" ဟူသည့် "တူယှဉ်ကာတိုက်စို့" စစ်ချီသီချင်းနှယ် ချီလေသည့် တပ်မတော်သည် တောအထပ်ထပ် တောင်အသွယ်သွယ် မမောတမ်းမပန်းတမ်းချီတက်နေမြဲ။

တိုက်စွမ်းရည်အားဖြင့်လည်း အတွေ့အကြုံကမနည်းတော့။ ၁၉၈၈ ခုနှစ် အရေးအခင်းဖြစ်ပွားမှုအပေါ် အမြတ်ထုတ်၍ ရှမ်းပြည်နယ်အရှေ့ပိုင်းရှိ မိုင်းယန်းတပ်မတော်စခန်းကို အင်အားအလုံးအရင်းဖြင့် ဝင်ရောက်တိုက်ခိုက်ခဲ့သော ရန်သူကိုလည်း အသက်သွေးချွေးများပေးဆပ်၍ မဆုတ်တမ်းခုခံတွန်းလှန်နိုင်ခဲ့သည်။ ထိုတိုက်ပွဲကြီးတွင် လူအင်အား ၁၅ ယောက်ခန့်သာရှိသော တပ်မတော်တပ်စိတ်နှစ်စိတ်စခန်းကုန်းကိုပင် ရန်သူ ၅၀၀ ခန့်ဖြင့် ဝိုင်းတိုက်ခိုက်ခဲ့ကြသော်လည်း ချေမှုန်းနိုင်ခြင်းမရှိ။

တပ်မတော်သည် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေး၊ ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်တို့ကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရေးအတွက် မိမိတို့တာဝန်ယူထိန်းသိမ်းထားရသော နယ်မြေများကို

"တစ်မှုန့်မြေလွှာ
တစ်လွှာ ပန်းခြောက်
တစ်ပေါက်ရေစက်
ငါတို့လက်မှ
ရန်သူရလျှင်
မြန်မာ့သမိုင်း ရိုင်းတော့မည်" ဟူသော

စိတ်ဓာတ်ဖြင့် ခေတ်အဆက်ဆက်မှသည် ယနေ့တိုင် ကြံ့ကြံ့ခံထိန်းသိမ်းကာကွယ်စောင့်ရှောက်ခဲ့ပါသည်။

ဤသို့အားဖြင့် ချီလေသည့် တပ်မတော်သည် ၁၉၇၀ ပြည့်နှစ် ငွေရတုကာလ၊ ၁၉၉၅ ခုနှစ် ရွှေရတုကာလ၊ ပြီးခဲ့သည့် ၂၀၂၀ ပြည့်နှစ် စိန်ရတုကာလတိုင် ရတုအလီလီ ချီ၍ အခက်အခဲအကျပ်အတည်းပေါင်းမျိုးစုံကို မုန်တိုင်းကိုမမှု အန်တုဖြတ်ကျော်လာခဲ့ပါသည်။

ခေတ်အဆက်ဆက်မှ မျက်မှောက်ကာလအထိ တပ်မတော်ခေါင်းဆောင်ကြီးများ၏ အမြော်အမြင်ကြီးမားမှုတို့ဖြင့် ပြုစုပျိုးထောင်ခဲ့မှုကြောင့် တပ်မတော်သည် ပစ္စက္ခမျက်မှောက်ကာလတွင် စွမ်းရည်ပြည့်ဝသော ခေတ်မီတပ်မတော်တစ်ရပ်အဖြစ် နိုင်ငံတကာနှင့် ရင်ပေါင်တန်းရပ်တည်နိုင်ခဲ့လေပြီ။ သမိုင်းအစဉ်အလာကြီးမားသော ထိုမြန်မာ့တပ်မတော်ကို ပြည်ပြေးအကြမ်းဖက်သမားတို့က တိုင်းရင်းသားလက်နက်ကိုင်အချို့နှင့် ပူးပေါင်း၍ တိုက်ခိုက်ချေမှုန်းပြီး မြို့ရွာတွေကို သိမ်းတော့မည်ဟုဆိုသောအခါ ...........။ ။



## ကိုဗစ်-၁၉ ရောဂါ ဖြစ်ပေါ်နေသည့်ကာလအတွင်း ဒေသတွင်းစိုက်ပျိုးမွေးမြူရေး ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်နိုင်ရေး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၃၁**

အစိုးရ၊ တပ်မတော်နှင့် ပုဂ္ဂလိကပိုင်ဒေသတွင်း စိုက်ပျိုးမွေးမြူရေးနှင့် အခြားလူသုံးကုန်လုပ်ငန်းများ ကုန်ထုတ်လုပ်မှု ရာနှုန်းပြည့်ထုတ်လုပ်နိုင်ရေးအတွက် ယနေ့တွင် အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်အောင်နှင့် အဖွဲ့ဝင်များသည် ပုသိမ်တပ်နယ်အတွင်းရှိ နယ်မြေခံတပ်များတွင် မိုးစပါးစိုက်ပျိုးရေးလုပ်ငန်းများနှင့် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများကို သွားရောက်ကြည့်ရှု၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့ပြင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကြောင့် လမ်းပန်းဆက်သွယ်ရေးခက်ခဲမှုများ ဖြစ်ပေါ်ခဲ့ပြီး ဈေးကွက်အတွင်းရောင်းချရန် အခက်အခဲဖြစ်ပေါ်လျက်ရှိသည့် ဒေသခံတိုင်းရင်းသားပြည်သူများ၏ စိုက်ခင်းများမှသီးနှံများကို နယ်မြေခံတပ်မတော်သားများက ဒေသပေါက်ဈေးအတိုင်း ဝယ်ယူပေးလျက်ရှိရာ ယနေ့တွင် မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ် ရေင်ကျေးရွာရှိ ဒေသခံတောင်သူများထံမှ ကြက်သွန်နီပိဿာ ၁၈၀၀၀ ကို အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်မတော်သားများက ဒေသပေါက်ဈေးအတိုင်း သွားရောက်ဝယ်ယူအားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ကိုဗစ်-၁၉ ရောဂါအား ကာကွယ်၊ ထိန်းချုပ်၊ ကုသရာတွင် အသုံးများသည့် ဆေးဝါးများ၏ ပေါက်ဈေးများ

(၃၁-၈-၂၀၂၁) ညနေ ၆ နာရီအချိန်ထိ ဈေးနှုန်း

| No | Product Name | Pack Size | Price in Kyats (Retail) | Company Name |
|---|---|---|---|---|
| **Antibiotics** | | | | |
| 1 | Injection – Ceftriazone 1G | 1's | 700 | KCL |
| 2 | Injection – Cefoperazone and Sulbactam 1G | Vial | 4900 | Ready Medicine |
| 3 | Injection – Cefoperazone and Sulbactam 2G | Vial | 9300 | Ready Medicine |
| 4 | Injection – Meropenam | 1g/Vial | 10000 | AA Medical |
| **Anti-inflammatory** | | | | |
| 5 | P.O Dexamethasone | Box of 10x10's | 1450 | JDS |
| 6 | P.O Prednisolone | Box of 10x10 | 2000 | Aorta |
| 7 | Injection – Dexamethasone | Vial | 160 | Aorta |
| **Antiviral** | | | | |
| 8 | P.O Favipiravir 400 mg | 2X10 Tablet | 50000 | AA Medical |
| 9 | Injection – Remdesivir | Vial | 70000 | GHI |
| **Anti thrombosis** | | | | |
| 10 | Injection Enoxaprim 40 mg | 1 Pre-Filled Syringe | 7000 | Nyi Lay Naing |

အခြားဆေးဝါးများ၏ ဈေးနှုန်းများကို Website (www.mccpmd.org) နှင့် Facebook Page https://www.facebook.com/ 32330252139 2189/posts/ 1720802588308835/?d=n တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဖို့ မိမိကစ၍ စည်းကမ်းများကို လိုက်နာစို့**



## ထားဝယ်မြို့နယ်ရှိ မြန်မာ့ပင်လယ်ပြင်အတွင်း နစ်မြုပ်ခဲ့သည့် ငါးဖမ်းလှေပေါ်ပါ လှေသားများအား ကူညီကယ်ဆယ်

**နေပြည်တော် ဩဂုတ် ၃၁**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ်ရှိ မြန်မာ့ပင်လယ်ပြင်အတွင်း လုံခြုံရေးဆောင်ရွက်နေသည့် တပ်ဖွဲ့ဝင်များသည် ဩဂုတ် ၃၀ ရက် နံနက် ၆ နာရီခန့်တွင် ထားဝယ်မြို့၏ အနောက်တောင်ဘက် ရေမိုင် ၂၆ မိုင်ခန့်အကွာသို့အရောက်၌ အောင်သန့်ဇင်(၆၃)အမည်ရှိ ငါးဖမ်းဝါးလတ်လှေနစ်မြုပ်မှုကြောင့် ယင်းလှေပေါ်ပါ လှေသား ၁၈ ဦးကို ကယ်တင်၍ တင်ဆောင်လာသည့် ဒေသခံငါးဖမ်းလှေ တစ်စင်းကို တွေ့ရသဖြင့် အဆိုပါလှေသား ၁၈ ဦးကို တပ်မတော်ရေယာဉ်သို့ လွှဲပြောင်းကူညီကယ်တင်မှုများ ဆောင်ရွက်ပေးသည်။

အဆိုပါ အောင်သန့်ဇင်(၆၃)အမည်ရှိ ငါးဖမ်းဝါးလတ်လှေသည် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်နေ ဦးအောင်မိုးပိုင်ဆိုင်သော လှေဖြစ်ပြီး ယင်းလှေသည် ကျောက်ဆောင်နှင့် တိုက်မိ၍ နစ်မြုပ်ခဲ့ခြင်းဖြစ်ကာ တပ်မတော်ရေယာဉ်မှ တပ်မတော်သားများက လွှဲပြောင်းကယ်တင်ခဲ့သည့် လှေသား ၁၈ ဦးကို လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးပြီး စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ရန်ကုန်တိုင်းဒေသကြီးအတွင်း ဆေးနှင့်ဆေးပစ္စည်းများ၊ သားငါးများကို ဈေးနှုန်းမှန်ကန်စွာဖြင့် လက်လီလက်ကားရောင်းချပေးသည့်အစီအစဉ် တိုးချဲ့ဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၃၁**



ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်းဖြစ်ပွားနေသည့်ကာလအတွင်း ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပြည်သူများ၏ ဆေးဝါးလိုအပ်ချက်အား ဖြည့်ဆည်းပေးနိုင်ရေး၊ ဆေးဝါးများ လွယ်လင့်တကူ ဝယ်ယူနိုင်ရေး၊ အရည်အသွေးနှင့်ဈေးနှုန်းမှန်ကန်စွာရရှိစေရေးအတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ညွှန်ကြားချက်အရ မြန်မာနိုင်ငံ ဆေးနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်း၏ စီစဉ်မှုဖြင့် ဒုတိယနေရာအဖြစ် ပန်းဘဲတန်းမြို့နယ် ကုန်သည်လမ်းနှင့် ဗိုလ်ဆွန်ပက်လမ်းထောင့်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကုန်သွယ်မှုဗဟိုဌာန အဆောက်အအုံ၌ အိမ်သုံးဆေးဝါးများ လက်လီလက်ကားဖြန့်ဖြူးရောင်းချခြင်း အစီအစဉ်ကို ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ဆေးနှင့်ဆေးပစ္စည်း ဖြန့်ဖြူးရောင်းချသော ကုမ္ပဏီ ၁၆ ခုမှ အိမ်သုံးဆေးဝါး ၂၁၄ မျိုးကို ရောင်းချပေးလျက်ရှိပြီး ငွေကျပ် ၅၁ သိန်းကျော်တန်ဖိုးရှိ ဆေးနှင့် ဆေးပစ္စည်းများကို ရောင်းချခဲ့သည်။

အလားတူ ပထမအစီအစဉ်အဖြစ် ဖွင့်လှစ်ရောင်းချပေးလျက်ရှိသည့် အလုံမြို့နယ် ကမ်းနားလမ်း လွတ်လပ်ရေးရပ်ကွက် အမှတ်(၁၀၄/၁၀၈) နေရာ၌လည်း ၁၂ ရက်မြောက်နေ့အဖြစ် ဆက်လက် ရောင်းချပေးလျက်ရှိပြီး ယနေ့တွင် ငွေကျပ် လေးသိန်းကျော်တန်ဖိုးရှိ ဆေးနှင့် ဆေးပစ္စည်းများ ရောင်းချနိုင်ခဲ့သည်။

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့တွင်လည်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက ရွေ့လျားဈေးကားဖြင့် သားငါးများ ရောင်းချပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ကျေးလက်ကုန်ထုတ်လမ်း၊ တံတားလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**မချမ်းဘော့ ဩဂုတ် ၃၁**

ကချင်ပြည်နယ် မချမ်းဘော့မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်သော ကျေးလက်ကုန်ထုတ်လမ်း၊ တံတားလုပ်ငန်းများကို ဩဂုတ် ၃၀ ရက် မွန်းလွဲပိုင်းတွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး၊ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက မချမ်းဘော့မြို့နယ်ရှိ ထရန်ဒမ်းကျေးရွာ ကုန်ထုတ်လမ်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို သတ်မှတ်စံချိန်စံညွှန်းနှင့် ကိုက်ညီမှု ရှိ၊ မရှိ စစ်ဆေးခဲ့ကြောင်း သိရသည်။

**မင်းမြင့်မိုရ်**

■

# အနန္တောအနန္တဂိုဏ်းဝင် ဆရာ၊ ဆရာမများ၏ နာသုံးနာ လက်ကိုင်ထား၍ ကျောင်းသား၊ ကျောင်းသူများအပေါ် မိဘသဖွယ်စိတ်ဓာတ်ဖြင့် သင်ကြားရေးတာဝန်ထမ်းဆောင်နေမှုအား အသိအမှတ်ပြု သတင်းထုတ်ပြန်ခြင်း

**နေပြည်တော် ဩဂုတ် ၃၁**

မြန်မာနိုင်ငံ၌ ဆရာ၊ ဆရာမများအပေါ် ရိုသေလေးစားမှုပြုရသည့် အနန္တောအနန္တဂိုဏ်းဝင်အဖြစ် ရှေးယခင်ကတည်းကပင် ယဉ်ကျေးမှုတစ်ရပ်သဖွယ် သတ်မှတ်ထားပြီး အခြားမည်သည့်နိုင်ငံတွင်မှ မတွေ့ရှိနိုင်သော အလေးအနက်ပြုမှုကို တွေ့ရှိရမည်ဖြစ်ပါသည်။ အနန္တောအနန္တဂိုဏ်းဝင် ဆရာ၊ ဆရာမများသည်လည်း စေတနာကို အရင်းခံပြီး ဝါသနာနှင့်အတူ အနစ်နာခံကာ တပည့်များအပေါ် ရင်ဝယ်သားသဖွယ်သဘောထား၍ ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်သိက္ခာပြည့်ဝစွာဖြင့် အတတ်ပညာ သင်ကြားပို့ချရုံသာမက **“အတတ်လည်းသင်၊ ပဲ့ပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊ သင့်ရာအပ်ပို့”** ဟူသော ဆရာကျင့်ဝတ်ငါးသွယ်ကို ကျေပွန်စွာထမ်းဆောင်နေသူများ ဖြစ်ပါသည်။

COVID-19 ကမ္ဘာ့ကပ်ရောဂါဖြစ်ပွားမှုကြောင့် ရပ်နားထားရသည့် ကျောင်းများကို လက်ရှိအချိန်တွင် အတိုင်းအတာတစ်ခုအထိ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ပြီဖြစ်သည့်အတွက် ၂၀၂၁-၂၀၂၂ ပညာသင်နှစ်အတွက် အခြေခံပညာဦးစီးဌာနအောက်ရှိ အခြေခံပညာ အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့် ကျောင်းများအား ဇွန် ၁ ရက်နေ့မှစ၍ မြန်မာနိုင်ငံတစ်ဝန်း၌ တစ်ပြိုင်တည်း အေးချမ်းတည်ငြိမ်စွာ စတင်ဖွင့်လှစ်သင်ကြားလျက်ရှိသည်။

စာသင်ကျောင်းများဖွင့်လှစ်ရန် ကြိုတင်ပြင်ဆင်နေသည့်ကာလနှင့် လက်ရှိသင်ကြားနေသည့်ကာလတွင် မိမိတစ်ပါတီကောင်းစားရေးကိုသာ ရှေးရှု၍ နိုင်ငံရေးအမြတ်ထုတ်လိုသူများ၊ နိုင်ငံရေးအစွန်းရောက် NLD ပါတီဝင်များနှင့် ၎င်းတို့ကို ထောက်ခံသူများ၊ NUG ၊ CRPH နှင့် PDF စသည့်အဖွဲ့များသည် ပညာရေးဝန်ထမ်းများအား CDM လှုပ်ရှားမှုတွင် ပါဝင်လာစေရန် Social Punishment ပြုလုပ်ခြင်း၊ လှုံ့ဆော်ခြင်း၊ ခြိမ်းခြောက်အကျပ်ကိုင်ခြင်းများအပြင် ကလေးငယ်များပညာသင်ကြားရေးကို အခက်အခဲဖြစ်စေရန်ရည်ရွယ်၍ စာသင်ကျောင်းများကို မိုင်းများ၊ လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခြင်း၊ မီးရှို့ဖျက်ဆီးခြင်းများအပြင် ဆရာ၊ ဆရာမများကို စာပေသင်ကြားမှုမပြုနိုင်စေရန် ခြိမ်းခြောက်ခြင်း၊ နှောင့်ယှက်တိုက်ခိုက်ခြင်းများ လုပ်ဆောင်လျက်ရှိသောကြောင့် ထိခိုက်ဒဏ်ရာရရှိခြင်းများသာမက အချို့အသက်သေဆုံးသည်အထိ စိတ်မချမ်းမြေ့ဖွယ်ရာ ဖြစ်စဉ်ဖြစ်ရပ်များဖြစ်ပေါ်ခဲ့ရပြီး သေဆုံး ထိခိုက်ဒဏ်ရာရရှိသူများအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် မိသားစုများနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မကောင်းမှု၊ မတရားမှုတို့ကို ပြုလုပ်ရမည့်အပေါ် ရှက်ခြင်း၊ ကြောက်ခြင်းဟူသော ဟီရိ၊ ဩတ္တပ္ပတရားတို့အပေါ်၌ သာမန်လူတို့ထက် ပိုမိုသိရှိစောင့်ထိန်းတတ်သည့် ဆရာ၊ ဆရာမတို့အနေဖြင့် ထိုကဲ့သို့သော အခက်အခဲ၊ အကျပ်အတည်းများ၊ နှောင့်ယှက်မှုမျိုးစုံတို့ကြားမှ အနန္တောအနန္တဂိုဏ်းဝင် ဆရာဟူသည့် မွန်မြတ်လှသည့်ဂုဏ်ပုဒ်နှင့်အညီ ကောင်းမွန်မြင့်မြတ်သည့်စိတ်ထားများဖြင့် နိုင်ငံ့အတွက် ပညာတတ် လူငယ်၊ လူရွယ်များ ပေါ်ထွန်းလာစေရေး ရှေးရှု၍ သင်ကြားရေးတာဝန်များကို မလစ်ဟင်းရအောင် အားကြိုးမာန်တက် ထမ်းဆောင်လျက်ရှိသည်ကိုတွေ့ရှိရသဖြင့် တာဝန်ထမ်းဆောင်နေကြသော ဆရာ၊ ဆရာမများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် လှိုက်လှဲစွာ ချီးကျူးဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။**

နိုင်ငံ့အနာဂတ် ရင်သွေးငယ်များ၏ စာပေပညာတတ်မြောက်ရေး၊ ပညာရည်မြင့်မားရေးအတွက် အခက်အခဲမျိုးစုံကြားမှ သင်ကြားရေးတာဝန်များကို ကြိုးပမ်းထမ်းဆောင်လျက်ရှိသည့် ဆရာ၊ ဆရာမများ ဘေးကင်းလုံခြုံရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အထူးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် မိဘပြည်သူများအနေဖြင့်လည်း ရပ်ရွာအေးချမ်းသာယာရေး၊ ကလေးငယ်များ အေးချမ်းစွာ ပညာသင်ကြားနိုင်ရေးတို့အတွက် လုံခြုံရေးအသိ၊ လုံခြုံရေးသတိထားကာ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းဆောင်ရွက်သွားကြရန် မေတ္တာရပ်ခံအပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**



## ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများအား နယ်စပ်ဂိတ်အသီးသီးတွင် ဆက်လက်လက်ခံလျက်ရှိ

**နေပြည်တော် ဩဂုတ် ၃၁**

ပြည်ပနိုင်ငံများမှ ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများကို နယ်စပ်ဂိတ်အသီးသီးတွင် လက်ခံဆောင်ရွက်ပေးလျက်ရှိရာ ယမန်နေ့က ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့သို့ ဝင်ရောက်လာသည့် မြန်မာနိုင်ငံသား အမျိုးသား ၁၅၆ ဦးနှင့် အမျိုးသမီး ၁၁၇ ဦး စုစုပေါင်း ၂၇၃ ဦး၊ ချင်းရွှေဟော်မြို့သို့ ဝင်ရောက်လာသည့် မြန်မာနိုင်ငံသား အမျိုးသား ငါးဦးနှင့် အမျိုးသမီး ခြောက်ဦး စုစုပေါင်း ၁၁ ဦး၊ လောက်ကိုင်မြို့ သို့ ဝင်ရောက်လာသည့် အမျိုးသား သုံးဦးနှင့် မြဝတီမြို့သို့ ဝင်ရောက်လာသည့် အမျိုးသား ၁၀၀နှင့် အမျိုးသမီး ၁၀၀ စုစုပေါင်း ၂၀၀ တို့ကို လက်ခံခဲ့ကြသည်။

**ကူညီဆောင်ရွက်ပေး**

ထိုသို့လက်ခံရာတွင် သက်ဆိုင်ရာ ပြည်သူ့ဆေးရုံများမှ ကျန်းမာရေးဆိုင်ရာ တာဝန်ရှိသူများ၊ တပ်မတော်ဆေးတပ်ဖွဲ့ဝင်များက ကိုဗစ် - ၁၉ ရောဂါ စစ်ဆေးပေးခြင်း၊ Quarantine ဝင်ရောက်ရမည့် အထောက်အထားစာရွက်စာတမ်းများ ပြုလုပ်ပေးခြင်း၊ ကျန်းမာရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်များ ရှင်းလင်းပြောကြားခြင်းတို့ကို စနစ်တကျဆောင်ရွက်ပေးပြီး တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးကြသည်။

**လိုက်လံပို့ဆောင်ပေး**

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များက စီစဉ်ဆောင်ရွက်ပေးသည့် ခရီးသည်တင်ယာဉ်များဖြင့် ၎င်းတို့နေရပ်အသီးသီးသို့ လိုက်လံပို့ဆောင်ပေးခဲ့ကြောင်းနှင့် ရောဂါပိုးတွေ့ရှိသူများအား သက်ဆိုင်ရာနေရာများတွင် သီးသန့်ထားရှိ၍ လိုအပ်သည့် ကျန်းမာရေးဆိုင်ရာများနှင့် အုပ်ချုပ်မှုဆိုင်ရာ ကိစ္စရပ်များကို အဆင်ပြေချောမွေ့အောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## ရမည်းသင်းမြို့နယ်အတွင်း၌ ချည်မျှင်ရှည်ဝါ ၂၆၇၆၂ ဧက စိုက်ပျိုးပြီး

**ရမည်းသင်း ဩဂုတ် ၃၁**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်အတွင်း၌ ယခုနှစ်တွင် မိုးကြိုချည်မျှင်ရှည်ဝါ ၁၁၂ ဧက၊ မိုးရာသီချည်မျှင်ရှည်ဝါ ၁၄၂၃ ဧက၊ မိုးနှောင်းချည်မျှင် ရှည်ဝါ ၂၅၂၂၇ ဧက စိုက်ပျိုးပြီးဖြစ်ရာ စုစုပေါင်း ဝါစိုက်ဧက ၂၆၇၆၂ ဧကကို စိုက်ပျိုးပြီးဖြစ်သည်ဟု စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ သိရသည်။

**လျာထားဧကထက် ပိုမိုစိုက်ပျိုး**

ထိုသို့မြို့နယ်အတွင်း ဝါစိုက်ပျိုးရာတွင် မိုးရာသီ ချည်မျှင်ရှည်ဝါကို စိုက်ဧက ၅၀၀ လျာထားရာ ဧက ၁၄၂၃ စိုက်ပျိုးခဲ့၍ လျာထားဧကထက် ပိုမိုစိုက်ပျိုးခဲ့ကြောင်း သိရသည်။ အလားတူပင် မိုးနှောင်းချည်မျှင်ရှည်ဝါကိုလည်း စိုက်ဧက ၂၇၇၀၀ လျာထားရာ ယခုအခါ ၂၅၂၂၇ ဧက စိုက်ပျိုးပြီးဖြစ်ကာ မိုးရွာသွန်းမှု အစိုဓာတ်ရရှိမှုအပေါ်မူတည်၍ ထပ်မံစိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။

ဝါစိုက်တောင်သူများမှာ ရွှေတောင် (၁၀) ချည်မျှင်ရှည်ဝါမျိုး၊ ရွှေတောင် (၈)ချည်မျှင်ရှည်ဝါမျိုး၊ ငွေချည် (၉)ချည်မျှင်ရှည်ဝါမျိုး အစရှိသော ဝါမျိုးများကို စိုက်ပျိုးကြပြီး ရွှေတောင်(၁၀)ချည်မျှင်ရှည်ဝါမျိုးကို အစိုက်များကြကြောင်း သိရသည်။

ရမည်းသင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ယခုနှစ်မိုးနှောင်းဝါ စိုက်ပျိုးရာတွင် အထူးဇုန်ဧက ၅၀၀ စိုက်ပျိုးဖော်ဆောင်လျက်ပြီး ယင်းအထူးဇုန်ဧက ၅၀၀ အတွက် ဝါမျိုးစေ့နှင့် လူးဆေးကို ဌာနက ပံ့ပိုးခဲ့ကြောင်း သိရသည်။အဆိုပါ အထူးဇုန်ဧက ၅၀၀ တွင် ဝမ်းတွင်းမြို့ ရွှေတောင် သုတေသနခြံမှ ရရှိသော ရွှေတောင်(၁၀) ဝါမျိုးကို စိုက်ပျိုးခဲ့ပြီး ထွက်ရှိသော ဝါများကို မျိုးအဖြစ် ထုတ်လုပ်၍ ရမည်းသင်းမြို့နယ်အတွင်း ဆက်လက် ဖြန့်ဖြူးသွားမည်ဖြစ်သည်။ ဌာနဝန်ထမ်းများကလည်း ဝါစိုက်ပျိုးထုတ်လုပ်မှုမြင့်မားရေးအတွက် ကျေးလက်ဒေသများသို့ ကွင်းဆင်းကာ ဝါစိုက်ပျိုးရေးအတွက် တောင်သူနှင့်တွေ့ဆုံ၍ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**လှိုင်သန်းတင့် (ရမည်းသင်း)**

## မိုးညိုမြို့နယ်၌ သဘာဝရေပြင်အတွင်းသို့ ငါးမျိုးများစိုက်ထည့်

**မိုးညို ဩဂုတ် ၃၁**



ပဲခူးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန၏ လမ်းညွှန်မှုဖြင့် သာယာဝတီခရိုင်အတွင်း ငါးသယံဇာတများ ရေရှည်စဉ်ဆက်မပြတ်ပေါ်များစေရေး၊ ကျေးလက်ဒေသနေပြည်သူများ ငါးစားသုံးမှုနှုန်းမြင့်မားစေရေးတို့အတွက် မြစ်ချောင်းများ၊ သဘာဝရေပြင်များနှင့် ဆည်/တမံ ရေလှောင်ကန်များအတွင်းသို့ နှစ်စဉ် ငါးမျိုးစိုက်ထည့်ခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ အုတ်ဖိုငါးလုပ်ငန်းစခန်းမှ မိုးညိုမြို့နယ် သဘာဝ ရေပြင်အတွင်းသို့ နှစ်လက်မအရွယ် ငါးမြစ်ချင်းကောင်ရေ ၅၀၀၀၀၊ ငါးခုံးမကြီးကောင်ရေ ၅၀၀၀၀၊ ရွှေဝါငါးကြင်းကောင်ရေ ၅၀၀၀၀ စုစုပေါင်း ငါးသားပေါက်ကောင်ရေ ၁၅၀၀၀၀ စိုက်ထည့်ခဲ့သည်။

**စိုက်ထည့်**

အဆိုပါ ငါးမျိုးစိုက်ထည့်ပွဲသို့ မိုးညိုမြို့နယ် ငါးမျိုးစိုက်ထည့်ရေးကြီးကြပ်အဖွဲ့ဝင်များ၊ မြို့နယ်ဌာနဆိုင်ရာအကြီးအကဲများ၊ မိုးညိုမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးထွန်းထွန်းဦးနှင့် ဝန်ထမ်းများ၊ အုတ်ဖိုငါးလုပ်ငန်းစခန်း တာဝန်ခံနှင့် ဝန်ထမ်းများနှင့် ဒေသခံပြည်သူများ ပါဝင်စိုက်ထည့်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

**ဒါတွေကို ပူးပေါင်းပြီး ဆောင်ရွက်ရင် ဖြစ်ပွားမှု တက်နေတဲ့ နေရာတွေလည်း လျော့သွားမှာဖြစ်တဲ့အပြင် ကုသရေးစနစ်အပေါ် သက်ရောက်လာနေတဲ့ လူနာအင်အားများပြားနေတဲ့ကိစ္စတွေ တဖြည်းဖြည်းလျော့ပါးလာပြီး တတိယလှိုင်းကို ကောင်းစွာ ဆက်လက်ကျော်ဖြတ်နိုင်မယ့်အနေအထားကို ရရှိလာမှာဖြစ်ပါတယ်**

**ဒေါက်တာသန်းနိုင်စိုး**

# ကိုဗစ် – ၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ ဆောင်ရွက်ချက်များအကြောင်း သိကောင်းစရာအစီအစဉ်

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဩဂုတ် ၃၀ ရက် ည ၈ နာရီ သတင်းအပြီးတွင် ထုတ်လွှင့်ပြသခဲ့သည့် ကိုဗစ်–၁၉ ရောဂါ ကာကွယ် ထိန်းချုပ်ရေးဆိုင်ရာ ဆောင်ရွက်ချက်များအကြောင်း သိကောင်းစရာအစီအစဉ်ကို ပြည်သူများသိရှိနိုင်ရန်အတွက် ပြန်လည်ဖော်ပြလိုက်ပါသည်။

**ထက်လျှံ**

အစီအစဉ်မှူး။ ။ နိုင်ငံတစ်ဝန်း ကိုဗစ်–၁၉ တတိယလှိုင်း ဖြစ်ပွားနေတာနဲ့ပတ်သက်ပြီး ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာန ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါက်တာသန်းနိုင်စိုးနဲ့ တွေ့ဆုံမေးမြန်းသွားမှာ ဖြစ်ပါတယ်။

လက်ရှိမြန်မာနိုင်ငံရဲ့ ကိုဗစ်–၁၉ ရောဂါ တတိယလှိုင်းဖြစ်ပွားနေမှုအခြေအနေကို ပြောကြားပေးပါဦး။

ဒေါက်တာသန်းနိုင်စိုး။ ။ လက်ရှိမြန်မာနိုင်ငံရဲ့ အခြေအနေ၊ အာဆီယံဒေသအတွင်းနဲ့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ရဲ့ ဒေသကြီးတွေအခြေအနေ၊ ကျွန်တော်တို့ဆီမှာ လက်ရှိဖြစ်ပွားနေတဲ့ အခြေအနေအားလုံးကို ခြုံငုံသုံးသပ်တင်ပြပေးသွားမှာ ဖြစ်ပါတယ်။

**တဖြည်းဖြည်းကျလာ**

ပထမဦးဆုံး တင်ပြချင်တာက ဩဂုတ် ၂၈ ရက် ည ၈ နာရီအထိ ဓာတ်ခွဲနမူနာစုစုပေါင်း ၁၈၁၈၉ ခုကို စစ်ဆေးတဲ့အခါ ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၉၃၂ ဦး တွေ့ရပြီး ပိုးတွေ့ရှိနှုန်းက ၁၆ ဒသမ ၁၂ ရာခိုင်နှုန်းဖြစ်တဲ့အတွက် ပိုးတွေ့ရှိနှုန်းတွေ တဖြည်းဖြည်းကျလာတဲ့ သဘောရှိပါတယ်။ ပထမလှိုင်း၊ ဒုတိယလှိုင်းနဲ့ တတိယလှိုင်းတို့မှာ ဓာတ်ခွဲအတည်ပြုလူနာပေါင်း ၃၈၉၁၃၄ ဦးရှိပြီး သေဆုံးသူပေါင်း ၁၅၀၇၇ ဦး ရှိပါတယ်။ ဒါတွေက လတ်တလောတွေ့ရှိရတဲ့ အချက်တွေ ဖြစ်ပါတယ်။

ရောဂါကူးစက်မှုလှိုင်းနဲ့ ကာလကိုကြည့်ရင် ပထမလှိုင်းကာလက ၁၄၆ ရက် ကြာခဲ့ပါတယ်။ ဒုတိယလှိုင်းကာလက ၂၈၄ ရက် ကြာခဲ့ပြီး ရောဂါဖြစ်ပွားသူပေါင်း ၁၄၂၉၄၄ ဦးနဲ့ သေဆုံးသူပေါင်း ၃၂၁၀ ရှိခဲ့ပါတယ်။ ကူးစက်မှုနှုန်းမြန်ပြီး ရောဂါဖြစ်ပွားမှုပြင်းထန်တဲ့ မျိုးဗီဇပြောင်းလဲမှုရှိတဲ့ ပိုးတွေနဲ့အတူ တတိယလှိုင်းကာလက မေ ၂၇ ရက်ကနေ ဩဂုတ် ၂၈ ရက်အထိ ၉၄ ရက်တာ ကာလရှိခဲ့ပြီဖြစ်ပါတယ်။ တတိယလှိုင်းကာလအတွင်း ပိုးတွေ့ရှိသူပေါင်း ၂၄၅၈၁၆ ဦးရှိပြီး သေဆုံးသူပေါင်း ၁၁၈၆၁ ဦးရှိကာ သေဆုံးမှုနှုန်းအနေနဲ့ ၄ ဒသမ ၈ ရာခိုင်နှုန်းအထိ တက်လာတာကို တွေ့ရပါတယ်။ ပထမလှိုင်း၊ ဒုတိယလှိုင်းနဲ့ တတိယလှိုင်းတို့ကို ပေါင်းလိုက်ရင် စုစုပေါင်းလူနာ ၃၈၉၁၃၄ ဦး၊ သေဆုံးသူပေါင်း ၁၅၀၇၇ ဦး၊ သေဆုံးမှုနှုန်းအနေနဲ့ ၃ ဒသမ ၉ ရာခိုင်နှုန်းရှိတာကို ပထမဦးဆုံးအနေနဲ့ တင်ပြလိုပါတယ်။

ကျွန်တော့်အနေနဲ့ တတိယလှိုင်းကာလကို ခြုံငုံပြီး ပြန်လည်တင်ပြပါမယ်။ မေ ၂၇ ရက်မှာ စစ်ဆေးသူပေါင်း ၁၇၈၈ ဦးအနက် ၉၆ ဦး အစုလိုက်အပြုံလိုက်အနေနဲ့စတင်တွေ့ရပြီး ပိုးတွေ့ရာခိုင်နှုန်း ၅ ဒသမ ၃၇ ရာခိုင်နှုန်းရှိခဲ့ပါတယ်။ ဒါက တတိယလှိုင်းအစလို့ ပြောလို့ရပါတယ်။ အဲဒီကနေ တဖြည်းဖြည်းနဲ့ ပိုးတွေ့ရှိနှုန်းက ဇူလိုင် ၂၃ ရက် စစ်ဆေးသူပေါင်း ၁၀၄၈၇ ဦးမှာ ပိုးတွေ့သူပေါင်း ၅၅၀၆ ဦး၊ ပိုးတွေ့နှုန်းက ၄၀ ဒသမ ၈၂ ရာခိုင်နှုန်းဆိုတဲ့အတွက် ၄၁ ရာခိုင်နှုန်းနီးပါးအထိ တက်သွားတာကို တွေ့ရပါတယ်။ နောက်ပိုင်း နိုင်ငံတော်က Stay at Home မြို့နယ်တွေ ကြေညာတယ်။ ရုံးပိတ်ရက်ရှည်တွေ သတ်မှတ်ပေးတယ်။ တစ်ဖက်ကလည်း ပြည်သူတွေ၊ လူမှုရေးအသင်းအဖွဲ့တွေရဲ့ ပူးပေါင်းဆောင်ရွက်မှု၊ ဒေသအာဏာပိုင်အဖွဲ့အစည်းတွေက နည်းစနစ်တကျ ကြပ်မတ်ထိန်းကျောင်းပေးမှု၊ အားလုံးအတူတကွ ပူးပေါင်းဆောင်ရွက်မှုတွေကြောင့် ပိုးတွေ့ရှိနှုန်းတွေ တဖြည်းဖြည်းနဲ့ ကျဆင်းလာတာကို တွေ့ရပါတယ်။

ဇူလိုင် ၂၃ ရက်မှာ ရောဂါပိုးတွေ့နှုန်း ၄၁ ရာခိုင်နှုန်းနီးပါး တက်ခဲ့ရာကနေ ဩဂုတ် ၃ ရက်မှာ ၃၀ ဒသမ ၀၇ ရာခိုင်နှုန်းအထိ ပြန်ပြီးကျလာတာကို တွေ့ရပါတယ်။ ဩဂုတ် ၂၈ ရက် အနေအထားက ၁၆ ဒသမ ၁၂ ရာခိုင်နှုန်းအထိ ပြန်ကျလာတာက ကောင်းတဲ့အချက် ဖြစ်ပါတယ်။ တတိယလှိုင်းရဲ့ ရောဂါဖြစ်ပွားမှု တကယ့်ထိပ်ဆုံးထိပ်ဖျားကို ကျော်လွန်လာခဲ့တဲ့ အနေအထားမျိုး၊ ပိုးတွေ့ရှိနှုန်းနဲ့ ရောဂါဖြစ်ပွားမှုကျဆင်းလာတဲ့ အနေအထားကို တွေ့ရှိလာရပါတယ်။

**ရောဂါကူးစက်မှုလှိုင်းနဲ့ ကာလကိုကြည့်ရင် ပထမလှိုင်းကာလက ၁၄၆ ရက် ကြာခဲ့ပါတယ်။ ဒုတိယလှိုင်းကာလက ၂၈၄ ရက် ကြာခဲ့ပြီး ရောဂါဖြစ်ပွားသူပေါင်း ၁၄၂၉၄၄ ဦးနဲ့ သေဆုံးသူပေါင်း ၃၂၁၀ ရှိခဲ့ပါတယ်။ ကူးစက်မှုနှုန်းမြန်ပြီး ရောဂါဖြစ်ပွားမှုပြင်းထန်တဲ့ မျိုးဗီဇပြောင်းလဲမှုရှိတဲ့ ပိုးတွေနဲ့အတူ တတိယလှိုင်းကာလက မေ ၂၇ ရက်ကနေ ဩဂုတ် ၂၈ ရက်အထိ ၉၄ ရက်တာ ကာလရှိခဲ့ပြီဖြစ်ပါတယ်။ တတိယလှိုင်းကာလအတွင်း ပိုးတွေ့ရှိသူပေါင်း ၂၄၅၈၁၆ ဦးရှိပြီး သေဆုံးသူပေါင်း ၁၁၈၆၁ ဦးရှိကာ သေဆုံးမှုနှုန်းအနေနဲ့ ၄ ဒသမ ၈ ရာခိုင်နှုန်းအထိ တက်လာတာကို တွေ့ရပါတယ်။ ပထမလှိုင်း၊ ဒုတိယလှိုင်းနဲ့ တတိယလှိုင်းတို့ကို ပေါင်းလိုက်ရင် စုစုပေါင်းလူနာ ၃၈၉၁၃၄ ဦး၊ သေဆုံးသူပေါင်း ၁၅၀၇၇ ဦး၊ သေဆုံးမှုနှုန်းအနေနဲ့ ၃ ဒသမ ၉ ရာခိုင်နှုန်းရှိ**

**ရောဂါဖြစ်ပွားမှု အကျဆင်းဆုံး ရန်ကုန်တိုင်းဒေသကြီး**

ရုံးပိတ်ရက်ရှည်တွေနဲ့ ပတ်သက်ပြီး တင်ပြရရင် ရုံးပိတ်ရက်ကာလက ခြောက်ပတ်ထဲကို ရောက်လာပြီ။ ဒီရုံးပိတ်ရက်မသတ်မှတ်မီ တစ်ပတ် (ဇူလိုင် ၁၄ ရက်ကနေ ၂၀ ရက်အထိ)ကို အခြေခံပြီး ကိန်းဂဏန်းအတက်အကျ၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်အလိုက်ကြည့်တဲ့အခါမှာ နံပါတ်တစ်အနေနဲ့ ရောဂါဖြစ်ပွားမှုအကျဆင်းဆုံးလို့ ပြောရပါမယ်။ ဒါက ရန်ကုန်တိုင်းဒေသကြီး ဖြစ်ပါတယ်။ ရုံးပိတ်ရက်ရှည်သတ်မှတ်ပြီး ပထမအပတ်မှာပဲ ရန်ကုန်တိုင်းဒေသကြီးက ၂၂ ရာခိုင်နှုန်းအထိ ကျသွားပါတယ်။ ဒုတိယအပတ်မှာ ၄၅ ရာခိုင်နှုန်း၊ တတိယအပတ်မှာ ၆၈ ရာခိုင်နှုန်း၊ စတုတ္ထအပတ်မှာ ၇၇ ရာခိုင်နှုန်းအထိကျပြီး ပဉ္စမအပတ်ဖြစ်တဲ့ ဩဂုတ် ၂၄ ရက်မှာ ၈၇ ရာခိုင်နှုန်းအထိ ကျဆင်းသွားတာကို တွေ့ရပါတယ်။ ရန်ကုန်တိုင်းဒေသကြီးက ရောဂါဖြစ်ပွားမှု တော်တော်ကြီးကို ကျဆင်းသွားတာကို တွေ့ရတဲ့အတွက် အလွန်ဝမ်းမြောက်မိပါတယ်။

ဒုတိယအကျဆင်းဆုံး တိုင်းဒေသကြီးက စစ်ကိုင်းတိုင်းဒေသကြီး ဖြစ်ပါတယ်။ ရုံးပိတ်ရက်ရှည်သတ်မှတ်ပြီးတဲ့အခါ ပထမအပတ်မှာ ခုနစ်ရာခိုင်နှုန်း၊ ဒုတိယအပတ်မှာ ၂၆ ရာခိုင်နှုန်း၊ တတိယအပတ်မှာ ၅၈ ရာခိုင်နှုန်း၊ စတုတ္ထအပတ်မှာ ၅၇ ရာခိုင်နှုန်းနဲ့ ပဉ္စမအပတ်မှာ ၇၂ ရာခိုင်နှုန်းအထိ ရောဂါဖြစ်ပွားသူဦးရေ ကျဆင်းလာတာကို တွေ့ရပါတယ်။

ပဲခူးတိုင်းဒေသကြီးအနေနဲ့ ပဉ္စမအပတ် (ဩဂုတ် ၁၈ ရက်ကနေ ၂၄ ရက်အထိ) ကာလအတွင်းမှာ ရုံးပိတ်ရက်မသတ်မှတ်မီ တစ်ပတ် ကာလကိန်းဂဏန်းတွေနဲ့ နှိုင်းယှဉ်လိုက်ရင် ၇၁ ရာခိုင်နှုန်းအထိ ကျလာတာကို တွေ့ရပါတယ်။ ဒီလိုရောဂါဖြစ်ပွားမှုနှုန်း ကျဆင်းနေတဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေက ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ နေပြည်တော်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ချင်းပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနဲ့ ကချင်ပြည်နယ်တို့ ဖြစ်ပါတယ်။

ရုံးပိတ်ရက်အစပိုင်းမှာ သိပ်မကျသေးဘဲ နောက်ပိုင်းမှာကျလာတဲ့ ပြည်နယ်/တိုင်းဒေသကြီးတွေအနေနဲ့ ကချင်ပြည်နယ်က ရုံးပိတ်ရက်ရှည်သတ်မှတ်တဲ့ ပထမအပတ်မှာ ၄၅ ရာခိုင်နှုန်းနဲ့ ဒုတိယအပတ်မှာ ၁၄ ရာခိုင်နှုန်းအထိ ဆက်တက်နေပါတယ်။ တတိယအပတ်မှာ ခြောက်ရာခိုင်နှုန်း ပြန်ကျလာပါတယ်။ စတုတ္ထအပတ်မှာ ၁၅ ရာခိုင်နှုန်းအထိ ကျလာပြီး ပဉ္စမအပတ်မှာ ၂၆ ရာခိုင်နှုန်းအထိ ကျသွားတာကို တွေ့ရပါတယ်။ အစပိုင်းမှာ နည်းနည်းတက်ခဲ့ပေမယ့် နောက်ပိုင်းမှာ ကျလာတာကို တွေ့ရပါတယ်။ မန္တလေးတိုင်းဒေသကြီးအနေနဲ့ ရုံးပိတ်ရက်ရှည်သတ်မှတ်တဲ့ ပထမအပတ်မှာ ၃၃ ရာခိုင်နှုန်း၊ ဒုတိယအပတ်မှာ ၃၃ ရာခိုင်နှုန်းနဲ့ တတိယအပတ်မှာ ၆၄ ရာခိုင်နှုန်းအထိ တက်သွားပါတယ်။ စတုတ္ထအပတ်မှာ ၁၄ ရာခိုင်နှုန်းနဲ့ ပဉ္စမအပတ်မှာ ၃၈ ရာခိုင်နှုန်းအထိ ကျလာပါတယ်။

ရုံးပိတ်ရက်ရှည် ငါးပတ်ကျော် ခြောက်ပတ်ထဲ ရောက်ရှိလာတာတောင် ဆက်ပြီးတက်နေသေးတဲ့ သို့မဟုတ် ဖြစ်ပွားတာတန်းနေတဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ် သုံးခု ရှိပါတယ်။ အဓိက ရှမ်းပြည်နယ် ဖြစ်ပါတယ်။ ရှမ်းပြည်နယ်အနေနဲ့ ပထမအပတ်မှာ ငါးရာခိုင်နှုန်း တက်ပါတယ်။ ဒုတိယအပတ်မှာ နှစ်ရာခိုင်နှုန်း ပြန်ကျပါတယ်။ တတိယအပတ်မှာ ထူးခြားမှု မရှိပါဘူး။ စတုတ္ထအပတ်မှာ လေးရာခိုင်နှုန်းတက်ပြီး ပဉ္စမအပတ်မှာ တန်းနေတဲ့ သဘောရှိပါတယ်။ ရှမ်းပြည်နယ်အနေနဲ့ ဆက်လက်ပြီး ရောဂါဖြစ်ပွားရာ ဇာစ်မြစ်နဲ့ ရောဂါဖြစ်ပွားမှုများပြားတဲ့ မြို့နယ်၊ ဒေသ၊ ရပ်ကွက်၊ ကျေးရွာအထိဆင်းပြီး ရောဂါကာကွယ်၊ ထိန်းချုပ်ရေးနဲ့ ကုသရေးတွေကို တိုးမြှင့်ဆောင်ရွက်ဖို့လိုပါတယ်။

တနင်္သာရီတိုင်းဒေသကြီးအနေနဲ့ ပထမအပတ်မှာ ၄၃ ရာခိုင်နှုန်း၊ ဒုတိယအပတ်မှာ ၁၁၅ ရာခိုင်နှုန်း၊ တတိယအပတ်မှာ ၁၂၅ ရာခိုင်နှုန်း၊ စတုတ္ထအပတ်မှာ ၁၁၇ ရာခိုင်နှုန်းနဲ့ ပဉ္စမအပတ်မှာ ၈၈ ရာခိုင်နှုန်းအထိ ရောဂါဖြစ်ပွားတဲ့ လူဦးရေအရ တက်နေတုန်းဖြစ်ပါတယ်။ တနင်္သာရီတိုင်းဒေသကြီးအနေနဲ့ တက်တဲ့အထဲမှာပါနေဆဲဖြစ်ပါတယ်။ ရောဂါဖြစ်ပွားသူ လူဦးရေတက်နေမှု အများဆုံးက ကယားပြည်နယ် ဖြစ်ပါတယ်။ ကယားပြည်နယ်အနေနဲ့ ပထမအပတ်မှာ ၆၆ ရာခိုင်နှုန်း၊ ဒုတိယအပတ်မှာ ၈၈ ရာခိုင်နှုန်း၊ တတိယအပတ်မှာ ၁၄၁ ရာခိုင်နှုန်း၊ စတုတ္ထအပတ်မှာ ၁၈၀ ရာခိုင်နှုန်းနဲ့ ပဉ္စမအပတ်မှာ ၂၂၂ ရာခိုင်နှုန်း တက်နေပါတယ်။ ကယားပြည်နယ်က ဖြစ်ပွားတဲ့လူဦးရေအရ တွက်ကြည့်ရင် နည်းတဲ့အတွက် ကိန်းဂဏန်းအနေနဲ့ ၂၀ ကနေ ၄၀ တက်သွားတာမျိုး၊ ၁၀၀ ကနေ ၂၀၀ ဖြစ်သွားတာမျိုးဖြစ်လို့ တော်သေးတယ်လို့ပြောရပါမယ်။ အခြေခံကိန်းဂဏန်းက သောင်းဂဏန်းနဲ့ရှိပြီး နှစ်ဆသာတက်ရင် စိတ်ပူရမယ့်အနေအထားပါ။ ကယားပြည်နယ်အနေနဲ့ ဖြစ်ပွားတဲ့ လူဦးရေက အစကတည်းက နည်းပါတယ်။ အစကတည်းက နည်းတဲ့သဘောကနေ နောက်ပိုင်း နှစ်ဆတက်လာတဲ့သဘောရှိပါတယ်။

ဒီလိုမျိုးရောဂါဖြစ်ပွားမှုတွေ တက်လာရင် တက်နေတဲ့နေရာတွေမှာ တက်လာတဲ့ ကိန်းဂဏန်းကိုပြန်ပြီး Break Down ချရပါတယ်။ ဘယ်မြို့နယ်က တက်သလဲ၊ မြို့နယ်ထဲက ဘယ်ရပ်ကွက်/ကျေးရွာကတက်သလဲ၊ ရပ်ကွက်/ကျေးရွာထဲက ဘယ်လမ်းက တက်သလဲနဲ့ နောက်ဆုံး ဘယ်အိမ်က ဖြစ်သလဲအထိ ရောဂါဖြစ်ပွားမှုကို နောက်ကနေလိုက်ရပါတယ်။ ကိန်းဂဏန်းတစ်ခု တက်လာရင် သူ့ရဲ့နောက်မှာ ရောဂါရာဇဝင်ရှိပါတယ်။ ဒီရာဇဝင်ကိုလိုက်ပြီး သူနဲ့ ဆက်စပ်ထိတွေ့တဲ့သူတွေ ရှာရပါတယ်။ ဒါက ရောဂါကွင်းဆက်ဖြတ်ခြင်း ဖြစ်ပါတယ်။

ဆက်လက်ပြီး ကာကွယ်ဆေးထိုးတဲ့ လုပ်ငန်းတွေ ရှိပါတယ်။ ကာကွယ်ရေးလုပ်ငန်းတွေကို အားလုံးစုပေါင်းလုပ်ဆောင်ကြဖို့ ကျန်းမာရေးအသိပညာမြှင့်တင်ပေးရတဲ့ အပိုင်းတွေရှိတယ်။ ဒါတွေကို ပူးပေါင်းပြီး ဆောင်ရွက်ရင် ဖြစ်ပွားမှုတက်နေတဲ့ နေရာတွေလည်း လျော့သွားမှာဖြစ်တဲ့အပြင် ကုသရေးစနစ်အပေါ် သက်ရောက်လာနေတဲ့ လူနာအင်အားများပြားနေတဲ့ကိစ္စတွေ တဖြည်းဖြည်း လျော့ပါးလာပြီး တတိယလှိုင်းကို ကောင်းစွာ ဆက်လက်ကျော်ဖြတ်နိုင်မယ့် အနေအထားကို ရရှိလာမှာဖြစ်ပါတယ်။ ဒါတွေက မြန်မာနိုင်ငံရဲ့ အခြေအနေကို ဦးစွာတင်ပြခြင်းဖြစ်ပါတယ်။

(ဆက်လက်ဖော်ပြပါမည်)

# စေတနာ၊ မေတ္တာ၊ ကရုဏာများအတွက် မုဒိတာဖြစ်ရပါသည်

**ကိုရဲချမ်း**

မြန်မာနိုင်ငံတွင် ကိုဗစ်ပထမလှိုင်းကို ၂၀၂၀ ပြည့်နှစ် မတ်လမှ စတင်ဖြတ်သန်းခဲ့သည်။ ပထမလှိုင်းတွင် ကိုဗစ်-၁၉ ဗိုင်းရပ်စ်ပိုး ကူးစက်ခံရသူ ရာဂဏန်းနှင့် သေဆုံးသူ ခုဂဏန်းမျှသာရှိ၏။ ကူးစက်မှုဒုတိယလှိုင်းကို ၂၀၂၀ ပြည့်နှစ် ဩဂုတ်လတွင် ထပ်မံကြုံတွေ့ခဲ့ရသည်။ ကျန်းမာရေးဝန်ကြီးဌာန၏ထုတ်ပြန်ချက်များအရ ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလကုန်အထိ မြန်မာနိုင်ငံတွင် ကိုဗစ်ကူးစက်ခံရသည့်လူနာ ၁၂၄၂၇ ဦး၊ ကုသပျောက်ကင်းပြီး ဆေးရုံမှဆင်းခွင့်ရသူ ၃၃၉၁ ဦး၊ သေဆုံးသူ ၂၈၄ ဦးရှိပြီး ဆက်လက်ကုသမှုခံယူသူ ၈၇၅၂ ဦးရှိသည်။

**ထိုသို့ ကြိုးပမ်းဆောင်ရွက်မှုများကြောင့် ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်း အရှိန်အမြင့်ဆုံးအချိန်အခါဖြစ်သည့် ဇူလိုင်လ တတိယပတ် ဇူလိုင် ၂၃ ရက်တွင် ကိုဗစ်ရောဂါပိုးတွေ့ရှိမှု ၄၀ ဒသမ ၈၂ ရာခိုင်နှုန်းရှိခဲ့ရာမှ ယခု ဩဂုတ် ၂၉ ရက်တွင် လူဦးရေ ၂၉၁၂၇ ဦးအား စစ်ဆေးခဲ့ရာ ၃၁၆၆ ဦး စစ်ဆေးတွေ့ရှိခဲ့သဖြင့် ၁၀ ဒသမ ၈၇ ရာခိုင်နှုန်းသာရှိသည်။ ယခင်မျှော်မှန်းခဲ့သည့် ၂၀ ရာခိုင်နှုန်းအောက် ကျဆင်းလာခဲ့**

ပထမလှိုင်းနှင့် ဒုတိယလှိုင်း ကွာခြားချက်မှာ အဆ ၁၀၀ နီးပါးရှိ၍ စိုးရိမ်ပူပန်မှု မြင့်မားခဲ့သည်။ ပထမလှိုင်းတွင်ပိုးတွေ့လူနာပထမဆုံးတွေ့ခဲ့သည့် မတ်လ ၂၃ ရက်မှစ၍ ပိုးတွေ့လူနာ ၃၇၄ ဦးဖြစ်ရန် ၂၁ ပတ်ကြာသည်။ တစ်ပတ်လျှင် ၁၆ ဦးနှုန်း ပိုးတွေ့သည်။ ဒုတိယလှိုင်းစတင်ချိန် ပိုးတွေ့လူနာ ၃၇၅ ဦးမြောက်မှ ၉၉၉၁ ဦးဖြစ်ရန် တစ်လခွဲကြာသည်။

ထိုစဉ်က တစ်ရက်တာစစ်ဆေးမှုအရ ပိုးတွေ့မှုနှုန်းသည် အနိမ့်ဆုံး ၁၅ ရာခိုင်နှုန်းရှိသည်။ အစိုးရနှင့် ကျန်းမာရေးဝန်ထမ်းအားလုံးက ရေကုန်ရေခန်း အစွမ်းကုန်ကြိုးပမ်းခဲ့ကြသည်။ ဒုတိယလှိုင်းတွင် ရွေးကောက်ပွဲအောင်နိုင်ရေးနှင့် ကိုဗစ်ကွင်းဆက်ဖြတ်ရေး တပေါင်းတည်းပြုလုပ်ခဲ့ကြသည်။

**အဆင့်လေးဆင့်သတ်မှတ်**

ကိုဗစ်ရောဂါနှင့်ပတ်သက်၍ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏သတ်မှတ်ချက်အရ ရောဂါဖြစ်ပွားမှုအခြေအနေကို အဆင့်လေးဆင့်သတ်မှတ်သည်။ အတည်ပြုလူနာမရှိလျှင် အဆင့်(၁)၊ လူနာတစ်ဦးသို့မဟုတ် တစ်ဦးထက်ပိုရှိလျှင် အဆင့်(၂)၊ အချိန်နေရာထိတွေ့မှုနှင့်အတူ အစုအဖွဲ့အလိုက် ကူးစက်မှုများရှိလျှင် အဆင့်(၃)နှင့် ကြီးမားသောပြည်တွင်းကူးစက်မှုများရှိလျှင် အဆင့်(၄) ဟု သတ်မှတ်ထားသည်။ မြန်မာနိုင်ငံတွင် ၂၀၂၀ ပြည့်နှစ်က ဖြစ်ပွားခဲ့သော ကိုဗစ်ပထမလှိုင်း၊ ဒုတိယလှိုင်းသည် ကမ္ဘာ့သတ်မှတ်ချက်အရ အဆင့်(၃) ဖြစ်၍ အဆိုးရွားဆုံးအခြေအနေတော့မဟုတ်ပေ။

ယခုနှစ် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှ ဇူလိုင်လ၊ ဩဂုတ်လ။

မြန်မာနိုင်ငံတွင် ၂၀၂၁ ခုနှစ် မေ ၂၇ ရက်မှ စတင်၍ ကိုဗစ်တတိယလှိုင်း ဖြစ်ပွားခဲ့သည်။ ဇူလိုင်လတွင် အမြင့်ဆုံးနှုန်းဖြစ်လာခဲ့သည်။

ကိုဗစ်တတိယလှိုင်းမဖြစ်ပွားမီ၊ ဒုတိယလှိုင်း ဆက်လက်ဖြစ်ပွားနေဆဲ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်၌ ရွေးကောက်ပွဲနှင့်ပတ်သက်၍ မရိုးမသားပြုလုပ်မှု၊ နိုင်ငံတော်အာဏာကို အဓမ္မနည်းလမ်းဖြင့် ရယူရန် ကြိုးစားမှုတို့ကြောင့် နိုင်ငံတော်တာဝန်ထိန်းသိမ်းမှုဖြစ်ပေါ်ခဲ့သည်။ ထိုအခါ အစိုးရဆန့်ကျင်ရေး ပထမဆုံး CDM ပြုလုပ်ခဲ့ကြသူများမှာ ကျန်းမာရေးဝန်ကြီးဌာနမှ ဆရာဝန်၊ သူနာပြုနှင့် ဆေးဘက်ဆိုင်ရာဝန်ထမ်းများဖြစ်သည်။ CDM ပြုလုပ်မှုကြောင့် ကျန်းမာရေးစနစ်ကြီး ပြိုလဲသကဲ့သို့ ဖြစ်ခဲ့ရသည်။ ပထမလှိုင်း၊ ဒုတိယလှိုင်းဖြစ်စဉ်က စေတနာထက်သန်စွာဖြင့် ပြည်သူတို့အား ရောဂါကာကွယ်ကုသ စောင့်ရှောက်မှုပေးခဲ့ကြသော ကျန်းမာရေးဝန်ထမ်းများမှာ တတိယလှိုင်း မဖြစ်မီ ပြည်သူတို့အား ကျောခိုင်းထွက်ခွာသွားခဲ့ကြသည်။

ကျန်းမာရေးဝန်ထမ်းအင်အား တစ်ဝက်နီးပါး CDM ပြုလုပ်ကြသောကြောင့် တာဝန်ကိုယ်စီလုပ်ကြရသောဆေးရုံများမှာ ပုံမှန်မလည်ပတ်နိုင်။ အချို့ဆေးရုံတံခါးများ ပိတ်ထားခဲ့ကြပြီး အချို့ဆေးရုံများမှာ လူနာကို လက်ခံနိုင်သော်လည်း ကုသပေးမည့်သူ အလုံအလောက်မရှိချေ။ ရောဂါဝေဒနာရှင်များမှာ ကိုယ့်အသက်ကို ဖက်နှင့်ထုပ်ရမလို ဖြစ်ခဲ့ကြသည်။ တတိယလှိုင်းအမြင့်ဆုံးဖြစ်သည့် ဇူလိုင်လတွင် ရောဂါပြင်းထန်သူများ သေဆုံးမှုအမြင့်မားဆုံးဖြစ်ခဲ့သည်ကို တွေ့ရသည်။ ဇူလိုင်လသည် စိတ်မချမ်းမြေ့ဖွယ်ရာအကောင်းဆုံးလတစ်လ ဖြစ်ခဲ့သည်။ ဖေဖော်ဝါရီလမှစ၍ ကျန်းမာရေးဝန်ထမ်းများမှာ ပြည်သူတို့အား ကျောခိုင်းထွက်ခွာခဲ့သော်လည်း ကျန်ရှိသည့် တာဝန်သိကျန်းမာရေးဝန်ထမ်းများနှင့်အတူ ဆေးဘက်ဆိုင်ရာ တပ်မတော်သားများက ပြည်သူတို့၏အသက်ကို အစွမ်းကုန်ကယ်တင်ပေးခဲ့သည်။

**အမျိုးသားရေးအဖြစ် ကြိုးပမ်း**

နိုင်ငံတော်အစိုးရ၊ တပ်မတော်၊ ပြည်သူလူထုနှင့် တာဝန်ရှိသူများက ကိုဗစ်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကို အမျိုးသားရေးအဖြစ် ကြိုးပမ်းဆောင်ရွက်ကြသည်။ တာဝန်သိကျန်းမာရေးဝန်ထမ်းများ၊ တပ်မတော်မှ ဆရာဝန်များက ဆေးရုံများ ပြန်လည်ဖွင့်လှစ်နိုင်အောင် ကြိုးစားကြသည်။ ရောဂါကင်းဝေးရေးအတွက် ပြည်သူလူထုအား ကာကွယ်ဆေးထိုးပေးကြသည်။

NLD ထောက်ခံသော အချို့ဆရာဝန်များနှင့် ကျန်းမာရေးဝန်ထမ်းအချို့က CDM ပြုလုပ်ပြီး ကျန်းမာရေးစနစ်ယိုင်လဲအောင် ပြုလုပ်ကြသည်။ NLD ပါတီဝင်အချို့နှင့် ၎င်းတို့ကို ထောက်ခံသူ အစွန်းရောက်များက လှုံ့ဆော်မှု၊ ခြိမ်းခြောက်မှု၊ ဖျက်ဆီးမှု၊ သတ်ဖြတ်မှုများပြုလုပ်ကြသည်။ အမရပူရမြို့တွင် ကိုဗစ်ရောဂါ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်သည့် စေတနာ့ဝန်ထမ်းအဖွဲ့ကို ပစ်ခတ်တိုက်ခိုက်ခဲ့သည်။ စေတနာ့ဝန်ထမ်းအမျိုးသမီး တစ်ဦးသေဆုံးပြီး သုံးဦးဒဏ်ရာရခဲ့သည်။ မြောက်ဥက္ကလာဆေးရုံကြီးတွင် အောက်ဆီဂျင်ပိုက်လိုင်းများကို ထုရိုက်ဖျက်ဆီးခဲ့သည်။ မရမ်းကုန်းမြို့နယ်တွင် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ ကာကွယ်ဆေးထိုးနှံစဉ် လက်ပစ်ဗုံးဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သည်။ ကယားပြည်နယ် ဖယ်ခုံမြို့၌ ကာကွယ်ဆေးထိုးနှံစဉ် ချိန်ကိုက်မိုင်းဖောက်ခွဲခဲ့၍ ရဲတပ်ဖွဲ့ဝင်တစ်ဦး ကျဆုံးပြီး စေတနာ့ဝန်ထမ်းတစ်ဦး ဒဏ်ရာရခဲ့သည်။ ကိုဗစ်စစ်ဆေးရေးဂိတ်များကို ပစ်ခတ်တိုက်ခိုက်ခဲ့သည်။ ပုလဲမြို့ရှိ လူမှုကူညီရေးအသင်း အောက်ဆီဂျင်ဖြည့်တင်းရေးဆွေးနွေးစဉ် လက်ပစ်ဗုံးဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သည်။ အဆိုပါဖြစ်စဉ်မျိုး ၁၈ ကြိမ်ဖြစ်ခဲ့သည်။

**အောင်မြင်မှုများအား ဂုဏ်ပြုကျေးဇူးတင် မုဒိတာပွားများ**

ကိုဗစ်တတိယလှိုင်းကြောင့် ပြည်သူတို့သောက၊ ဒုက္ခများနေစဉ် အစိုးရနှင့် ပြည်သူလူထုအလုံးစုံဒုက္ခရောက်စေရန်အတွက် NLD အစွန်းရောက်များနှင့် CRPH၊ NUG၊ PDF များက ယုတ်မာပက်စက်မှုများ အစွမ်းကုန်ပြုလုပ်ခဲ့ကြသည်။ ထိုသို့ ယုတ်မာရက်စက်မှုများကို တွန်းလှန်ဖယ်ရှားပြီး ကိုဗစ်တတိယလှိုင်းစိန်ခေါ်မှုများကို အစိုးရ၊ တပ်မတော်၊ ပြည်သူလူထုနှင့် လူမှုရေးအသင်းအဖွဲ့များက အရှိန်အဟုန်မလျှော့ဘဲ ပူးပေါင်းလက်တွဲဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ ကြိုးပမ်းဆောင်ရွက်မှုများကြောင့် **ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်း အရှိန်အမြင့်ဆုံးအချိန်အခါဖြစ်သည့် ဇူလိုင်လ တတိယပတ် ဇူလိုင် ၂၃ ရက်တွင် ကိုဗစ်ရောဂါပိုးတွေ့ရှိမှု ၄၀ ဒသမ ၈၂ ရာခိုင်နှုန်းရှိခဲ့ရာမှ ယခု ဩဂုတ် ၂၉ ရက်တွင် လူဦးရေ ၂၉၁၂၇ ဦးအား စစ်ဆေးခဲ့ရာ ၃၁၆၆ ဦး စစ်ဆေးတွေ့ရှိခဲ့သဖြင့် ၁၀ ဒသမ ၈၇ ရာခိုင်နှုန်းသာရှိသည်။ ယခင်မျှော်မှန်းခဲ့သည့် ၂၀ ရာခိုင်နှုန်းအောက် ကျဆင်းလာခဲ့သည်။**

နိုင်ငံတော်ကို ဒီမိုကရေစီလမ်းကြောင်းပေါ်သို့ ပြန်လည်တည့်မတ်အောင် ကြိုးပမ်းဆောင်ရွက်နေချိန်တွင် ဝေဖန်မှုများ၊ နှောင့်ယှက်ဖျက်ဆီး တိုက်ခိုက်မှုအမျိုးမျိုးကြားမှ ပြည်သူလူထုကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို စေတနာ၊ မေတ္တာ၊ ကရုဏာစိတ်ထားများဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသူများအားလုံးကို အသိအမှတ်ပြုရမည်ဖြစ်သည်။ ပြည်သူလူထုကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် ရှေ့တန်းမှ စွန့်လွှတ်စွန့်စားကြိုးစားပြီး တိုင်းပြည်နှင့် လူမျိုးအပေါ် အသိတရားရှိရှိ ကြိုးပမ်းဆောင်ရွက်ကြသည့် ဆရာဝန်များ၊ ဆရာမများ၊ ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ စေတနာ့ဝန်ထမ်းအသင်းအဖွဲ့များ၊ ပြည်သူပြည်သားအားလုံးနှင့် တပ်မတော်ဆေးတပ်ဖွဲ့ဝင်များအားလုံးတို့အား မှတ်တမ်းတင်ဂုဏ်ပြုလိုက်ရပါသည်။ ပြည်သူပြည်သားအားလုံးတို့ကိုယ်စား ကျေးဇူးအထူးတင်ရှိပါသည်။ ကြိုးပမ်းအားထုတ်မှုများ၊ အောင်မြင်မှုများအား ပြည်သူတစ်ယောက်အနေဖြင့် မုဒိတာဖြစ်ရပါသည်။ ။

**နိုင်ငံတော်ကို ဒီမိုကရေစီလမ်းကြောင်းပေါ်သို့ ပြန်လည်တည့်မတ်အောင် ကြိုးပမ်းဆောင်ရွက်နေချိန်တွင် ဝေဖန်မှုများ၊ နှောင့်ယှက်ဖျက်ဆီး တိုက်ခိုက်မှုအမျိုးမျိုးကြားမှ ပြည်သူလူထုကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို စေတနာ၊ မေတ္တာ၊ ကရုဏာစိတ်ထားများဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသူများအားလုံးကို အသိအမှတ်ပြုရမည်ဖြစ်သည်။ ပြည်သူလူထု ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် ရှေ့တန်းမှ စွန့်လွှတ်စွန့်စားကြိုးစားပြီး တိုင်းပြည်နှင့်လူမျိုးအပေါ် အသိတရားရှိရှိ ကြိုးပမ်းဆောင်ရွက်ကြသည့် ဆရာဝန်များ၊ ဆရာမများ၊ ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ စေတနာ့ဝန်ထမ်းအသင်းအဖွဲ့များ၊ ပြည်သူပြည်သားအားလုံးနှင့် တပ်မတော်ဆေးတပ်ဖွဲ့ဝင်များအားလုံးတို့အား မှတ်တမ်းတင်ဂုဏ်ပြုလိုက်ရပါသည်။ ပြည်သူပြည်သားအားလုံးတို့ကိုယ်စား ကျေးဇူးအထူးတင်ရှိပါသည်။ ကြိုးပမ်းအားထုတ်မှုများ၊ အောင်မြင်မှုများအား ပြည်သူတစ်ယောက်အနေဖြင့် မုဒိတာဖြစ်ရ**

# အမေရိကန်နိုင်ငံက ကဘူးလ်မြို့ရှိ အမေရိကန်သံရုံးအား ယာယီပိတ်သိမ်းကြောင်း ကြေညာ




**ဝါရှင်တန် ဩဂုတ် ၃၁**

အမေရိကန်နိုင်ငံသည် အာဖဂန်နစ္စတန်နိုင်ငံရှိ အမေရိကန်သံရုံးအား ယာယီပိတ်သိမ်းလိုက်ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီး အန်တိုနီဘလင်ကန်က ယမန်နေ့တွင် ကြေညာသည်။

အာဖဂန်နစ္စတန်နိုင်ငံရှိ အမေရိကန်တပ်ဖွဲ့ဝင်များအားလုံးကို ရုပ်သိမ်းခဲ့ပြီးနောက် ကဘူးလ်မြို့ရှိ အမေရိကန်သံရုံးဝန်ထမ်းများကိုလည်း ကာတာနိုင်ငံ ဒိုဟာမြို့သို့ ပြန်လည်နေရာချထားခဲ့ကြောင်း ယမန်နေ့တွင် ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဘလင်ကန်က အတည်ပြုပြောကြားသည်။

ထို့ပြင် အာဖဂန်နစ္စတန်နိုင်ငံတွင် ဆောင်ရွက်နေသည့် အမေရိကန်နိုင်ငံ၏ စစ်ရေးမစ်ရှင်သည်လည်း ပြီးဆုံးခဲ့ပြီးဖြစ်ကြောင်း ဘလင်ကန်က ထပ်လောင်းပြောကြားသည်။ အမေရိကန်နိုင်ငံသားများနှင့် ဒေသတွင်းလုပ်ဖော်ကိုင်ဖက် ၂၀၀ ကျော်သည် အာဖဂန်နစ္စတန်နိုင်ငံ၌ ကျန်ရှိနေသေးကြောင်း ဘလင်ကန်က ပြောကြားသည်။

အမေရိကန်နိုင်ငံအနေဖြင့် အာဖဂန်နစ္စတန်နိုင်ငံ၌ ပိတ်မိနေသည့် အမေရိကန်နိုင်ငံသားများနှင့် အခြားသူများကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးရေး ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်းနှင့် အမျိုးသမီးများ၏ အခွင့်အရေးကိုလည်း အကာအကွယ်ပေးသွားမည်ဖြစ်ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဘလင်ကန်က ထုတ်ဖော်ပြောကြားသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-အလင်းသစ်**



# အာရှဖွံ့ဖြိုးရေးဘဏ်ဥက္ကဋ္ဌအဖြစ် ဂျပန်နိုင်ငံသားအာဆာကာဝါ ပြန်လည်အရွေးခံရ

**မနီလာ ဩဂုတ် ၃၁**

အာရှဖွံ့ဖြိုးရေးဘဏ်၏ဥက္ကဋ္ဌ အာဆတ်ဆူဂူအာဆာကာဝါကို ဥက္ကဋ္ဌအဖြစ် ပြန်လည်ရွေးချယ်တင်မြှောက်ခဲ့ကြောင်း အာရှဖွံ့ဖြိုးရေးဘဏ်က ယနေ့ပြောကြားသည်။

### ငါးနှစ်ကြာ တာဝန်ယူဆောင်ရွက်သွားမည်

၂၀၁၉ ခုနှစ် ဇူလိုင်လအထိ ဂျပန်နိုင်ငံ၏ ဘဏ္ဍာရေးဝန်ကြီးဌာနတွင် ဒုတိယဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည့် အသက် ၆၃ နှစ်အရွယ် အာဆာကာဝါသည် ၂၀၂၁ ခုနှစ် နိုဝင်ဘာ ၂၄ ရက်မှစ၍ အာရှ ဖွံ့ဖြိုးရေးဘဏ်၏ ဥက္ကဋ္ဌအဖြစ် ငါးနှစ်ကြာ တာဝန်ယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း မနီလာမြို့အခြေစိုက် အာရှဖွံ့ဖြိုးရေးဘဏ်၏ ဖော်ပြချက်အရ သိရသည်။

အာဆာကာဝါသည် ထူးချွန်သော ခေါင်းဆောင်မှုဆိုင်ရာ အရည်အသွေးများနှင့် ပြည့်စုံပြီး ကိုဗစ်-၁၉ ရောဂါတိုက်ဖျက်ရေးအတွက် ခိုင်မာစွာအထောက်အကူပြုဆောင်ရွက်ခဲ့ကြောင်း ဂျပန်ဘဏ္ဍာရေးဝန်ကြီး တာရိုအာဆိုက ပြောကြားသည်။

### အဖွဲ့ဝင် ၆၈ နိုင်ငံရှိ

ဆင်းရဲနွမ်းပါးမှု ပပျောက်ရေးနှင့် အာရှ-ပစိဖိတ်ဒေသအတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းကို ပံ့ပိုးပေးရန်ရည်ရွယ်ချက်ဖြင့် ၁၉၆၆ ခုနှစ်က စတင်တည်ထောင်ခဲ့သည့် အာရှဖွံ့ဖြိုးရေးဘဏ်ကို ဂျပန်နိုင်ငံသားများက ဦးဆောင်လာခဲ့သည်။ လက်ရှိအချိန်တွင် အာရှဖွံ့ဖြိုးရေးဘဏ်သည် တရုတ်၊ တောင်ကိုရီးယားနိုင်ငံတို့အပါအဝင် အဖွဲ့ဝင် ၆၈ နိုင်ငံရှိကြောင်း သိရသည်။

အာဆာကာဝါသည် ဂျပန်နိုင်ငံအလယ်ပိုင်း ရှီဇူအိုကာခရိုင် ဇာတိဖြစ်ပြီး တိုကျိုတက္ကသိုလ်မှ ဘွဲ့ရရှိကာ ၁၉၈၁ ခုနှစ်က ဘဏ္ဍာရေးဝန်ကြီးဌာနတွင် စတင်တာဝန်ထမ်းဆောင်ခဲ့သည်။

**ကိုးကား-ကျိုဒိုနယူးစ်**
**ဘာသာပြန်-ဂျေတီ**

# အိန္ဒိယနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၃၀၉၄၁ ဦးရှိ

**နယူးဒေလီ ဩဂုတ် ၃၁**

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၃၀၉၄၁ ဦးရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၃၂၇၆၈၈၈၀ ရှိလာကြောင်း အိန္ဒိယနိုင်ငံကျန်းမာရေးဝန်ကြီးဌာန၏ နောက်ဆုံးအချက်အလက်များအရ သိရသည်။

### သေဆုံးသူပေါင်း ၄၃၈၅၆၀ ရှိ

ထို့ပြင် အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၃၅၀ ထပ်တိုးလာခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကြောင့်သေဆုံးသူပေါင်း ၄၃၈၅၆၀ ရှိလာကြောင်း သိရသည်။

အိန္ဒိယနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူအများဆုံးနှင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူအများဆုံးပြည်နယ်သည် ကီရာလာပြည်နယ်ဖြစ်ကြောင်းလည်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

လက်ရှိတွင် အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိဆဲလူနာပေါင်း ၃၇၀၆၄၀ ရှိကြောင်းနှင့် လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံအသီးသီးမှ ဆင်းခွင့်ရရှိသူ ၃၆၂၇၅ ဦးရှိခြင်းကြောင့် တစ်နိုင်ငံလုံး အတိုင်းအတာအရ ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူပေါင်း ၃၁၉၅၉၆၈၀ ရှိလာကြောင်း အိန္ဒိယကျန်းမာရေး ဝန်ကြီးဌာနက ပြောကြားသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**



# ဗီယက်နမ်နိုင်ငံ၌ ပြည်တွင်းလေကြောင်း ခရီးစဉ်များအတွက် လက်မှတ်များ ရောင်းချခြင်းကို ရပ်ဆိုင်း




**ဟနွိုင်း ဩဂုတ် ၃၁**

ဗီယက်နမ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုများ မြင့်တက်နေသဖြင့် ပြည်တွင်းလေကြောင်း ခရီးစဉ်များအတွက် လက်မှတ်များရောင်းချခြင်းကို ရပ်ဆိုင်းထားရန် ဗီယက်နမ်မြို့ပြလေကြောင်း အာဏာပိုင်အဖွဲ့က နိုင်ငံအတွင်းရှိ လေကြောင်းလိုင်းများအား ညွှန်ကြားထားကြောင်း ဗီယက်နမ်သတင်းအေဂျင်စီက ယနေ့ပြောကြားသည်။

ယခုကဲ့သို့ လေယာဉ်လက်မှတ်များ ရောင်းချခြင်းအား ရပ်ဆိုင်းရန်ညွှန်ကြားခဲ့ခြင်းသည် လေကြောင်းလိုင်းများအား ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကျန်းမာရေး စည်းမျဉ်းများလိုက်နာစေရန် ကြပ်မတ်ဆောင်ရွက်ခြင်းဖြစ်ပြီး ခရီးသည်များအား ကိုဗစ်-၁၉ ရောဂါ မကူးစက်စေရေးအတွက် ဆောင်ရွက်ခြင်းဖြစ်ကြောင်း ဗီယက်နမ်မြို့ပြ လေကြောင်းအာဏာပိုင်အဖွဲ့က ပြောကြားသည်။

နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုများပြားသဖြင့် လက်ရှိအချိန်၌ ကျန်းမာရေးဆိုင်ရာ စည်းမျဉ်းများချမှတ်ထားသည့် ပြည်နယ်များနှင့် မြို့များမှ မြို့တော်ဟနွိုင်းသို့ ပြေးဆွဲသော လေကြောင်းခရီးစဉ်များအား အရေးအတွက် လျှော့ချပြေးဆွဲရန် အဆိုပါအဖွဲ့က ညွှန်ကြားခဲ့သည်။ လက်ရှိအချိန်၌ နိုင်ငံတောင်ပိုင်းရှိ မြို့များဖြစ်သော ကန်သိုးနှင့် ဖူကွိမြို့များမှ မြို့တော်ဟနွိုင်းသို့ ပြေးဆွဲလျက်ရှိသော လေကြောင်းခရီးစဉ်များကို ရပ်နားထားသည်။ ထို့ပြင် လက်ရှိအချိန်၌ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုများ၏ ဗဟိုချက်ဒေသဖြစ်သော ဟိုချီမင်းစီးတီးမှ မြို့တော်ဟနွိုင်းသို့ တစ်ရက်လျှင် နှစ်ကြိမ်သာပြေးဆွဲခွင့်ပြုကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**

# ဒယ်လ်တာဗီဇပြောင်းဗိုင်းရပ်စ် မျိုးစိတ်သစ်တစ်မျိုး ရှာဖွေတွေ့ရှိကြောင်း ဂျပန်သုတေသီများပြောကြား

**တိုကျို ဩဂုတ် ၃၁**

ဂျပန်နိုင်ငံရှိ သုတေသီများက ဒယ်လ်တာဗီဇပြောင်း ဗိုင်းရပ်စ်မျိုးစိတ်သစ်တစ်မျိုးကို ရှာဖွေတွေ့ရှိကြောင်း ယမန်နေ့က ပြောကြားသည်။

တိုကျိုမြို့ ဆေးဘက်ဆိုင်ရာတက္ကသိုလ်မှ တွဲဖက်ပါမောက္ခ တာကူချီဟိုင်ရိုကီ ဦးဆောင်သော သုတေသနအဖွဲ့က N501S ဟု အမည်ရသော ယင်းဒယ်လ်တာဗီဇပြောင်းဗိုင်းရပ်စ်၏ မျိုးစိတ်သစ်တစ်မျိုးကို အဆိုပါဆေးဘက်ဆိုင်ရာတက္ကသိုလ်၌ လာရောက်ကုသမှုခံယူနေသည့် ဒယ်လ်တာဗီဇပြောင်းဗိုင်းရပ်စ်ကူးစက်ခံရသူတစ်ဦးတွင် တွေ့ရှိခဲ့ခြင်းဖြစ်သည်။

ယခုဂျပန်နိုင်ငံ၌တွေ့ရှိရသော N501S ဗီဇပြောင်းဗိုင်းရပ်စ်သည် ဗြိတိန်နိုင်ငံ၌ တွေ့ရှိခဲ့သည့် အယ်လ်ဖာဗီဇပြောင်းဗိုင်းရပ်စ်၏ မျိုးစိတ်သစ်တစ်မျိုးဖြစ်သည့် N501Y ဗီဇပြောင်းဗိုင်းရပ်စ်နှင့် ပုံသဏ္ဌာန်ချင်းတူညီကြောင်း သိရသည်။ N501S ဗီဇပြောင်းဗိုင်းရပ်စ်နှင့်ပတ်သက်သည့်အသေးစိတ် လေ့လာမှုများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အဆိုပါသုတေသနအဖွဲ့ကပြောကြားသည်။ နိုင်ငံအတွင်းလက်ရှိအချိန်၌ ဗိုင်းရပ်စ်များ ပြန့်ပွားနေသဖြင့် အဆိုပါဗိုင်းရပ်စ်များမှတစ်ဆင့် အခြားအမျိုးအစား ဗီဇပြောင်းဗိုင်းရပ်စ်များစွာ ထပ်မံပြန့်ပွားလာနိုင်သဖြင့် ဗိုင်းရပ်စ်တိုက်ဖျက်ရေး လုပ်ငန်းများကို အရှိန်အဟုန်မြင့် ဆောင်ရွက်သွားမည်ဟု တာကူချီက ပြောကြားသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-စိုးသူရ**





# တရုတ်နိုင်ငံက Sinovac ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ဖိလစ်ပိုင်နိုင်ငံသို့ ထပ်မံပေးပို့

**မနီလာ ဩဂုတ် ၃၁**

ဖိလစ်ပိုင်နိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကို အထောက်အပံ့ပေးရန်အတွက် တရုတ်နိုင်ငံက ဖိလစ်ပိုင်နိုင်ငံသို့ Sinovac ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ထပ်မံပေးပို့ခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

တရုတ်နိုင်ငံသည် ဖိလစ်ပိုင်နိုင်ငံသို့ Sinovac ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများကို ဖေဖော်ဝါရီ ၂၈ ရက်က ပထမဆုံးအကြိမ် ပေးပို့ခဲ့ခြင်းဖြစ်ပြီး ဖိလစ်ပိုင်နိုင်ငံသည် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှု အစီအစဉ်ကို မတ် ၁ ရက်တွင် စတင်ခဲ့ခြင်းဖြစ်သည်။

လက်ရှိတွင် ဖိလစ်ပိုင်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအလုံးရေ ၃၃ သန်းကျော်အသုံးပြုခဲ့ပြီး လူဦးရေ ၁၃ ဒသမ ၈ သန်းကျော်သည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှစ်ကြိမ်စလုံး ထိုးနှံပြီးစီးခဲ့ကြောင်း သိရသည်။ ဖိလစ်ပိုင်နိုင်ငံအစိုးရသည် ယခုနှစ်အတွင်း လူဦးရေသန်း ၇၀ အား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးရန် ရည်ရွယ်ထားသည်။

ဖိလစ်ပိုင်နိုင်ငံသည် ယနေ့အထိ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထုတ်လုပ်သူများထံမှ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအလုံးရေ ၅၂ သန်းနီးပါး လက်ခံရရှိခဲ့ကြောင်းနှင့် တရုတ်နိုင်ငံသည် ဖိလစ်ပိုင်နိုင်ငံသို့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အများဆုံးထောက်ပံ့သည့်နိုင်ငံဖြစ်ကြောင်း သိရသည်။

ဖိလစ်ပိုင်နိုင်ငံ၌ ဩဂုတ် ၃၁ ရက်အထိ နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူစုစုပေါင်း ၁၉၈၉၈၅၇ ဦးရှိကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၃၃၄၄၈ ဦးရှိကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**

# မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၁ ဒသမ ၇၄ သန်းကျော်ရှိ

**ကွာလာလမ်ပူ ဩဂုတ် ၃၁**

မလေးရှားနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၀၈၉၇ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူစုစုပေါင်း ၁၇၄၆၂၅၄ ဦး ရှိလာကြောင်း မလေးရှားကျန်းမာရေးဝန်ကြီးဌာနက ယနေ့တွင် သတင်းထုတ်ပြန်သည်။

အဆိုပါ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၀၈၉၇ ဦးအနက် ၂၀၈၉၆ ဦးသည် ပြည်တွင်း၌ ကူးစက်ခံရသူများဖြစ်ကြောင်းနှင့် တစ်ဦးသည် ပြည်ပမှ ပြန်လည်ရောက်ရှိလာသူများအနက်မှ ကူးစက်ခံရသူဖြစ်ကြောင်း မလေးရှားကျန်းမာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် နော်ဟစ်ရှမ်အဗ္ဗဒူလာက သတင်းစာရှင်းလင်းပွဲတွင်ပြောကြားသည်။

အလားတူ မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၂၈၂ ဦးထပ်တိုးလာခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါကြောင့်သေဆုံးသူ စုစုပေါင်း ၁၆၆၆၄ ဦး ရှိလာကြောင်း သိရသည်။ ထို့ပြင် မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံအသီးသီးမှ ဆင်းခွင့်ရရှိသူ ၁၈၄၆၅ ဦး ထပ်တိုးလာခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူစုစုပေါင်း ၁၄၆၁၇၂၇ ဦး ရှိလာကြောင်းနှင့် ယင်းအရေအတွက်သည် မလေးရှားနိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူစုစုပေါင်း၏ ၈၃ ဒသမ ၇ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

လက်ရှိတွင် မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိဆဲလူနာ စုစုပေါင်း ၂၆၇၈၆၃ ဦး ရှိကြောင်း၊ ယင်းတို့အနက် ၁၀၀၅ ဦးသည် အထူးကြပ်မတ်ကုသဆောင်များ၌ ဆေးဝါးကုသမှုခံယူလျက်ရှိကြောင်းနှင့် ၄၆၄ ဦးသည် အသက်ရှူ အထောက်အကူပြုကိရိယာများ လိုအပ်လျက်ရှိကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**



# ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များ ဖြေလျှော့ခြင်းဖြင့် နိုင်ငံစီးပွားရေး ပြန်လည်ဖွံ့ဖြိုးလာမည်ဟု ထိုင်းတာဝန်ရှိသူများပြောကြား

**ဗန်ကောက် ဩဂုတ် ၃၁**

ထိုင်းအစိုးရက စက်တင်ဘာ ၁ ရက်နေ့တွင် စတင်ဆောင်ရွက်မည့် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အသွားအလာကန့်သတ်မှုများ ဖြေလျှော့ခြင်းဖြင့် နိုင်ငံစီးပွားရေး ပုံမှန်ပြန်လည်ဖွံ့ဖြိုးရေးအတွက် အထောက်အကူပြုမည်ဖြစ်ကြောင်း ထိုင်းဘဏ္ဍာရေးဝန်ကြီး အက်ဟွန် တန်ပီတရာပီဆက်က ယမန်နေ့တွင် ပြောကြားသည်။

လက်ရှိအချိန်၌နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုများသည် တည်ငြိမ်သော အနေအထားသို့ ရောက်ရှိလာသည်ကို တွေ့မြင်နေရသဖြင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာကန့်သတ်ချက်များကို တင်းကျပ်စွာထပ်မံချမှတ်ပါက နိုင်ငံ၏ စီးပွားရေးကျုံ့သွားမည်ဖြစ်ကြောင်းနှင့် နိုင်ငံအတွင်းရှိ လက်လီအရောင်းဆိုင်များနှင့် စားသောက်ဆိုင်များအား ပြန်လည်ဖွင့်လှစ်ခွင့်ပြုခြင်းဖြင့် ပြည်သူများ၏ ဘဝရပ်တည်မှုကို အထောက်အကူပြုမည်ဖြစ်ကြောင်း ၎င်းကပြောကြားသည်။

သို့ရာတွင် နိုင်ငံအတွင်း လက်ရှိအချိန်၌ ကိုဗစ်-၁၉ရောဂါဆက်လက်ဖြစ်ပွားနေဆဲဖြစ်သဖြင့် အဆိုပါ ကိုဗစ်-၁၉ရောဂါဆိုင်ရာစည်းမျဉ်းများ ဖြေလျှော့မှုကို ဂရုတစ်စိုက်အဆင့်လိုက် ဆောင်ရွက်သွားရန် အရေးကြီးကြောင်း ၎င်းက ပြောကြားသည်။ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ စည်းမျဉ်းများဖြေလျှော့မည့်အရေးသည် ကုန်ထုတ်လုပ်မှုကဏ္ဍအတွက် အပေါင်းလက္ခဏာ ဆောင်သော ဆောင်ရွက်ချက်ဖြစ်ကြောင်း စက်မှုလုပ်ငန်းဝန်ကြီး ဆူရီရာ ဂျန်ရန်ရီအန်ကစ်ကပြောကြားသည်။ အစိုးရအနေဖြင့် ကိုဗစ်-၁၉ရောဂါတိုက်ဖျက်ရေးအတွက် နည်းလမ်းများ ချမှတ်ဆောင်ရွက်ရန် စက်ရုံပိုင်ရှင်များနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး နိုင်ငံအတွင်း လက်ရှိဆောင်ရွက်လျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံရေးလုပ်ငန်းများကို အရှိန်မြင့်တင်ခြင်းအပါအဝင် ကိုဗစ်-၁၉ရောဂါဆိုင်ရာ ကန့်သတ်မှုများ ချမှတ်ထားခြင်းမှ ဖြေလျှော့ပေးရန်ဆောင်ရွက်လျက်ရှိသောကြောင့် ကုန်ထုတ်လုပ်မှုကဏ္ဍပြန်လည်ဖွံ့ဖြိုးရေးအတွက် အထောက်အကူရရှိမည်ဖြစ်ကြောင်း ဆူရီရာကပြောကြားသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**

**ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ**

| | |
|---|---|
| ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ | ၂၁၈၀၇၁၈၇၉ ဦး |
| သေဆုံးသူ | ၄၅၂၆၈၉၄ ဦး |
| ပြန်လည်ကျန်းမာလာသူ | ၁၉၄၉၇၄၅၄၆ ဦး |

# အကြမ်းဖက်မှုများကို ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းကာကွယ်တိုက်ဖျက်ကြရန်နှင့် သတင်းပေးသူနှင့် ဖမ်းဆီးသူများအား ထိုက်တန်စွာ ဆုချီးမြှင့်မည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ချက်

၁။ အကြမ်းဖက်အုပ်စုများဖြစ်သည့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ(CRPH)၊ အမျိုးသားညီညွတ်ရေးအစိုးရ(NUG) နှင့် ယင်းကအမည်အမျိုးမျိုးဖြင့် ဖွဲ့စည်းထားသည့် ပြည်သူ့ကာကွယ်ရေးတပ်မတော်(PDF)အဖွဲ့များသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်အား အကောင်အထည်ဖော်ဆောင်ရွက်ခြင်းမပြုနိုင်စေရန်အတွက် အစိုးရ၏ အုပ်ချုပ်ရေးယန္တရားများ ပျက်ပြားစေရန်၊ ပြည်သူလူထုအား ကြောက်ရွံ့မှုများဖြစ်ပေါ်စေပြီး ၎င်းတို့အား ထောက်ခံလာစေရန် အကြမ်းဖက်တိုက်ခိုက်မှုများကို နေ့စဉ်ကျူးလွန်လျက်ရှိပါသည်။

၂။ အကြမ်းဖက်မှုများသည် ပြည်သူတို့၏ လူမှုဘဝလုံခြုံမှုကို ခြိမ်းခြောက်လျက်ရှိပြီး စိုးရိမ်ကြောက်လန့်မှုများ ဖြစ်ပေါ်စေကာ၊ နိုင်ငံနှင့် လူမျိုးဂုဏ်သိက္ခာ နိမ့်ကျစေသည်ဖြစ်၍ ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းကာကွယ်တိုက်ဖျက်ကြရန် အထူးလိုအပ်ပါသည်။

၃။ အကြမ်းဖက်မှုဆိုသည်မှာ မိမိကိုယ်တိုင် အကြမ်းဖက်တိုက်ခိုက်မှုတွင် မပါဝင်သော်လည်း အကြမ်းဖက်သမား၊ အကြမ်းဖက်အုပ်စုတို့နှင့် စပ်လျဉ်း၍ အောက်ပါပြုလုပ်မှုတစ်ခုခုကို ပြုလုပ်ပါက အကြမ်းဖက်မှု ကျူးလွန်ရာရောက်ပြီး အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ အရေးယူခြင်း ခံရမည်ဖြစ်ပါသည်-

(က) အကြမ်းဖက်အုပ်စု တစ်ခုခုတွင်ဖြစ်စေ၊ အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်ရာတွင်ဖြစ်စေ ပါဝင်စေရန် တိုက်တွန်းမှု၊ စည်းရုံးသိမ်းသွင်းမှု၊ ဝါဒဖြန့်မှု၊ စုဆောင်းရန် ပြုလုပ်မှုများ၊

(ခ) အကြမ်းဖက်သမား၊ အကြမ်းဖက်အုပ်စုတစ်ခုခု၏ အဖွဲ့ဝင်ကို ဖမ်းဆီးအရေးယူနိုင်ခြင်း မပြုနိုင်စေရန်၊ လွတ်မြောက်စေရန် ထိမ်ချန်ခြင်း၊ သိလျက်နှင့် ခိုလှုံခွင့်ပေးခြင်း၊ ပုန်းအောင်းခွင့်ပေးခြင်း၊ ယာယီတည်းခိုနေထိုင်ခွင့်ပေးခြင်း၊ ဝှက်ထားခြင်း၊

(ဂ) အကြမ်းဖက်သမား၊ အကြမ်းဖက်အုပ်စုတစ်ခုခု၏ အဖွဲ့ဝင်ကို အဆောက်အအုံနှင့် နေရာတစ်ခုခုကို အသုံးပြုခွင့်၊ စုဝေးခွင့်၊ အစည်းအဝေးပြုလုပ်ခွင့်၊ အကြမ်းဖက်မှုဆိုင်ရာ လေ့ကျင့်သင်တန်းပေးရန်၊ သယ်ယူပို့ဆောင်ရေးစီစဉ်ဆောင်ရွက်ပေးရန် ပြုလုပ်မှုများ၊

(ဃ) အကြမ်းဖက်သမား၊ အကြမ်းဖက်အုပ်စုတစ်ခုခုအတွက် ငွေကြေးထောက်ပံ့ခြင်း၊ ကောက်ခံခြင်း၊ လက်ခံခြင်း၊ ပေးပို့ခြင်း၊ လွှဲပြောင်းခြင်း၊ ယင်းကဲ့သို့ပြုလုပ်ရန် ညွှန်ကြားခြင်း၊ ပါဝင်ဆောင်ရွက်ခြင်း။

၄။ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ အရေးယူခံရပါက အရေးယူခြင်းခံရသူပိုင် ငွေကြေးနှင့် ပစ္စည်းများကို ထိန်းချုပ်သိမ်းဆည်းခြင်းခံရမည်ဖြစ်ပြီး ပြစ်မှုထင်ရှားပါက နိုင်ငံ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်း ခံရပါမည်။

၅။ အကြမ်းဖက်မှုများတိုက်ဖျက်ရာတွင် သတင်းရရှိရေးသည် အလွန်အရေးကြီးပါသဖြင့် ပြည်သူများအနေဖြင့် အကြမ်းဖက်သမား၊ အကြမ်းဖက်အုပ်စုများနှင့်စပ်လျဉ်း၍ သိရှိထားသည့် သတင်းများ၊ အကြမ်းဖက်မှုဖြစ်စေရန် အင်တာနက်၊ ဖေ့စ်ဘွတ်တို့တွင် လုပ်ကြံဖန်တီးထားသော သတင်းမှားများထုတ်လွှင့်နေသူများကို သက်ဆိုင်ရာရဲစခန်း၊ လုံခြုံရေးအဖွဲ့အစည်းများသို့ သတင်းပေးရန် လိုအပ်ပါသည်။ သတင်းပေးသည့် တာဝန်သိပြည်သူများနှင့်ပတ်သက်၍ အောက်ပါအတိုင်း ဆောင်ရွက်ပေးမည်ဖြစ်ပါသည်-

(က) သတင်းပေးသူသည် မိမိ၏အမည်၊ နေရပ်တို့ကို ဖော်ပြခြင်းမပြုဘဲ သတင်းပေးနိုင်ပါသည်၊

(ခ) သတင်းပေးသူအား အထူးလျှို့ဝှက်ထားမည်ဖြစ်ပြီး စစ်ဆေးမေးမြန်းခြင်း၊ သက်သေခံစေခြင်း လုံးဝ ပြုလုပ်မည် မဟုတ်ပါ၊

(ဂ) သတင်းပေးသူ၏ လုံခြုံမှု၊ ၎င်းနှင့် ဆက်စပ်ပတ်သက်သူများ၏ လုံခြုံမှုတို့ကို တာဝန်ယူပေးမည်ဖြစ်ပါသည်၊

(ဃ) သတင်းမှန်ကန်မှုနှင့် ဖော်ထုတ်ဖမ်းဆီးရရှိမှုအပေါ်မူတည်၍ သတင်းပေးသူနှင့် ဖမ်းဆီးသူတို့အား ငွေပမာဏ ကန့်သတ်မထားဘဲ ထိုက်တန်စွာ လျှို့ဝှက်၍ ဆုငွေများ ချီးမြှင့်ပေးမည် ဖြစ်ပါသည်။

၆။ သို့ဖြစ်၍ ပြည်သူလူထုအနေဖြင့် မိမိတို့၏ လူမှုဘဝလုံခြုံမှု အပြည့်အဝရရှိစေရန်နှင့် စိုးရိမ်ကြောက်လန့်မှုများမှ ကင်းဝေးစေရန် မိမိပတ်ဝန်းကျင်၌ အကြမ်းဖက်သမားများ၊ အကြမ်းဖက်အုပ်စုတစ်ခုခု၏ အဖွဲ့ဝင်များမရှိစေရေး ဝိုင်းဝန်းဖော်ထုတ်ပေးကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့**

# ကိုဗစ်ကာကွယ်ဆေးထိုးနှံထားတာကြောင့် ဘာမှ ဝေဒနာမခံစားလိုက်ရဘဲ အနံ့ပျောက်တာတောင် ငါးရက်လောက်ပဲ ခံစားလိုက်ရပြီး ခြောက်ရက်မြောက်နေ့မှာပဲ အနံ့နည်းနည်း စပြန်ရလာတယ်

**ဦးဇော်လင်း**

**နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုနှင့်ပတ်သက်၍ ကျန်းမာရေးဝန်ကြီးဌာနမှ မိမိနေအိမ်တွင်သာနေထိုင်ရန်၊ လူစုလူဝေးရှောင်ရှားရန်၊ ခပ်ခွာခွာနေထိုင်ရန်၊ နှာခေါင်းစည်းတပ်ရန်၊ လက်ကို မကြာခဏဆေးကြောရန် စသည့် စည်းကမ်းချက်များနှင့် အသိပေးကြေညာချက်များကို ထုတ်ပြန်လျက်ရှိသည်။ ထိုသို့ စည်းကမ်းများ လိုက်နာ၍ ကာကွယ်ဆေးလည်း ထိုးထားလျှင် ရောဂါကူးစက်ခံရသော်လည်း ခံနိုင်ရည်ရှိမှုကို ကိုဗစ်-၁၉ ရောဂါ သက်သာပျောက်ကင်းလာသူအချို့၏ စကားသံများကို ဖော်ပြလိုက်ရပါသည်။**

**ဦးအောင်စိုး**
**ရောဂတီတိုင်းဒေသကြီး**
**ဘိုကလေးမြို့နယ်၊ စက်ဆန်းကျေးရွာ**

ဩဂုတ်လ ၅ ရက်နေ့က ဆံသဆိုင်မှာ ဆံပင်သွားညှပ်ပြီးတော့ အိမ်ပြန်လာပြီး နံနက် ၁၁ နာရီခွဲလောက်မှာ ရေချိုးပါတယ်။ ရေချိုးပြီး တစ်မျိုးဖြစ်လာတာနဲ့ ဘိုင်အိုဂျက်စစ် သောက်လိုက်တယ်။ ဆေးအရှိန်နဲ့ဆိုတော့ ဘာမှမဖြစ်သေးဘူးပေါ့။ ညနေ ၄ နာရီလောက်မှာ မျက်လုံးတွေစပူလာပြီး ညပိုင်းကျတော့ စဖျားတော့တာပါ။ ၃ ရက်လောက် အစာစားလို့မရဘူး။ ငါးရက်မြောက်မှာပဲ ညီဝမ်းကွဲဆရာဝန်က လာရောက်စမ်းသပ်ကြည့်ပြီး သိပ်မသင်္ကာဘူးပေါ့။ ငါးရက်နဲ့ ခြောက်ရက်မြောက် နှစ်ရက်လောက်မှာ အလွန်မောလာပြီး ခုနစ်ရက်မြောက် ညနေဘက်မှာပဲ ညီဝမ်းကွဲဆရာဝန်က ရန်ကုန်ကို သွားခိုင်းတာနဲ့ ဒီလ ၁၃ ရက်မှာ ရန်ကုန်ကို တက်လာပြီး ဆေးစစ်တော့ Positive ဖြစ်နေတာနဲ့ ဆရာဝန်ကို ပြောပြီး အိမ်မှာသုံးရက်လောက် နေပါရစေဦးဆိုပြီး မြေနီကုန်းက ဓမ္မာရုံလမ်းက ကျွန်တော့်အမေအိမ်မှာ ဒီလ ၁၃ ရက်ကနေ ၁၅ ရက်အထိ နေခဲ့ပါသေးတယ်။ ဆီးချိုတိုင်းတာကလည်း ၄၀၀ ကျော် ၅၀၀ ဖြစ်၊ ချွေးစီးတွေကလည်းထွက် ကတုန်ကယင်တွေဖြစ်တာနဲ့ ၁၆ ရက်နေ့လည်းကျရော ရန်ကုန်ဆေးရုံသစ် (ဂျပန်ဆေးရုံ) တက်ပြီး ဆေးကုသမှုခံယူခဲ့ပါတယ်။ ဆေးရုံမှာပိုးသတ်ဆေးနဲ့ လိုအပ်တဲ့ အခြားထိုးဆေးတွေကို နေ့စဉ် နံနက်



ဦးအောင်စိုး



ဦးဇော်လင်း

တိုင်း ပုံမှန်ထိုးနှံပေးပါတယ်။ ဆီးချိုက ၅၀၀ ကျော်ဖြစ်နေလို့ ဆေးရုံက တစ်နေ့ကို လေးကြိမ်လောက် အင်ဆူလင်ထိုးဆေး ထိုးနှံပေးပါတယ်။ နှစ်ရက်လောက်ပဲ အောက်ဆီဂျင် ရှူလိုက်ရပြီး နောက်တော့ အောက်ဆီဂျင်ကျခြင်း မဖြစ်တော့ဘူး။ ဒါလည်း ကိုယ့်ဘာသာကြိုးစားယူမှရမယ်ဆိုပြီး ပေတစ်ရာကျော်လောက်ရှိတဲ့ လူသွားစင်္ကြံမှာ အောက်ဆီဂျင် မှန်မှန်ရှူပြီး မနက် ၁၀ ခေါက်၊ နေ့လယ် ၁၀ ခေါက်၊ ညနေ ၁၀ ခေါက် လမ်းလျှောက်ပေးပါတယ်။ သုံးရက်လောက်လည်းကျရော အောက်ဆီဂျင်လုံးဝမရှူရတော့ဘဲ သက်သာလာပြီး အောက်ဆီဂျင်တိုင်းလိုက်ရင်လည်း ၉၆၊ ၉၇၊ ၉၈ မှာပဲ ရှိပါတော့တယ်။ ဒါနဲ့ သက်သာလာတာကြောင့် ဆေးရုံက ၇ ရက်မြောက်အထိ ဆေးထိုးနှံပေးပြီး ၈ ရက်မြောက်မှာတော့ ဆေးမထိုးနှံရတော့ဘဲ ၉ ရက်မြောက် နေ့လယ်ပိုင်းဖြစ်တဲ့ ဒီလ ၂၄ ရက်မှာတော့ ဆေးရုံဆင်းရပါတယ်။ အဓိကတော့ ပြည်သူတစ်ယောက်အနေနဲ့ ပြည်သူတွေကို အသိပေးချင်တာက ကိုယ့်ကိုယ်ကိုယ် ကာကွယ်စောင့်ရှောက်ကြပါ။ ကျန်းမာရေးအတွက် လမ်းညွှန်ထားတဲ့အချက်တွေကိုလည်း လိုက်နာကြပါလို့ သတိပေးစကား ဆိုချင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော် ဆေးရုံစတက်တုန်းက စားမှမစားချင်တာလေ။ အစာမစားလို့ရှိရင် မဖြစ်တော့ဘူးဆိုပြီး ရောဂါကို အကြာကြီးခံစားရမှာစိုးတာနဲ့ အစာကို ကြိတ်မှိတ်စားတယ်၊ နောက်ပြီး လေ့ကျင့်ခန်း လုပ်တယ်၊ ဆရာဝန်တွေမှာကြားချက်အတိုင်း နေထိုင်တယ်။ ဒါကြောင့်မို့လည်း သုံးရက်လောက်ကြာပြီးနောက်ပိုင်းမှာ သက်သာသွားခဲ့တာလည်းဖြစ်ပါတယ်။ ကာကွယ်ဆေးထိုးလို့ရမယ့် အချိန်ကျရင်တော့ ထိုးနှံမှာဖြစ်ပါတယ်။

**ဦးဇော်လင်း**
**ပန်းဘဲတန်းမြို့နယ်**
**ကျန်းမာရေးမှူးအဆင့်(၁)**

ပြီးခဲ့တဲ့ ဇူလိုင် ၇ ရက်နေ့ကစပြီး အနံ့ပျောက်တာမို့ အဲဒီနေ့မှာပဲ ဒေသန္တရမှာ RTD နဲ့ စစ်တဲ့အခါမှာ Positive တွေ့ပါတယ်။ ဒါနဲ့ MCC Covid ကုသရေးစင်တာမှာ ၁၁ ရက်အကြာ ဆေးကုသမှုခံယူခဲ့ပြီး ရောဂါသက်သာပျောက်ကင်းခဲ့ပါတယ်။ ကံကောင်းတယ်လို့ပဲ ပြောရမှာပေါ့နော်။ ကျွန်တော်က ကိုဗစ်ကာကွယ်ဆေး Covishield ကို ဇန်နဝါရီလက ပထမအကြိမ်၊ မတ်လက ဒုတိယအကြိမ်နဲ့ နှစ်ကြိမ် ထိုးနှံပြီးထားပါပြီ။

ဆီးချိုနဲ့သွေးတိုးရောဂါ အခံရှိပေမယ့်လည်း အခုဖြစ်တာမှာလည်း အနံ့ပျောက်တာကလွဲလို့ ဖျားနာတာလည်း မခံစားရသလို အောက်ဆီဂျင်ကျခြင်းလည်းမရှိပါဘူး။ သာမန်အဆင့်လို့ပဲ ဆိုရမှာပေါ့။ ဖျားနာခြင်းမရှိတာကြောင့်လည်း ဆေးရုံမှာ စီဗစ်ပဲ သောက်ရပါတယ်၊ အဲဒီတော့ ဆေးကုသမှုခံယူနေတဲ့ ၁၀ ရက်အတွင်းမှာလည်း အားဖြစ်စေမယ့် ကြက်ဥ၊ ဖီးကြမ်းငှက်ပျောသီး၊ အိုဗာတင်းနဲ့ ငှက်သိုက်တို့ကို စားသုံးပါတယ်။ ဆေးရုံတက်နေတဲ့ ၁၁ ရက်ကာလအတွင်းမှာလည်း ကာကွယ်ရေးအပိုင်းအနေနဲ့ အိပ်ချိန်ကလွဲလို့ ကျန်ရှိအချိန်တွေကို Mask တပ်ဆင်ထားပါတယ်။ နောက်တစ်ချက်က လက်ဆေးတယ်။ ရောဂါဖြစ်နေပါလားဆိုတဲ့ စိတ်အာရုံကို မမြှုပ်ထားတော့ဘဲ ဒီရောဂါသည် သာမန်အဆင့်လောက်ပဲ ဖြစ်မယ်ဆိုတာသိတဲ့အတွက်ကြောင့် သာသာယာယာနဲ့ပဲ နေထိုင်ခဲ့ပါတယ်။ ကာကွယ်ဆေးထိုးနှံထားတာကို ယုံကြည်ချက်ရှိတယ်။ ကာကွယ်ဆေးထိုးနှံကြဖို့ကိုလည်း တိုက်တွန်းချင်ပါတယ်။ ကိုယ်တွေ့ကြုံခဲ့တာဆိုတော့ ကျွန်တော့်အနေနဲ့ ထိုးနှံသင့်တယ်လို့လည်း ယူဆတယ်။ ရောဂါအခံတွေရှိလို့ရှိရင် တော်တော်များများက Positive ဖြစ်တဲ့အခါမှာ အောက်ဆီဂျင်ကျကြတာများတယ်လေ။ ကျွန်တော်ဆိုရင် ကိုဗစ်ကာကွယ်ဆေး ထိုးနှံထားတာကြောင့် ဘာမှ ဝေဒနာမခံစားလိုက်ရဘဲ အနံ့ပျောက်တာ တောင်ငါးရက်လောက်ပဲ ခံစားလိုက်ရပြီး ခြောက်ရက်မြောက်နေ့မှာပဲ အနံ့နည်းနည်း စပြန်ရလာတယ်။ ၁၁ ရက် မြောက်ကျတော့ အနံ့ကောင်းကောင်းရသွားပြီဆိုတော့ ဆေးရုံကဆင်း လိုက် ရတယ်။ ကိုဗစ်နဲ့ပတ်သက်တဲ့ဟာကို အပြင်းအထန်လုံးဝမခံစားခဲ့ရဘူး။ သာမန်ပုံစံနဲ့ပဲ ပျောက်ကင်းသွားခဲ့ပါတယ်။ ကာကွယ်ဆေးထိုးတဲ့ အကျိုးကျေးဇူးက အခုနပြောသလို ကူးစက်မှုလည်း နည်းမယ်။ ရောဂါရဲ့ သက်ရောက်မှုခံစားရတာလည်း နည်းတယ်၊ ခုခံစွမ်းအားကောင်းအောင်နေမယ်၊ အိပ်ရေးဝအောင်အိပ်မယ်ဆိုလို့ရှိရင်တော့ ကိုဗစ်ကိုတွန်းလှန်နိုင်လိမ့်မယ်လို့ ကျွန်တော်ထင်ပါတယ်။

**တွေ့ဆုံမေးမြန်း-ပွင့်သစ္စာ**
**ဓာတ်ပုံ-စိုးမြင့်အောင်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးအဖွဲ့နှင့် သတင်းမီဒီယာများပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲမှတ်တမ်း

**(ယမန်နေ့မှအဆက်)**

ထို့နောက် ဒုတိယပိုင်းအစီအစဉ်ကို ဆက်လက်ပြုလုပ်ရာ ဗိုလ်ချုပ်ဇော်မင်းထွန်းက မီဒီယာတစ်ခုကို မေးခွန်းတစ်ခုမေးမြန်းရန်နှင့် ထပ်နေသည့်မေးခွန်းများကို ထပ်မံမမေးမြန်းရန် မေတ္တာရပ်ခံလိုကြောင်း၊ နိုင်ငံတော်အဆင့် သတင်းစာရှင်းလင်းပွဲဖြစ်သည့်အတွက် အချို့တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဖြစ်နေသည့်အရာများကို မိမိတို့အနေဖြင့်မသိနိုင်ပါကြောင်း၊ ထိုမေးခွန်းများကို ရှောင်ရှားပေးရန် ပြောလိုကြောင်း ဦးစွာပြောကြားသည်။

**Myanmar Public Press News Agency မှ သတင်းထောက် ဒေါက်တာစိုးမြင့်ဦး**က ယခုအချိန်တွင် PDF များကိုလက်ခံပြီး အကြမ်းဖက်လုပ်ငန်းများ၊ ဖောက်ခွဲရေးသင်တန်းများပေးနေသည့် လက်နက်ကိုင်အဖွဲ့များနှင့် တပ်မတော်တို့ ထိတွေ့မှုဖြစ်စဉ်များကို သိလိုကြောင်း၊ အထူးသဖြင့် KIO/KIA ကရင်ပြည်နယ်တွင် တပ်မဟာ (၅) နယ်မြေကို သိမ်းပိုက်လိုက်ပြီ၊ တပ်မဟာ (၆) တွင် ထိုးစစ်ဆင်နေပြီဟု အွန်လိုင်းပေါ်တွင် ထိုကဲ့သို့ သတင်းအမျိုးမျိုးတွေ့နေရသည့်အတွက် ထိုသတင်းများနှင့် ပတ်သက်ပြီး တိတိကျကျသိရှိရရန်အတွက် ရှင်းလင်းပြောကြားပေးစေလိုကြောင်း မေးမြန်းသည်။

**ထိတွေ့တိုက်ပွဲများရှိ**

**ဗိုလ်ချုပ်ဇော်မင်းထွန်းက** KIA နှင့်ပတ်သက်၍ ထိတွေ့တိုက်ပွဲများရှိကြောင်း၊ လက်တွေ့ဖြစ်ပွားနေသည်မှာ တစ်ပတ်ကိုနှစ်ကြိမ်၊ သုံးကြိမ်နီးပါးရှိကြောင်း၊ အဆိုးဆုံးဖြစ်စဉ်မှာ ခလရ (၅၈) ကို ဝိုင်းဝန်းတိုက်ခိုက်ခဲ့သည့် ဖြစ်စဉ်မျိုးရှိကြောင်း၊ ၎င်းတို့အနေဖြင့် လွန်ခဲ့သည့် နှစ်ရက်ခန့်က ငြိမ်းချမ်းရေးနှင့်ပတ်သက်ပြီး ကြေညာချက်ကဲ့သို့ ကြေညာလာခဲ့ကြောင်း၊ ထိုကြေညာချက်နှင့်ပတ်သက်ပြီး ရှင်းရှင်းလင်းလင်းသိရှိရန် ဆောင်ရွက်လျက်ရှိကြောင်း၊ ထိတွေ့တိုက်ပွဲဖြစ်ပွားမှုတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) တွင်ရှိသည့် MNDAA နှင့် ထိတွေ့တိုက်ပွဲဖြစ်ပွားမှုရှိကြောင်း၊ ကယားဘက်တွင် KNPP နှင့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့များနှင့် တိုက်ပွဲဖြစ်ပွားမှုများရှိကြောင်း၊ ယခင်က မြို့ပေါ်အထိ ဖြစ်ပွားခဲ့မှုများရှိကြောင်း၊ ဒီးမော့ဆိုမြို့တွင် ရဲစခန်းကို တိုက်ခိုက်မှုမျိုးရှိကြောင်း၊ နောက်ပိုင်းမရှိတော့ဘဲ ထိုနေရာပတ်ဝန်းကျင်တွင်သာရှိသည်ကို တွေ့ရကြောင်း၊ KNU တပ်မဟာ (၅) နယ်မြေဘက်တွင် တချို့ထိတွေ့တိုက်ပွဲများရှိသော်လည်း ပြင်းထန်သည့် ထိတွေ့တိုက်ပွဲများမရှိကြောင်း၊ ထူးခြားသည်မှာ ယခုရက်ပိုင်းအတွင်း တပ်မဟာ(၆) နယ်မြေ၌ ထိတွေ့မှုတချို့ဖြစ်ပွားခဲ့ကြောင်း၊ တနင်္သာရီဘက်၌ ထိတွေ့တိုက်ပွဲ ဖြစ်စဉ်မရှိကြောင်း၊ ရခိုင်ပြည်နယ်ဘက်တွင် တိုက်ပွဲဖြစ်စဉ်မရှိကြောင်း၊ ချင်းပြည်နယ်ဘက်တွင် မင်းတပ်၊ ထန်တလန်၊ ဟားခါးတစ်ဝိုက်ရွာများဘက်၌သာ ဖြစ်ပွားခဲ့ကြောင်း၊ ယခင်က မင်းတပ်မြို့ပေါ်အထိ ဖြစ်ပွားခဲ့မှုရှိကြောင်း၊ ယခုနောက်ပိုင်းတွင် ရွာများဘက်တွင် လုံခြုံရေးအရဆောင်ရွက်ပေးနေရင်း ဖြစ်ပွားခဲ့သည့် တိုက်ပွဲမျိုးများရှိကြောင်း၊ အားလုံးခြုံငုံပြောရမည်ဆိုပါက EAO နယ်မြေများတွင် PDF အဖွဲ့များရောက်နေပြီး တိုက်ပွဲဖြစ်ပွားမှုများရှိကြောင်း၊ သို့သော် ပြောလိုသည်မှာ ယခင်ကတည်းကရှိခဲ့သည့် တိုက်ပွဲပုံစံအမျိုးအစားများတော့ရှိကြောင်း၊ လုံခြုံရေးအရ ပိုမို၍ဂရုတစိုက်ဆောင်ရွက်လျက်ရှိသည်ကို ပြောလိုကြောင်း ပြန်လည်ဖြေကြားသည်။

ဆက်လက်၍ **Myanmar Public Press News Agency မှ သတင်းထောက် ဒေါက်တာ စိုးမြင့်ဦး**က တပ်မဟာ (၆) နယ်မြေတွင် PDF များ အလုံးအရင်းဖြင့် အသတ်ခံရသည့် (Dead Body) များကို တပ်မတော်က ရှင်းလင်းရာ၌ တွေ့ရှိသည်ဆိုသည့်



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့က နိုင်ငံခြားသံရုံးများမှ ကိုယ်စားလှယ်များ၊ သတင်းမီဒီယာများနှင့်တွေ့ဆုံ၍ ၈/၂၀၂၂ ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲပြုလုပ်စဉ်။**

သတင်းအား အတည်ပြု၍ရပါသလားဟု မေးမြန်းသည်။

**ဗိုလ်ချုပ် ဇော်မင်းထွန်းက** ထိုသတင်းမှာ အတည်ပြု၍မရကြောင်း၊ မိမိတို့ စုံစမ်းဖော်ထုတ်နေဆဲသတင်းတစ်ခုအရ တပ်မဟာ (၅) နယ်မြေဘက်၌ PDF အဖွဲ့များမှ ထွက်ပြေးမှုများရှိကြောင်း၊ ထိုသို့ထွက်ပြေးသည့်လူများကို လှောင်အိမ်ထဲထည့်ထားသည့်ဖြစ်စဉ်မျိုးများရှိသည်ကို အတည်ပြုဆဲသတင်းများအရသိရှိရကြောင်း ပြန်လည်ဖြေကြားသည်။

**နေပြည်တော်တိုင်းမ် သတင်းအေဂျင်စီမှ အယ်ဒီတာ ဦးမင်းမောင်က** အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၁၇၊ ပုဒ်မ ၁၈၊ ပုဒ်မ ၅၂ တို့ကို လူငယ်တော်တော်များများက မသိရှိသည့်အတွက် လမ်းမှားသို့ရောက်ပြီး PDF များနှင့် ပူးပေါင်း၍ ပါသွားသည်ကို ကြားသိရကြောင်း၊ နောက်ထပ်လမ်းမှားမရောက်သေးသည့် လူငယ်များကို ကျယ်ကျယ်ပြန့်ပြန့်သိစေချင်သည့် သဘောတရားကြောင့် ထိုပုဒ်မများကို အကျယ်တဝင့် ရှင်းပြပေးစေလိုကြောင်း မေးမြန်းသည်။

**ပြင်ဆင်ရခြင်းရည်ရွယ်ချက်**

**ဗိုလ်ချုပ်ဇော်မင်းထွန်းက** အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေကို ပြင်ဆင်ခဲ့ရမှုများရှိကြောင်း၊ ပြင်ဆင်ခဲ့မှုများနှင့်ပတ်သက်ပြီး သတင်းထောက်များ သတင်းများမေးနေ၍ Information Team တွင် အသေးစိတ်ပြောထားကြောင်း၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ ပြင်ဆင်ရခြင်းရည်ရွယ်ချက်နှင့် အကျိုးသက်ရောက်လာမည့်အကြောင်းကို မိမိအနေဖြင့် အကျဉ်းချုံးပြောလိုကြောင်း၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေတွင် အကြမ်းဖက်အုပ်စုများ၊ လှုံ့ဆော်မှုများ၊ အကြမ်းဖက်သမားများပါဝင်ကြောင်း၊ ထိုအထဲတွင် ပုဒ်မ ၃၊ ပုဒ်ခွဲ(ခ)၊ ပုဒ်မခွဲငယ်(၁၅)တွင် အကြမ်းဖက်အုပ်စု တစ်ခုခုတွင်ဖြစ်စေ၊ အကြမ်းဖက်လုပ်ငန်းများကို ဆောင်ရွက်ရာတွင်ဖြစ်စေ လူတစ်ဦးဦးအား ပါဝင်စေရန်တိုက်တွန်းမှု၊ စည်းရုံးသိမ်းသွင်းမှု၊ ဝါဒဖြန့်မှု၊ စုဆောင်းရန်ပြုလုပ်မှုများဟု ပြဋ္ဌာန်းထားသော်လည်း အခန်း (၁၄) ပြစ်မှုနှင့်ပြစ်ဒဏ်အပိုဒ်တွင် ပြစ်မှုပြစ်ဒဏ်ပြဋ္ဌာန်းချက် ထည့်သွင်းပြဋ္ဌာန်းရန်ကျန်ရှိကြောင်း၊ ပုဒ်မ ၃ တွင် အကြမ်းဖက်လုပ်ရပ်ကို အားပေးနေသည့်လူများ၊ တိုက်တွန်းနေသည့်လူများ၊ စည်းရုံးသိမ်းသွင်းနေသည့်လူများ၊ စုဆောင်းရန်ပြုနေသည့်လူများ၊ ထိုလူများကို အပြစ်ပေးရန် ပြစ်မှုပြစ်ဒဏ်ပြဋ္ဌာန်းရန်အတွက် အခန်း(၁၄)တွင် ကျန်ရှိနေသည့်အတွက် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအား ပြင်ဆင်သည့်ဥပဒေကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေ (၂၁/ ၂၀၂၁) ဖြင့် ပြဋ္ဌာန်းခဲ့ကြောင်း၊ ဖြည့်စွက်ပြဋ္ဌာန်းရာတွင် သဘောသဘာဝတူညီသည့် ပုဒ်မ ၂၅၊ ပုဒ်မခွဲ(က) ကို ဖြည့်စွက်ခြင်းဖြစ်ကြောင်း။

ထိုသို့ဆောင်ရွက်သည့်အတွက် ထိုသူများသည် အနည်းဆုံးထောင်ဒဏ်သုံးနှစ်မှ ခုနစ်နှစ်အထိ ချမှတ်ခံရမည်ဖြစ်သည့်အပြင် ငွေဒဏ်လည်း ချမှတ်ခံရမည်ဖြစ်ကြောင်း၊ ထို့ကြောင့်အသိပေးလိုသည်မှာ လက်ရှိဥပဒေအရ အကြမ်းဖက်အုပ်စုအဖြစ် သတ်မှတ်ထားသော CRPH၊ NUG၊ PDF အဖွဲ့များကို တစ်ဦးတစ်ယောက်တည်းအနေဖြင့်ဖြစ်စေ၊ အခြားလူတစ်ဦးဦးအားပါဝင်ရန် တိုက်တွန်းမှုများ၊ စည်းရုံးသိမ်းသွင်းမှုများ၊ ဝါဒဖြန့်မှုများ၊ လူသစ်စုဆောင်းမှုများ၊ သတင်းစုဆောင်းမှုများ၊ အချက်အလက်စုဆောင်းမှုများပြုလုပ်ပါက ထောင်ဒဏ်သုံးနှစ်မှ အများဆုံးခုနစ်နှစ်အထိ ချမှတ်နိုင်သည့်အပြင် ငွေဒဏ်လည်းချမှတ်နိုင်မည်ဖြစ်ကြောင်း၊ ထို့အပြင် အကြမ်းဖက်မှုကျူးလွန်ရန်အတွက် စာအားဖြင့်လည်းကောင်း၊ လူမှုကွန်ရက်တွင်ဖြစ်စေ၊ တယ်လီဖုန်း၊ အခြားဆက်သွယ်ရေးကိရိယာတစ်ခုခုဖြင့်ဖြစ်စေ၊ နည်းပညာတစ်ခုဖြင့် တိုက်တွန်းမှုများ၊ စည်းရုံးသိမ်းသွင်းမှုများ၊ မဟုတ်မမှန်သတင်းဖြန့်ချိမှုများ၊ အကြမ်းဖက်အဖွဲ့အစည်းဖြင့် ချိတ်ဆက်ရန်၊ လူသစ်စုဆောင်းမှုများ၊ အကြမ်းဖက်သမားများကို အကြမ်းဖက်မှုပြုနိုင်ရန် သတင်းစုဆောင်းပေးမှုများသည်လည်း ဥပဒေထဲတွင် အကျုံးဝင်မည်ဖြစ်၍ အားလုံးသိရှိကြရန် ပြောလိုကြောင်း ပြန်လည်ဖြေကြားသည်။

**One News Chennal မှ သတင်းထောက် ဦးမင်းဇင်က** အာဆီယံနှင့် မြန်မာနိုင်ငံကြားတွင် ဧပြီ ၂၄ ရက်က ဆွေးနွေးသဘောတူညီခဲ့သည့် ဘုံသဘောတူညီချက် (၅) ချက်၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် မည်သည့်အချက်များကို ဆောင်ရွက်ပြီးပြီလဲ၊ မည်သည့်အချက်များကို အဓိကထားဆောင်ရွက်နေသလဲ၊ ယခုအချိန် အာဆီယံ အထူးကိုယ်စားလှယ်အဖြစ် Mr. Erywan Yusof ကို ကိုယ်စားလှယ်အဖြစ် ခန့်အပ်ပြီးသည့်အချိန်တွင် မြန်မာနိုင်ငံက တာဝန်ရှိသူများနှင့် ဆွေးနွေးပြီးပြီလား၊ မည်သည့်အချက်များကို ဆွေးနွေးနေသည်ကို သိလိုကြောင်း၊ နောက်တစ်ချက်မှာ အာဆီယံဘုံသဘောတူညီချက် (၅) ချက်တွင် အရေးကြီးသည့် နိုင်ငံအတွင်း၌ အကြမ်းဖက်မှုကန့်သတ်ရေးနှင့် သက်ဆိုင်သူများကြားတွင် အပြုသဘောဆောင် တွေ့ဆုံဆွေးနွေးပြီး ငြိမ်းချမ်းရေး အဖြေရှာမည့်အခြေအနေကို အသေးစိတ်ရှင်းပြပေးစေလိုကြောင်း မေးမြန်းသည်။

**လမ်းဖွင့်ပေးထားသည့် အဆင့်ရောက်**

**ဗိုလ်ချုပ် ဇော်မင်းထွန်းက** အာဆီယံကိုယ်စားလှယ်ခန့်အပ်ရန်အတွက် သတင်းထုတ်ပြန်ခဲ့မှု ရှိကြောင်း၊ ယခင်က အာဆီယံကိုယ်စားလှယ်ခန့်အပ်ရန် အာဆီယံနိုင်ငံများက သုံးဦး အဆိုပြုခဲ့ကြောင်း၊ ထိုသုံးဦးထဲတွင် ထိုင်းဒုတိယနိုင်ငံခြားရေးဝန်ကြီးကို ၎င်းတို့ အဆိုပြုသည့်လူကိုသာ မိမိတို့က သဘောတူသည်ဟု တုံ့ပြန်ခဲ့ကြောင်း၊ ထိုသို့တုံ့ပြန်သည့်အခါ ၂၀၂၁ ခုနှစ် ဩဂုတ် ၂ ရက်တွင် ကျင်းပခဲ့သည့် (၅၄) ကြိမ်မြောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးတွင် ဘုံသဘောတူညီချက် မရဟုဆိုကြောင်း၊ ဘရူနိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး(၂) ကို ခန့်အပ်ပေးရန်ပြောကြောင်း၊ ထို့ကြောင့် ယင်းအစည်းအဝေးတွင် မိမိတို့က တရားဝင်စာထုတ်ရန်တုံ့ပြန်ခဲ့၍ တရားဝင်စာပေးပြီး ဆက်လက်ဆွေးနွေးရာ မိမိတို့က ၂၀၂၁ ခုနှစ် ဩဂုတ် ၄ ရက်နေ့ အစည်းအဝေးတွင် အဆိုပါ ဘရူနိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး (၂) ကို သဘောတူသည်ဟု တုံ့ပြန်ခဲ့ကြောင်း။

မိမိတို့အနေဖြင့် လုပ်ဆောင်ဖွယ်ရာရှိသည့် လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုအထဲတွင် ဘုံသဘောတူညီချက်(၅) ရပ်ရှိပြီးဖြစ်ကြောင်း၊ ခန့်အပ်သည့်အချိန်တွင် မိမိတို့အနေဖြင့် မှတ်တမ်းတင်ပေးပါဟု မေတ္တာရပ်ခံခဲ့သည့်အချက် (၃) ချက်ရှိကြောင်း၊ ထိုအချက်(၃)ချက်ကို အနှစ်ချုပ်ပြောပေးမည်ဖြစ်ကြောင်း၊ ယခုခန့်အပ်လိုက်သည့် အာဆီယံကိုယ်စားလှယ်အနေဖြင့်လည်း အာဆီယံခေါင်းဆောင်များအစည်းအဝေး ကြေညာချက်ပါ တူညီဆန္ဒ (၅) ချက်နှင့်အညီ ၎င်း၏လုပ်ငန်းတာဝန်များကို ဆောင်ရွက်ပါဟု မိမိတို့ပြောထားကြောင်း၊ ထိုအတိုင်း မိမိတို့က လိုက်နာဆောင်ရွက်နိုင်ရန်လည်း ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အားလုံးကို အာဆီယံသဘောတူချက် (၅) ချက်အတိုင်းသာ ဆောင်ရွက်ပေးရန်အတွက် လမ်းဖွင့်ပေးပြီး သဘောတူပြီးဖြစ်သည်ဟုပြောလိုကြောင်း၊ မည်သည့်အဆင့်ရောက်ပြီဆိုလျှင် မိမိတို့အနေဖြင့် ထိုအာဆီယံကိုယ်စားလှယ်နှင့် ပတ်သက်ပြီး သဘောတူသည့်အဆင့် လမ်းဖွင့်ပေးထားသည့် အဆင့်ရောက်ပြီဖြစ်ကြောင်း၊ ဥပမာပြောရမည်ဆိုပါက ယခုသတင်းစာရှင်းလင်းပွဲသို့ တက်ရောက်နိုင်ရန်လည်း ဖိတ်ခေါ်ခဲ့ပါကြောင်း ပြန်လည်ဖြေကြားသည်။

**Sankei Shimbun သတင်းစာ၏ ဌာနေ သတင်းထောက် ဒေါက်တာဇော်သန်းက** ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်ပြီး သေဆုံးမှုနှုန်းက ဇူလိုင်လတွင် တစ်ရက်ကို ၂၀၀ ကျော်ခန့်ရှိနေပြီး ယခု ဩဂုတ်လ တတိယအပတ်တွင် အတော်ပင်ကျဆင်းသွားကြောင်း၊ ဤသည်မှာ ပြည်သူလူထု၏ ပူးပေါင်းဆောင်ရွက်မှု၊ တစ်နေရာမှ တစ်နေရာ ကူးလူးမသွားလာခြင်းလည်းပါကြောင်း၊ ကာကွယ်ဆေးကို ကျယ်ကျယ်ပြန့်ပြန့် ပိုပြီးထိုးပေးနိုင်သည့်အတွက်ကြောင့်လည်းပါကြောင်း၊ ယခင်ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြောခဲ့ဖူးသည့် မိန့်ခွန်းတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို မိမိတို့နိုင်ငံအတွင်း ထုတ်လုပ်နိုင်ရန်အတွက် ရုရှားနိုင်ငံနှင့် ပူးပေါင်းထုတ်လုပ်နိုင်ရန် အစီအစဉ်ရှိသည့်အလားအလာကို သိလိုကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ် ဇော်မင်းထွန်းက** ထိုကိစ္စနှင့်ပတ်သက်ပြီး မိမိပြောပြမည့်အကြောင်းအရာသည် ပညာရှင်တစ်ယောက်အနေဖြင့် ပြောခြင်းမဟုတ်ကြောင်း၊ မိမိနားလည်သမျှကို သတင်းထောက်များကို Share လုပ်ခြင်းဖြစ်ကြောင်း၊ မိမိပြောမည့်အကြောင်းအရာများထဲတွင် ပညာရှင်ဆန်ဆန် ပြောခြင်းမဟုတ်သည့်အတွက် မှားနိုင်သည့်အချက်အလက်များပါကြောင်း၊ သို့သော်လည်း ယေဘုယျအားဖြင့် ဤအတိုင်းသာဖြစ်ကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနက ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြတ်ဝဏ္ဏစိုးလည်း ရှိကြောင်း၊ ဖြည့်စွက်၍ ပြောပြပေးမည်ဖြစ်ကြောင်း၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို မြန်မာနိုင်ငံအတွင်း၌ ထုတ်ချင်သည့် နံပါတ်(၁) အချက်မှာ အိန္ဒိယမှ ကာကွယ်ဆေးအလုံး သန်း ၃၀ ဝယ်ခဲ့ကြောင်း၊

**စာမျက်နှာ ၁၇ သို့** ✻

❊ စာမျက်နှာ ၁၆ မှ

ဝယ်ယူသည့်အခါ နှစ်သန်းရရှိပြီး ၁ ဒသမ ၅ သန်းကို လှူကြောင်း၊ ထိုသို့ရရှိပြီးနောက်ပိုင်းတွင် ကာကွယ်ဆေးကို မရတော့ကြောင်း၊ ၎င်းကိုလည်း အပြစ်ပြော၍ မရကြောင်း၊ အဘယ့်ကြောင့်ဆိုသော် ၎င်းတို့နိုင်ငံတွင်လည်း ရောဂါဖြစ်နေ၍ အခြားနိုင်ငံများကိုလည်း မရောင်းနိုင်တော့ကြောင်း။

ယခုအချိန် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးရရှိရန် မိမိတို့တစ်နိုင်ငံတည်း ကြိုးစားနေခြင်းမဟုတ်ဘဲ ကျန်နိုင်ငံများကလည်း ကြိုးစားနေကြကြောင်း၊ အမှာစာများကို ယခင်ကတည်းက ပို့ထားပြီးဖြစ်ကြောင်း၊ သို့သော်မရတော့၍ တရုတ်နိုင်ငံသို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးဝယ်မည်ဟု အမှာစာပို့ရကြောင်း၊ မိမိတို့၏ရှေ့၌ တရုတ်နိုင်ငံတွင် အမှာစာများ များစွာရှိကြောင်း၊ သို့သော် ၎င်းတို့က အိမ်နီးနားချင်းကောင်းပီသစွာ ပေးသည့်အတွက် ယခု အချိန်မီထိုးနိုင်ခြင်းဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ( ဥပမာ မိမိတို့အားကိုးနေသည့် နိုင်ငံတစ်နိုင်ငံက ကိုဗစ်-၁၉ ရောဂါထပ်ပြီးဖြစ်သည်ဆိုလျှင် မိမိတို့ကိုပေးသည့်ဆေး ပေးနိုင်ဦးမည်လား) မည်မျှပင် ပိုက်ဆံပေးထားသည်ဖြစ်စေ အိန္ဒိယနိုင်ငံဆိုလျှင် အလုံးသန်း ၃၀ အတွက် ငွေချေပြီးဖြစ်ပါကြောင်း၊ မပေးနိုင်သေးပါကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံတွင် ထုတ်နိုင်လျှင် စိတ်အချရဆုံးဆိုပြီး မိမိတို့နိုင်ငံတွင် ထုတ်ရန်လုပ်နေပါကြောင်း၊ မိမိတို့လုပ်သည့်အခါတွင် ရုရှားနှင့် ညှိနှိုင်းပါကြောင်း၊ တရုတ်နိုင်ငံနှင့်လည်း ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ကြောင့် နှစ်နိုင်ငံလုံးနှင့် ဆောင်ရွက်ပြီးလုပ်နေပါကြောင်း၊ မိမိပြောနိုင်သည်မှာ မြန်မာနိုင်ငံအတွင်းတွင် ယခုနှစ်မကုန်မီတွင် ထုတ်လုပ်နိုင်သည့်အလားအလာ များသည်ဟု ပြောလိုပါကြောင်း ပြန်လည်ဖြေကြားသည်။

**ကျန်းမာရေးဝန်ကြီးဌာန ကုသရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြတ်ဝဏ္ဏစိုးက** ဖြည့်စွက်ဖြေကြားရာတွင် ကာကွယ်ဆေးနှင့်ပတ်သက်၍ အိန္ဒိယနိုင်ငံက **Viral Vector** ဟုခေါ်သည့် **Modify** လုပ်ထားသည့်ဆေးကို ဝယ်ယူပါကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံကလည်း **Inactivated** ဟုခေါ်သည့် ပိုးအရှင်နှင့်သုံးသည့်ဆေးကိုလည်း သုံးပါကြောင်း၊ ထို့အတူ ရုရှားနိုင်ငံက **Sputnik** ဆေးကလည်း **Viral Vector** အမျိုးအစားတစ်မျိုးပင်ဖြစ်ကြောင်း၊ ယင်းကိုလည်း မိမိတို့ကြိုးစားပါကြောင်း၊ မိမိတို့နိုင်ငံတွင် ထုတ်လုပ်ရန်အတွက် စက်မှုဝန်ကြီးဌာနတွင်ရှိသည့် ကာကွယ်ဆေးစက်ရုံတွင် ထုတ်လုပ်ရန်အတွက် စက်မှုဝန်ကြီးဌာန၊ သက်ဆိုင်ရာကုမ္ပဏီ၊ ကျန်းမာရေးဝန်ကြီးဌာနတို့ ဆွေးနွေးနေပါကြောင်း၊ ဆွေးနွေးပြီးပါက ၎င်းတို့မှ ပစ္စည်းများ လာရောက်လုပ်မည်ဆိုပါက မိမိတို့က ပုလင်းထဲထည့်ပြီး ကာကွယ်ဆေးများထုတ်နိုင်မည်ဖြစ်ပါကြောင်း၊ ထိုကာကွယ်ဆေးကို နိုင်ငံတကာအဆင့်မီ သုံးစွဲနိုင်သည့်အဆင့်ရောက်ရန်၊ ပြည်သူများ အန္တရာယ်မရှိရန် FDA Approval ရရန် ကြိုးစားပြီး ဆောင်ရွက်သွားမည် ဖြစ်သည့်အတွက် ယခုအခါ ဆောင်ရွက်ဆဲအဆင့်တွင်သာရှိသည်ကို မိမိအနေဖြင့်ပြောလိုပါကြောင်း ဖြေကြားသည်။

ဆက်လက်ပြီး **ခေတ်ပုံရိပ်ဂျာနယ်မှ သတင်းထောက် ဦးနေမင်း(သထုံ)က** မြို့နယ်အသီးသီးတွင်ရှိသည့် ပုဒ်မ-၅၀၅ နှင့် ဖမ်းဆီးခံထားရသည့် လူများကို ပထမအကြိမ်အနေဖြင့် ၂၀၂၁ ခုနှစ် ဇွန် ၃၀ ရက်တွင် စိစစ်ပြီး လွှတ်ပေးသည်ဟု သိရပါကြောင်း၊ ဒုတိယအကြိမ်ပြန်လွှတ်ပေးရန် ရှိ/မရှိ သိလိုပါကြောင်း မေးမြန်းသည်။

**အမှုအမျိုးအစားပေါင်း ၁၁ မျိုးတွင်**
**ပါဝင်သူများက လွှတ်ခွင့်ရမည်**

**ဗိုလ်ချုပ် ဇော်မင်းထွန်းက** ထိုကိစ္စနှင့် ပတ်သက်၍ ကြားနာစစ်ဆေးဆဲ ပြစ်မှုဆိုင်ရာအမှုများ ပိတ်သိမ်းခြင်းဟူ၍ ဇူလိုင် ၂၀ ရက်တွင် ကြေညာပြီးဖြစ်ပါကြောင်း၊ အပိုဒ် ၁ တွင် ကိုဗစ်-၁၉ ရောဂါကြောင့် နှောင့်နှေးကြန့်ကြာနေခြင်းများ ရှိပါကြောင်း၊



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း သတင်းစာရှင်းလင်းပွဲသို့ တက်ရောက်လာကြသည့် နိုင်ငံခြားသံရုံးများမှ ကိုယ်စားလှယ်များအား အကြမ်းဖက်မှုများတွင် ပါဝင်ပတ်သက်ခဲ့ပြီး ဖမ်းဆီးရမိသူများနှင့် ဆက်နွှယ်သူများ၏ အချက်အလက်များကို ရှင်းလင်းပြသစဉ်။

ထို့ကြောင့် စွပ်စွဲခံရသည့်နိုင်ငံသားများကို သက်ညှာစွာစဉ်းစားပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ-၄၁၉ အရ အမိန့်ထုတ်ပြန်ခဲ့ပါကြောင်း၊ ထိုအထဲတွင် ဖေဖော်ဝါရီ ၁ ရက်နှင့် ထိုနေ့မတိုင်မီက ပြစ်မှုများနှင့် သက်ဆိုင်ရာတရားရုံးတွင် စွဲဆိုထားသည့် ပြစ်မှုဆိုင်ရာအမှုများကို ပိတ်သိမ်း၍ တရားခံများကို အမှုမှလွှတ်ရမည်ဟု ပြောပါကြောင်း၊ ထိုအထဲတွင် အမှုအမျိုးအစားပေါင်း ၁၁ မျိုးပါဝင်ပြီး ထို ၁၁ မျိုးတွင် ပါဝင်သူများက လွှတ်ခွင့်ရမည်ဖြစ်ပါကြောင်း၊ သတင်းထောက်ကြီးပြောသည့်ပုဒ်မ မပါဝင်သေးပါကြောင်း၊ သို့သော် ပုဒ်မ-၅၀၅ သည် ထိုထဲတွင်မပါဝင်ဘဲ အဘယ့်ကြောင့်လွှတ်လဲဆိုလျှင် ကန့်သတ်ချက်များ၊ စံချိန်စံညွှန်းများရှိကြောင်း၊ ထဲထဲဝင်ဝင်ပတ်သက်ခြင်းမရှိသည့်သူများ၊ အခြားသူများ၏ သွေးထိုးမှုကြောင့်လုပ်ရသူများ၊ ယခုအချိန်တွင် မလုပ်ပါဟုဝန်ခံထားသူများ ၊ ထိုသူများကို စိစစ်ပြီး လုပ်ဆောင်နေဆဲဖြစ်ပါကြောင်း၊ ပြည်ထဲရေးဝန်ကြီးဌာနအနေဖြင့် ယခင်တစ်ပတ်က လူ ၃၀၀ ကျော် စိစစ်ပြီးတင်ပြီး လူ ၂၀၀ ခန့် လွှတ်ပေးခဲ့ပါကြောင်း၊ အစီအစဉ်ရှိပါကြောင်း၊ ထိုအတိုင်းသာလုပ်မည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

**ပြည်ထဲရေးဝန်ကြီးဌာနမှ ရဲမှူးကြီး ကျော်လင်းက** ၅၀၅(က) နှင့်ပတ်သက်ပြီး ၂၀၂၁ ခုနှစ် ဇွန် ၃၀ ရက်တွင် ၂၂၉၆ ဦးကို ပြန်ပြီးဖြေလျှော့ပေးခဲ့ခြင်း ရှိပါကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် ဖြေလျှော့ပေးရန်တင်ပြသည်များကို သေချာစိစစ်ပြီး ထဲထဲဝင်ဝင်မဟုတ်သည်များကိုလည်း စိစစ်ပြီး ဖြေလျှော့ပေးနေခြင်းများလည်း ရှိပါကြောင်း၊ အချို့မှာလည်း စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေခြင်းများလည်း ရှိပါကြောင်း၊ ၎င်းတို့၏ဆန္ဒအလျောက် သတင်းပို့ဆက်သွယ်လာပါက ရေးဖွင့်ထားသည့်အမှုများကို ပြန်လည်ပိတ်သိမ်း၊ ရုပ်သိမ်းပေးမည်ဖြစ်ကြောင်းကို တရားဝင်သတင်းစာများ၌ ကြေညာထားခြင်းများ ရှိပါကြောင်း၊ ယခုအချိန်ထိ ထိုသို့လာရောက်ဆက်သွယ်သူ နိုင်ငံ့ဝန်ထမ်းများ၊ နိုင်ငံ့ဝန်ထမ်းမဟုတ်သူ အရပ်သားများ စုစုပေါင်း ယမန်နေ့အထိ ၅၉၁ ဦးရှိပါကြောင်း၊ ၎င်းတို့၏အမှုများကို စိစစ်ပြီး ဖြေလျှော့ပေးခြင်းများရှိပါကြောင်း ဖြည့်စွက်ဖြေကြားသည်။

**Myanmar National Post သတင်းဌာနမှ သတင်းထောက် ဒေါ်ဆွေဇင်ဦးက** နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရ၏ ခြောက်လတာသက်တမ်းတစ်လျှောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏မိန့်ခွန်းကို နားထောင်ပြီးသည့်အချိန်တွင် တပ်မတော်၏အပေါ်ကို များစွာကိုယ်ချင်းစာမိပါကြောင်း၊ မိမိတို့မပြောလျှင် ဗိုလ်ချုပ်တို့အနေဖြင့် မသိနိုင်ခြင်းကြောင့်သာ အားနာနာနှင့်မေးရခြင်းဖြစ်ပါကြောင်း၊ အဓိက မီတာဘေလ်များဖြစ်ပါကြောင်း၊ မီတာဘေလ်စာရွက်များသည် လစဉ်မရောက်ရှိပါကြောင်း၊ ရောက်လာသည့်အချိန်တွင် ပေါင်းပြီးရောက်လာပါကြောင်း၊ အချို့မီတာများသည် ပုဂ္ဂလိကကို ပေးထားသည်ဟု သိရပါကြောင်း၊ မီတာဘေလ်သွားတောင်းသော်လည်း မီတာဘေလ်က မရှိသေးဘူးဟု ပြောပါကြောင်း၊ နောက်မှ လေး၊ ငါးစောင် ပေါင်းပြီးရောက်ပါကြောင်း၊ ယခုအချိန်တွင် ပြည်သူကပေးသည့်ဒုက္ခကို ပြည်သူများခံစားနေရပါကြောင်း၊ မီတာဘေလ်ကို ပုံမှန်လာစေလိုပြီး Mobile Banking များဖြင့်ဆောင်လိုပါကြောင်း၊ ခြောက်လတာသက်တမ်းတစ်လျှောက်တွင် ယုံကြည်စွာနှင့် ATM ကတ်များကို တစ်နေ့ ငါးသိန်း ထုတ်ပေးသည့်အချိန်ကပင် မိမိတို့မထုတ်ခဲ့ပါကြောင်း၊ ထို့ကြောင့် မိမိတို့တွင် ငွေကြေးခက်ခဲမှုများရှိပါကြောင်း၊ မိမိသာမဟုတ်ပါဘဲ မိမိတို့ဖြစ်ပါကြောင်း၊ ငွေကြေးအခက်အခဲအများကြီးရှိသည့်အတွက် Mobile Banking ဖြင့် တရားဝင်ဆောင်၍ရသည်ဆိုသော်လည်း အမှန်တကယ်ပေးဆောင်ရာတွင် အခက်အခဲများစွာရှိနေပါကြောင်း၊ မိမိတို့သည် အခွန်ထမ်းလိုသည့် ပြည်သူများဖြစ်သည့်အတွက် မီတာဘေလ်ပေးဆောင်ရာတွင် Mobile Banking ဖြင့် လွယ်လွယ်ကူကူပေးဆောင်နိုင်ရန်အတွက် ဗိုလ်ချုပ်တို့အနေဖြင့် စီစဉ်ပေးရန်အစီအစဉ် ရှိ/ မရှိ မေတ္တာရပ်ခံမေးမြန်းလိုပါကြောင်း၊ ငွေကြေးအခက်အခဲသည် ငွေသားအခက်အခဲ အတော်ပင်ခက်ခဲနေ၍ ဖြစ်ပါကြောင်း မေးမြန်းသည်။

**မီတာဘေလ် ဖုန်းများထဲသို့ရောက်ရန် စီစဉ်**

**ဗိုလ်ချုပ် ဇော်မင်းထွန်းက** အစီအစဉ်ရှိပါကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေးလုပ်သည့်အခါတွင် အချို့ကောင်စီဝင်များ တင်ပြပါကြောင်း၊ သတင်းထောက်ကြီးတင်ပြသလို အခက်အခဲရှိသည်များကို တင်ပြပါကြောင်း၊ မီတာနှင့်ပတ်သက်ပြီး မီတာဘေလ်စာရွက်ရောက်ရုံမကဘဲ ဖုန်းများထဲသို့ရောက်ရန် စီစဉ်ဆောင်ရွက်နေပါကြောင်း၊ အချိန်တော့ နည်းနည်းစောင့်ရမည်ဖြစ်ကြောင်း၊ နောက်တစ်ခုက မိမိတို့လည်း သိပါကြောင်း၊ အချို့ဘဏ်များက ၎င်းတို့ထဲတွင် မီတာခပေးဆောင်သည့်စနစ်ရပြီဟုပြောကြောင်း၊ သို့သော် တမင်သက်သက်ကို ပိတ်ထားတာရှိကြောင်း၊ ၎င်းတို့ Website ထဲကညွှန်ကြားထားသည့်အတိုင်း မီတာခသွင်းလိုလျှင် လုပ်ဆောင်ရမည့်ညွှန်ကြားချက်အတိုင်း လိုက်လုပ်သော်လည်း သွင်း၍မရဟု သိရကြောင်း၊ ယင်းတို့ကိုလည်း တိတိကျကျစုံစမ်း ဖော်ထုတ်လျက်ရှိပြီး ပြောရန်အချိန်မကျသေးသည့်အတွက် မပြောနိုင်သေးကြောင်း ပြန်လည်ဖြေကြားသည်။

**ဆက်လက်ပြီး Myanmar National သတင်းဌာနမှ သတင်းထောက် ဒေါ်ဆွေဇင်ဦးက** ကိုဗစ်ကိစ္စနှင့်ပတ်သက်ပြီး ကာကွယ်ဆေးထိုးရန် ပြောသွားသည်ကို ထောက်ခံပါကြောင်း၊ မိမိနှင့် မိမိအမျိုးသားကိုယ်တိုင် ကိုဗစ်ရောဂါဖြစ်ခဲ့ပါကြောင်း၊ ကိုဗစ်ကာကွယ်ဆေးလည်းထိုးခဲ့ပါကြောင်း၊ ကိုဗစ်ကာကွယ်ဆေးထိုးထားသော်လည်း ကိုဗစ်ရောဂါဖြစ်တတ်ကြောင်း၊ သို့သော် ခံစားရနှုန်းက များစွာသက်သာကြောင်း၊ ထို့ကြောင့် ကာကွယ်ဆေးထိုးပေးခဲ့သည့် တပ်မတော်အစိုးရကို အထူးကျေးဇူးတင်ရှိကြောင်းပြောကြားသည်။ **(ဆက်လက်ဖော်ပြပါမည်)**

# တောင်ငူ (၄) မိုင် ကုန်ထုတ်စခန်းမှ အကျဉ်းသား ၁၂၅ ဦးနှင့် ဝန်ထမ်း၊ ဝန်ထမ်းမိသားစုဝင်များအား ဒုတိယအကြိမ် ကိုဗစ်ကာကွယ်ဆေး ထိုးနှံပေး

**တောင်ငူ ဩဂုတ် ၃၁**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် အကျဉ်းဦးစီးဌာန တောင်ငူ (၄) မိုင် ကုန်ထုတ်စခန်းမှ အကျဉ်းသားများ၊ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုဝင်များအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ဒုတိယအကြိမ် ထိုးနှံပေးခြင်းကို ယနေ့နံနက်ပိုင်းက စခန်းတာဝန်ခံရုံး၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ကာကွယ်ဆေး မထိုးနှံမီ တောင်ငူအကျဉ်းထောင်မှ လက်ထောက်ဆရာဝန်နှင့် ကျန်းမာရေးအဖွဲ့များက ထိုးနှံမည့်သူများအား ကိုယ်အပူချိန်တိုင်းတာခြင်း၊ သွေးတွင်းအောက်ဆီဂျင် ပါဝင်မှုပမာဏ တိုင်းတာခြင်းများကို ဆောင်ရွက်ကာ အကျဉ်းသား ၁၂၅ ဦး၊ ဝန်ထမ်း ခြောက်ဦး၊ ဝန်ထမ်းမိသားစုဝင် သုံးဦးအား ကာကွယ်ဆေးထိုးနှံပေးခဲ့ကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**



# ဩဂုတ် ၃၁ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာသစ် ၃၃၉၉ ဦးတွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၃၁-၈-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် ပြည်သူလူထုအနေဖြင့် -

- တတ်နိုင်သမျှ အိမ်တွင်း၌သာနေထိုင်ခြင်း၊
- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း(Mask)ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊
- လက်ကို မကြာခဏဆေးကြောခြင်း၊
- တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်း၊
- မိမိတို့နေအိမ်တွင် အသက် (၆၅)နှစ်နှင့်အထက် အသက်အရွယ်ကြီးရင့်သူ၊ ဆီးချို၊ သွေးတိုး၊ နှလုံး စသည့် နာတာရှည်ရောဂါတစ်ခုခုခံစားနေရသူရှိပါက ထိုသူအား ပါးစပ်နှင့် နှာခေါင်းစည်းကို တပ်ဆင်ထားစေခြင်း၊
- ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန် လိုအပ်ပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာ ကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိရာ (၃၀-၈-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၃၁-၈-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း(၃၉,၂၈၉)ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၃,၃၉၉) ဦး တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း(၃,၆၁၄,၁၀၁)ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၃၉၉,၂၈၂) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၂,၆၉၀)ဦးဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၃၅၁,၃၇၂)ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ ကိုဗစ်-၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ (၁၀၂) ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၅,၃၈၉) ဦးရှိပါသည်။

- ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကိုတစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင် အင်တာနက်စာမျက်နှာ www.mohs.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

### ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ (၃၁-၈-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၅၃၅)ခု | (၆၆)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၇)ခု | (၅)ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၃၁၀)ခု | (၁၄)ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၆၇၂)ခု | (၁၂)ဦး |
| လားရှိုးမြို့၊ အမှတ် (၉) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၁၂၈)ခု | (၁၇)ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၃၃၈)ခု | (၂)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁,၂၀၅)ခု | (၃၂၇)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၃၆,၀၉၄)ခု | (၂,၈၂၆)ဦး |
| စုစုပေါင်း | (၃၉,၂၈၉)ခု | (၃,၃၉၉)ဦး |

### ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၉၉၄၆၇၀၈ | ၃၀၉၄၄၄၆၅ | ၆၅၆၃၉၃ |
| ၂။ | အိန္ဒိယ | ၃၂၇၆၈၈၈၀ | ၃၁၉၅၉၆၈၀ | ၄၃၈၅၉၂ |
| ၃။ | ဘရာဇီး | ၂၀၇၅၂၂၈၁ | ၁၉၆၉၂၈၉၈ | ၅၇၉၆၄၃ |
| ၄။ | ရုရှား | ၆၉၁၈၉၆၅ | ၆၁၈၁၀၅၄ | ၁၈၃၂၂၄ |
| ၅။ | ဗြိတိန် | ၆၇၅၇၆၅၀ | ၅၄၂၇၀၆၂ | ၁၃၂၄၈၅ |
| ၆။ | ပြင်သစ် | ၆၇၄၆၂၈၃ | ၆၂၂၅၂၀၁ | ၁၁၄၃၀၈ |
| ၇။ | တူရကီ | ၆၃၃၆၄၃၈ | ၅၈၂၃၁၁၁ | ၅၆၄၅၈ |
| ၈။ | အာဂျင်တီးနား | ၅၁၇၈၈၈၉ | ၄၈၆၉၁၀၄ | ၁၁၁၆၀၇ |
| ၉။ | အီရန် | ၄၉၉၂၀၆၃ | ၄၂၀၅၉၂၇ | ၁၀၇၇၉၄ |
| ၁၀။ | ကိုလံဘီယာ | ၄၉၀၇၂၆၄ | ၄၇၃၇၄၆၇ | ၁၂၄၈၈၃ |

### အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၄၀၈၉၈၀၁ | ၃၇၆၀၄၉၇ | ၁၃၃၀၂၃ |
| ၂။ | ဖိလစ်ပိုင် | ၁၉၈၉၈၅၇ | ၁၈၁၀၈၄၇ | ၃၃၄၄၈ |
| ၃။ | မလေးရှား | ၁၇၄၆၂၅၄ | ၁၄၆၁၇၂၇ | ၁၆၆၆၄ |
| ၄။ | ထိုင်း | ၁၂၀၄၇၂၉ | ၁၀၂၁၇၇၂ | ၁၁၅၈၉ |
| ၅။ | ဗီယက်နမ် | ၄၆၂၀၉၆ | ၂၃၈၈၆၀ | ၁၁၀၆၄ |
| ၆။ | မြန်မာ | ၃၉၉၂၈၂ | ၃၅၁၃၇၂ | ၁၅၃၈၉ |
| ၇။ | ကမ္ဘောဒီးယား | ၉၃၀၅၅ | ၈၈၇၈၆ | ၁၉၀၃ |
| ၈။ | စင်ကာပူ | ၆၇၆၂၀ | ၆၆၁၃၂ | ၅၅ |
| ၉။ | လာအို | ၁၅၀၁၅ | ၅၀၄၀ | ၁၄ |
| ၁၀။ | ဘရူနိုင်း | ၂၇၁၂ | ၉၆၆ | ၉ |

## ပန်းတနော်မြို့နယ်အတွင်းရှိ အသက် ၈၅ နှစ်အထက် သက်ကြီးဘိုးဘွားများအား လူမှုရေးပင်စင်ထောက်ပံ့ပေးအပ်

**ပန်းတနော် ဩဂုတ် ၃၁**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်၌ လူမှုဝန်ထမ်းဦးစီးဌာနက တတိယသုံးလပတ်အတွက် အသက် ၈၅ နှစ်အထက် သက်ကြီး ဘိုးဘွား ၁၂၇၃ ဦးတို့အား လူမှုရေးပင်စင်ထောက်ပံ့ပေးအပ်ခြင်းကို ဩဂုတ် ၃၁ ရက် နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ရှင်းလင်းပြောကြား**

ရေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဆန်းဗိုလ်က သက်ကြီးဘိုးဘွားများအား လူမှုရေးပင်စင် ထောက်ပံ့ပေးအပ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ထို့နောက် အသက် ၈၅ နှစ်အထက် သက်ကြီးဘိုးဘွားများအား လူမှုရေးပင်စင် ထောက်ပံ့ငွေများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် ဌာန ဆိုင်ရာ တာဝန်ရှိသူများက ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများအား ပေးအပ်ခဲ့ပြီး ထိုမှတစ်ဆင့် တာဝန်ရှိသူများက ရပ်ကွက်၊ ကျေးရွာ အတွင်းရှိ သက်ကြီးဘိုးဘွားများ၏ နေအိမ်များသို့ သွားရောက် ထောက်ပံ့ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။


**ငွေကျပ် ၃၀၀၀၀ နှုန်း**

ပန်းတနော်မြို့နယ်၌ ရပ်ကွက်လေးခုနှင့်ကျေးရွာအုပ်စု ၅၂ အုပ်စုရှိပြီး အသက် ၈၅ နှစ်အထက် သက်ကြီးဘိုးဘွား ၁၂၇၃ ဦးတို့အား တစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀ နှုန်းဖြင့် ထောက်ပံ့ပေးအပ်မည် ဖြစ်ကြောင်း သိရသည်။

မြို့နယ်( ပြန်/ ဆက်)



ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်သိန်းဆိုင်၏ ရေနံ့သာခင်ခင်ကြီး အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ ဖော်ပြပေးသွားမည် ဖြစ်ပါသည်။




**ယမန်နေ့မှအဆက်**

အခါတိုင်းက သည်သားကိုမြင်လျှင် စိတ်မှာ ကြည်ရွှင်မြဲ။ အဘယ်မျှ စိတ်ရှုပ်ထွေး နောက်ကျိနေခဲ့ရသည်ပင်ဆိုစေ သည်သားနှင့်တွေ့ရလျှင် ရွှင်ပျလာရတတ်မြဲပင်။ သားကိုထွေးပွေ့လျက်၊ ချော့မြှူလျက်၊ နမ်းရှုပ်နေရသည့်ကာလ၌ သောကတို့သည် လည်းကောင်း၊ ဗျာပါဒတို့သည် လည်းကောင်း လွင့်ပျောက်ရတတ်သည်။ မိမိ၏ကမ္ဘာမှာ မိမိနှင့်သားသာလျှင် ရှိသည်ဟု ဦးကောင်းမိုးထင်ခဲ့ပေသည်။

သို့စင်လျက် ယခုအခါတွင်ကား သားကိုမြင်ရသည့်တိုင် ရတက်မအေး။ စိတ်မှာ ရှုပ်ထွေးနေသည်တို့ကလည်း မပြေပျောက်၊ သောကနှင့်ဗျာပါဒမီးတောက်တို့က ရင်မှာ လောင်မြိုက်ဆဲသာတည်း။

သားကို မနမ်းရှုပ်မိ။ သား၏ တွတ်တီးတွတ်တာစကားများသည်ပင် ယခင်က လို နားမှာမချိုချေပြီ။

ဇနီးဖြစ်သူ မသူဇာက သူ၏မျက်နှာကို စူးစမ်းအကဲခတ်သလို ကြည့်လာသည်။ ထိုနောက် အလိုလိုနားလည်သွားဟန်ဖြင့် တစ်စုံတစ်ရာ မေးမလာတော့။ မသူဇာသည် သူ့ရင်ခွင်တွင်းမှ ကလေးကိုဆွဲယူပြီး မီးဖိုအခန်းသို့ ဝင်သွားသည်။

"ဖိုးအောင်ကို လွှတ်လိုက်စမ်း မသူဇာ"

ဦးကောင်းမိုးက မသူဇာကြားလောက်အောင် ပြောလိုက်သည်။

မသူဇာက စကားမဆိုခဲ့၊ သို့ရာတွင် မကြာမီ ဦးကောင်းမိုး၏ ရှေ့မှောက်သို့ ဖိုးအောင်လာရပ်သည်။ ဖိုးအောင်သည် အိမ်မှာ တောက်တိုမည်ရ ခိုင်းစေရန် ခေါ်ထားသူဖြစ်သည်။

"မနေ့ကလက်ကျန် ရှိသေးသလား ဖိုးအောင်"

ဦးကောင်းမိုးမေးသည်။ ဖိုးအောင်က တရိုတသေ ပြန်ဖြေသည်။

"လက်လေးသစ်လောက်တော့ ရှိသေးတယ်ခင်ဗျ"

"အေး၊ အဲဒါကို ထမင်းစားခန်းစားပွဲမှာ အသင့်ပြင်ထားခဲ့။ ပြီးတော့ မင်းရစ်ချတ်ကို သိတယ်မဟုတ်လား ဟင်။ မကြာခင်ကမှ ပြောင်းလာတဲ့ ကပြားလေ။ ဌာနာအုပ်လေ။ သူ့အိမ်ကိုသွား။ ငါက ခေါ်တယ်လို့ပြော။ သူ လိုက်လာလိမ့်မယ်"

ဦးကောင်းမိုး၏စကားကို ဖိုးအောင်က နာခံစွာမှတ်သားပြီး လှည့်ထွက်သည်။

"ဪ ဒါထက် ရစ်ချတ်ကို ဝင်မခေါ်ခင် ကျင်စိန်ဆိုင်က ပုလင်းကြီးတစ်ပုလင်းဝင်ဆွဲခဲ့ဦးကွ။ အကြွေးမှတ်ထားပါလို့ပဲပြော။ ပြီးတော့ မြည်းစရာကလေး ဘာလေးလဲ ရှာခဲ့ဦးဟေ့"

ခေတ္တမျှကြာလျှင် ဦးကောင်းမိုးသည် ထမင်းစားခန်းသို့ ရောက်လာခဲ့သည်။ ထမင်းစား စားပွဲတွင် ထိုင်မိသည်။ ဖိုးအောင်က အသင့်ပြင်ပေးထားခဲ့သည် ဖြစ်၍ ယမန်နေ့ညက လက်ကျန် အရက်ပုလင်းမှာ စားပွဲပေါ်သို့ ရောက်နေသည်။ ဦးကောင်းမိုးသည် အရက်ကို ဖန်ခွက်အတွင်း လက်တစ်လုံးသာထည့်၍ ဘာမှမရောဘဲ သောက်ချလိုက်သည်။

မသူဇာသည် သူ့ကို ကြည့်နေသည်။ စကားတစ်ခွန်းမျှ မဆိုဘဲလျက် မျက်တောင်မခတ်တမ်း ကြည့်နေခြင်းဖြစ်သည်။ သည်တော့လည်း ယင်းအကြည့်အတွက် ဦးကောင်းမိုးမှာ စိတ်အနှောင့်အယှက်ဖြစ်ရသည်။

"ဒီမယ် ကျုပ်ကို အဲဒီလိုကြည့်မနေစမ်းနဲ့ မသူဇာ မင်းဘာလိုချင်သလဲ။ ဘာပြောချင်သလဲ။ မင်းကျုပ်ကို ကြည့်နေပုံဟာ အခါတိုင်းနဲ့ မတူဘူး။ မင်းမှာ ပြောချင်တာတစ်စုံတစ်ခု ရှိကိုရှိရမယ်။ မဟုတ်လား မသူဇာ"

အဆုံးတွင် သည်းမခံနိုင်တော့သလို ဦးကောင်းမိုးက ဆိုသည်။

သည်တွင် မသူဇာသည် လှုပ်ရှားလာသည်။ ဦးကောင်းမိုး၏ အနီးသို့ တိုးကပ်လာသည်။

"တကယ်တမ်းပြောရမယ်ဆိုရင်တော့ ရှင့်ကို ပြောစရာတွေ ကျွန်မမှာ တစ်စုံတစ်ခုမကဘူး။ တစ်ပုံကြီးရှိနေတယ် ကိုကောင်းမိုး"

ဦးကောင်းမိုးသည် မသူဇာ၏မျက်နှာကို စူးစိုက်စွာ ကြည့်လိုက်သည်။

မသူဇာ၏မျက်နှာမှာ အနည်းအပါး တင်းမာနေသည်ဟု ထင်ရသည်။

သားတစ်ယောက်အမေမျှသာ ရှိသေးသော်လည်း မသူဇာသည် ကလေးလေးငါးယောက်အမေနှင့် တူနေသည်။ အတော်ချည်းကျနေသည်။ မင်းမျိုးမင်းနွယ်ဆိုသော်လည်း တစ်ခါတစ်ရံတွင် မသူဇာသည် မပျော့ပျောင်းပေ။ မသိမ်မွေ့ချေ။ တစ်ယောက်နှင့်တစ်ယောက် စတင်တွေ့ရှိစဉ်က အပြောအဆို အဆက်အဆံမျိုးများ မဟုတ်တော့ပေ။

ဟိုစဉ်ကဆိုလျှင် မသူဇာသည် အရုပ်ကလေးတစ်ရုပ်နှယ် လှပချောမွေ့သည်။ စကားအပြောအဆိုမှအစ သိမ်မွေ့ယဉ်ကျေးသည်။

ထို့ကြောင့်ပင်လျှင် မမြလေးအား လက်လွှတ်ဆုံးရှုံးခဲ့ရပြီး မသူဇာနှင့် လက်ထပ်ရမည်ဆိုစဉ်က သူ့စိတ်မှာ ရွှင်ရွှင်ပျပျ ဖြစ်ခဲ့ရသေးသည်။ မမြလေးနှင့် လွဲရသည့်အဖြစ်ကိုပင် ကျေနပ်ခဲ့ရသေးသည်။ သို့ပေမဲ့ ယခုတော့လည်း မသူဇာသည် အရုပ်ကလေးတစ်ရုပ်လို လှပခြင်း မရှိလေတော့။ သို့နှင့်အမျှ အပြောအဆို၊ အနေအထိုင်မှအစ တစ်စထက်တစ်စ ပြောင်းလဲလာသည်။ ယခုလိုပင် သူ့အပေါ် ပြစ်တင်ဝေဖန်စကားတို့ကို မကြာခဏ ဆိုလာတတ်သည်။

"ကိုင်း ဒါဖြင့်ရင်လည်း ပြောပါဦး မသူဇာ၊ အမိက ကျုပ်ကို ဘာမှမပြောဘဲ မကျေနပ်သလို ကြည့်နေမှာနဲ့စာရင် အမိရဲ့ပါးစပ်က တစ်စုံတစ်ခုပြောတာက ပိုပြီး အနေရ သက်သာလိမ့်မယ်ထင်တယ်။ ကဲပြောလေ မသူဇာ။ တစ်ပုံတစ်ပင်ကြီး ရှိနေတယ်ဆိုတဲ့အနက်က ပထမတစ်ခုကို ပြော။ ကုလားထိုင်မှာ ထိုင်ပါလား မသူဇာ"

"နေပါစေ မထိုင်တော့ပါဘူး။ စကားဆိုတာ မတ်တတ်ရပ်မပြောရဘူးလို့ ပညတ်ချက်မရှိပါဘူး"

ဦးကောင်းမိုးသည် မသူဇာ၏စကားကို ဘဝင်မကျနိုင်သလိုရှိသည်။ သို့ရာတွင် ဘာမျှပြန်မပြောဘဲ အရက်ကို လက်တစ်လုံးခန့် ငှဲ့ပြန်သည်။ သည်တစ်ခါမှာတော့ ရေရောသည်။ တစ်ကျိုက်သောက်ပြီးနောက် မသူဇာ၏စကားကို နားစွင့်သည်။

"ကျွန်မပြောချင်တာကတော့ ကိုအောင်ခန့်နဲ့ ပတ်သက်လို့ပဲ ကိုကောင်းမိုး"

"ဪ .. ဟုတ်လား"

"ဟုတ်တယ်၊ ကျွန်မအထင် ပြောရရင်တော့ ကိုအောင်ခန့်အပေါ်မှာ ရှင်ဆက်ဆံခဲ့တာတွေဟာ မာလွန်းတယ်။ ကြမ်းလွန်းတယ်လို့ပဲ"

"ဟုတ်တယ်၊ အဲဒီလိုဖြစ်အောင် တမင်ကြိုးစားယူရတာပဲ"

"အဲဒါကို ရှင့်ရဲ့ ပထမအမှားလို့ ကျွန်မထင်တယ် ကိုကောင်းမိုး"

"ဟေး … ဟုတ်လား။ ကိုင်း ဆိုပါဦးကွယ်။ ဒီအကျိုးကို အဲဒီလိုမဆက်ဆံဘဲ ဘယ်လိုဆက်ဆံရမလဲလို့၊ ဖန်ပေါင်းချောင်ထဲထည့်ပြီး ကိုးကွယ်ထားရမလား"

"ဒီလိုလုပ်ဖို့ မလိုပါဘူး။ ဒါပေမဲ့ သူဟာ ရှင့်ကို တွင်းရိုးတစ်ယောက်အနေနဲ့ လေးလေးစားစား ဆက်ဆံခဲ့တာကို ကျွန်မတွေ့ရတယ်။ ရှင်နဲ့ တတ်နိုင်သမျှ အကျွမ်းတဝင်ဖြစ်အောင် ရောခဲ့တယ်။ မိတ်ဆွေဖွဲ့ခဲ့တယ်။ ဒါပေမဲ့ ရှင်က သူ့အပေါ်အလကားနေရင်းအာဃာတထားခဲ့တယ်။ မစ္ဆရိယစိတ်ပွားခဲ့တယ်။ ဒီတော့ သူဟာ ရှင်နဲ့ ရန်သူဖြစ်လာခဲ့တယ်"

"သူနဲ့ ကျုပ်ဟာ ရန်သူပဲလေ"

"ဒါကို ဘယ်လိုအတိုင်းအထွာနဲ့ တိုင်းပြီး ဆုံးဖြတ်ခဲ့တာလဲ ကိုကောင်းမိုး။ မမြလေးနဲ့ပတ်သက်တဲ့ အတိုင်းအထွာလား။ ဒါကတော့ ယောက်ျားချင်းပဲရှင်။ သူယူလို့ရခဲ့တာ သူ့ဘက်က တော်လို့ ဖြစ်မှာပေါ့။ ကိုယ်ယူလို့ မရတာဟာ ကိုယ့်ဘက်က ညံ့လို့သာ ဖြစ်မှာပေါ့"

သည်စကားကို ကြားရလျှင် ဦးကောင်းမိုး တုန်လှုပ်ရသည် အမှန်ပင်။ စင်စစ်တွင် မသူဇာသည် မမြလေးနှင့် ပတ်သက်၍ ယခင်က စကားမဆိုဖူးခဲ့။ မမြလေး၏ အမည်ကို အသုံးစွဲအခေါ်အဝေါ် နည်းခဲ့သည်။ ဦးကောင်းမိုးနှင့် မမြလေးတို့အကြောင်းကို သိခဲ့သော်လည်း ဂရုမစိုက်သည့်ဟန်ဖြင့် နေခဲ့သည်။ မသိကျိုးကျွန် ပြုခဲ့သည်။ ယခုမူ မမြလေး၏အကြောင်းကို ပြောလာရုံတင်မက သူ့အား ပြစ်တင်ဝေဖန်ခြင်းကို ပါ ပြုလာသည်။

ဦးကောင်းမိုးအနေနှင့် စကားဝင်မပြောနိုင်ခင် မသူဇာက စကားဆက်သည်။

"တကယ်တမ်းပြောကြမယ်ဆိုရင် ကိုအောင်ခန့် ဒီအခြေအနေ ရောက်လာရတာဟာ ချီးကျူးစရာတောင်ကောင်းနေပါသေးတယ် ကိုကောင်းမိုး။ သူဟာ ကိုယ်ထူးကိုယ်ချွန်ဘဝနဲ့ ကြိုးစားရာက ဒီအခြေအနေရောက်လာရတာ မဟုတ်လား။ ဖြစ်သင့်တာက သူ့အပေါ်မှာ သက်သက်မဲ့ အာဃာတပွားနေမယ့်အစား သူ့လို ကြိုးစားဖို့ပဲရှိတယ်"

မသူဇာ၏စကား မဆုံးတတ်သေးမီမှာပင် ဦးကောင်းမိုးက စကားဖြတ်၍ ပြောလိုက်သည်။ သူ့ရင်မှာ ခံပြင်းသလိုရှိနေရာ၊ သူ့အသံမှာ မာကျောသွားသည်။

"တော်တော့ မသူဇာ၊ ဒီစကားကို ဒီမှာတင် ရပ်စမ်း"

မသူဇာသည် ဦးကောင်းမိုး၏ မျက်နှာကို ပိုမိုစူးစိုက်စွာ ကြည့်လိုက်သည်။

"ကျုပ် အမိရဲ့ မျက်နှာကို ဖန်ခွက်နဲ့ လှမ်းမပေါက်မိခင် ကျုပ်မျက်စိအောက်က ထွက်သွားစမ်း"

ဦးကောင်းမိုး၏ မျက်နှာထားမှာ တင်းမာနေသည်။ မျက်လုံးများက တောက်ပြောင်နေသည်။ အကယ်၍ သူ၏စကားကိုသာ မနာခံခဲ့ပါလျှင် တကယ်တမ်းလုပ်မည့်အသွင် ပေါ်ပေါက်နေသည်။

မသူဇာသည် နှုတ်ခမ်းနှစ်လွှာကို တင်းတင်းစေ့လိုက်သည်။ စကားသံကား ထွက်မလာလေတော့။ ဦးကောင်းမိုး၏မျက်လုံးကို တစ်ချက်စူးစိုက်ကြည့်ကာ ချာခနဲ လှည့်လိုက်သည်။ ထမင်းစားခန်းထဲမှ ထွက်သွားခဲ့ပါသည်။

ဦးကောင်းမိုးသည် ဖန်ခွက်ထဲမှ အရက်ကို တစ်ကျိုက်တည်း မော့သောက်လိုက်သည်။ သူသည် ယခုအခါအတော်ချည်း မူးဝေနေပြီဖြစ်သည်။ မကျေမနပ်ဖြစ်ရခြင်း၊ ခံပြင်းခြင်းတို့သည်လည်း တစ်စထက်တစ်စ ကြီးမားလာသည်ဟု စိတ်ဝယ်ထင်သည်။

**(ဆက်လက်ဖော်ပြပါမည်)**

> မသူဇာ၏မျက်နှာမှာ အနည်းအပါး တင်းမာနေသည်ဟု ထင်ရသည်။
> "ကျွန်မအထင်ပြောရရင်တော့ ကိုအောင်ခန့်အပေါ်မှာ ရှင်ဆက်ဆံခဲ့တာတွေဟာ မာလွန်းတယ်။"
> သူဟာ ရှင့်ကို တွင်းရိုးတစ်ယောက်အနေနဲ့ လေးလေးစားစားဆက်ဆံခဲ့တာကို ကျွန်မတွေ့ရတယ်။
> ရှင်နဲ့ တတ်နိုင်သမျှ အကျွမ်းတဝင်ဖြစ်အောင် ရောခဲ့တယ်။ မိတ်ဆွေဖွဲ့ခဲ့တယ်။
> ဒါပေမဲ့ ရှင်က သူ့အပေါ် အလကားနေရင်း အာဃာတထားခဲ့တယ်။
> မစ္ဆရိယစိတ်ပွားခဲ့တယ်။ ဒီတော့ သူဟာ ရှင်နဲ့ရန်သူဖြစ်လာခဲ့တယ်။"

ဆရာမောင်သိန်းဆိုင်၏ "ရေနံ့သာခင်ခင်ကြီး" စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။ **စာတည်း**

ဒါနပါရမီ

# သိကြားမင်းပင် တုန်လှုပ်ရသည့်အလှူ

**မောင်ဆန္ဒ(လယ်ဝေး)**

**(ယခင်အပတ်မှအဆက်)**

"ချမ်းသာသမျှ စည်းစိမ်ကိုလှူဖို့ တိုင်ပင်တော့ သူဌေးကြီး ဆန္ဒအတိုင်းပါပဲ၊ မရှိအတူ၊ ရှိအတူ၊ အေးအတူပူအမျှ နေထိုင်တဲ့ ကျွန်မတို့ အိမ်ထောင်ရေးမှာ လင်လုပ်ရင် မယားကြည်ဖြူ မယားဆန္ဒ ရှိတော့လည်း လင်ကလိုက်လျော၊ တစ်သဘောတည်းရှိခဲ့တာပဲ"

"သာဓုဗျာ၊ ဒါဆိုရင် အလှူပွဲမပျက်အောင် ကျုပ်တို့ စားဖို့ထားတဲ့ပစ္စည်းတွေ ထုတ်ပေးလိုက်"

"ဟိုဒင်း...ဒီလောက်နဲ့ ရပ်ပါ့မလား၊ သူဌေး နေ့စဉ် လှူနေတဲ့ ပစ္စည်းပစ္စယက ဒီမျှမှ မကတာ"

"လတ်တလော လုပ်ရမယ့်ကိစ္စ အဆင်ပြေအောင်လို့ပါ၊ ပျောက်သွားတဲ့ ပစ္စည်းတွေအတွက် အစားဝယ်ထည့်ရမှာပေ့ါ"

ဝိသယှသူဌေးသည် မနက်ဖြန်အလှူအတွက် ချက်ပြုတ်ရန် စားဖိုဆောင်မှ ထုတ်ယူစေလိုက်သည်။ သာမန်အိမ်ဆိုလျှင် အိမ်ရှိပစ္စည်းနှင့် လှူဖို့ပစ္စည်းက မလုံလောက်နိုင်။ သို့သော် သူဌေးဝိသယှအိမ်တွင်မူ အိမ်သူအိမ်သားနှင့် အိမ်စေကျွန်စားဖို့ တစ်နှစ်စာ အလုံအလောက်ထားသဖြင့် တစ်နံနက်စာ အလှူအတွက် ဖူလုံသွားသည်။

လူယုံတော် စိတ္တ ပစ္စည်းတွေ သယ်ယူသွားမှ သက်ပြင်းဖွဖွချလျက် သလွန်ထက်တွင် ခြေပစ်လက်ပစ် ထိုင်ချလိုက်သည်။ စိတ်ထဲတွင် မရှင်းနိုင်သည့် သံသယစိတ်များဖြင့် ရှုပ်ထွေးနေသည်။ သူဌေးကတော်က ခြေလှမ်း ညင်ညင်သာသာဖြင့် လျှောက်လာပြီး သူဌေးအပါးတွင် တင်မလွှဲလေး ထိုင်လိုက်သည်။ ဝိသယှက ခေါင်းကို ငုံ့စောင်းကြည့်လိုက်ပြီး ခပ်တိုးတိုး မေးမိသည်။

"ခင်ဗျား ဘယ်လိုထင်လဲ သူဌေးကတော်"

"ကျွန်မကတော့ မထင်တတ်တော့ဘူး၊ ဥစ္စာပျောက် ငရဲရောက် ဆိုသလို မဟုတ်တဲ့လူ ယိုးစွပ်မိမှာလည်း စိုးတယ်"

"ဟုတ်တော့ ဟုတ်ပါတယ်၊ စောစောက ပြောသလို ဒီပစ္စည်းတွေက လှူမှာဆိုတော့ ကုန်သွားလည်း အကြောင်းမဟုတ်ပါဘူး၊ ဒါပေမဲ့ စိတ်အနှောင့်အယှက် ဖြစ်တာပေ့ါ"

"ဒီကိစ္စ မတွေးနဲ့ပေ့ါ ရှင်၊ နောက်ရက် နောက်ရက်တွေမှာ ဘာလုပ်မယ်ဆိုတာသာ စဉ်းစား"

စဉ်းစားဟု ဇနီးသည်က သတိပေးလိုက်၍ "အေး .....ဟုတ်တယ်" ဟူသော အဓိပ္ပာယ်နှင့် ခေါင်းညိတ်လိုက်ပြီး အစီအစဉ်ကို စိတ်တွက်တွက်ကြည့်သည်။ လက်ထဲ ငွေရှိသော်လည်း အချိန်မီပစ္စည်းရဖို့က မလွယ်။ ဆန်၊ ဆီ၊ ဆား၊ ငါးပိ၊ ငရုတ်၊ ကြက်သွန် စသည့် အခြေခံစားကုန်များ အလျင်အမြန်ရဖို့လိုသည်။

"ရှင်မ၊ ဘဏ္ဍာတိုက်ထဲက ငွေသွားယူ"

"ဘယ်လောက် ယူခဲ့ရမလဲ သူဌေး"

"အတိုင်းအတာ ပြောဖို့ခက်တယ်၊ မယ်မင်း တစ်နိုင်သာယူခဲ့ဗျာ၊ ပြီးတော့ စိတ္တကို ကျုပ်ဆီ လွှတ်လိုက်"

ပစ္စည်းဝယ်ဖို့ ငွေယူခိုင်းလိုက်ပြီး မိတ်ဆွေ သူဌေးများထံ အကူအညီတောင်းရန် စဉ်းစားကြည့်သည်။ ထိုစဉ်မှာပင် စိတ္တက "ကျွန်တော် ရောက်ပါပြီ သူဌေး၊ ခိုင်းစရာရှိတာ ခိုင်းပါ"ဟု သတင်းပေးသည်။

"စိတ္တ၊ မင်းကိုယ်တိုင် တောင်ပြင်သူဌေးဆီသွား၊ ဆန်သန့်သန့်ထဲက ငါးရာလောက် အမြန်ဆုံး လိုချင်တယ်၊ ပေါက်ဈေးနဲ့ ရှင်းပါမယ်လို့ပြော၊ အဲ... ဆန်ချော၊ ဆန်သန့်ဖို့တော့ မင်းကိုယ်တိုင် ဂရုစိုက်ကြည့်၊ လှူဖို့တန်းဖို့ဆိုပြီး မျက်နှာလွှဲခဲပစ်မလုပ်နဲ့ ကြားလား"

"စိတ်ချပါ သူဌေး"

"အေး...မင်းသွားရင် ပုညခေါ်သွား၊ ဆန်တွေ ခြင်တွယ်ခိုင်းခဲ့ပြီး မင်းက မဏ္ဍဂါမရွာသွား၊ အဲဒီက ငါ့မိတ်ဆွေ ဣသရရှိတယ်။ သူ့ဆီမှာ ရှိရင်လည်းရှိ၊ မရှိရင် ဆီရသလောက် လိုချင်တယ်၊ လိုသလောက်ရနိုင်အောင် အကျိုးဆောင်ပေးပါလို့ပြော"

"ဟုတ်..."

"ဟုတ်ကဲ့ပါ သူဌေး"ဟု တုံ့ပြန်စကားဆိုဖို့ အားယူချိန်ပင် "အောင်မယ်လေး ခက်ကုန်ပြီ"ဟု အော်ဟစ်ရင်း ငိုယိုပြေးလာသည့် သူဌေးကတော်ကြောင့် စကားစ ရပ်သွားသည်။

"ခက်ကုန်ပြီ သူဌေး၊ ကျွန်မတို့ပစ္စည်းတွေ ဘာမှ မရှိတော့ဘူး"

"ဟေ"

"ပစ္စည်းဝယ်ဖို့ ဘဏ္ဍာတိုက်က ငွေထုတ်ဖို့ သွားတာ၊ ဘဏ္ဍာတိုက်ထဲမှာ ငွေတစ်ပြားတစ်ချပ်မှ မရှိတော့ဘူး"

"ဘယ်လို"

"ကျွန်မ လက်ဝတ်လက်စားတွေရော၊ သူဌေးမင်း ညီလာခံတက်ရင် ဆွဲလေ့ရှိတဲ့ ရွှေစလွယ်ရော၊ ငွေတွေရော ဘာတစ်ခုမှ မရှိတော့ဘူး"

"ဟုတ်ရဲ့လား"

"ဒီကိစ္စ နောက်ရမယ့်ကိစ္စမှ မဟုတ်တာ၊ အခြေအနေမှန် သိရအောင် အမြန်လိုက်ကြည့်ပါ"

ဝိသယှသူဌေး၏ လက်ကိုဆွဲခေါ်လျက် အပြေးတစ်ပိုင်းနှင့် ထွက်ခဲ့သည်။ "အိမ်ရှေ့ပူတော့ အိမ်နောက် မချမ်းသာ" ဆိုစကားအတိုင်း ကျေးဇူးရှင် သူဌေးလင်မယား ပူပင်သောကရောက်တော့ စိတ္တလည်း မချမ်းသာ။ သူကိုယ်တိုင်ပင် ဘာကိုင်လို့ ကိုင်ရမှန်းပင် မသိတော့။

ဘဏ္ဍာတိုက်တံခါးက ဖွင့်လျက်သား။ အတွင်း၌မူ ပစ္စည်းကဗလာ။ ရှေးရှေးအခါက ဤဘဏ္ဍာတိုက်မှ ငွေတွေ ထုတ်ပေးနေသည်ကို မြင်ဖူးသည်။ လူတစ်ရပ်နီးပါး ငွေတွေကိုကြည့်ပြီး အားကျမိသည်။ ကုဋေရှစ်ဆယ် ကြွယ်ဝသည်ဆိုခြင်းမှာပင် နည်းပေသည်ဟု တွေးခဲ့မိသည်။ ထိုနေရာတွင် အခုတော့ ဟင်းလင်းပြင်ကြီး ဖြစ်နေပြီ။

"ဘယ်လိုလုပ်ကြမလဲ သူဌေး"

"အင်း...ဒီငွေတွေကို လှူမယ်လို့ စိတ်ထဲ မှန်းထားတာ၊ အခုတော့ လှူစရာတောင် မရှိတော့ပါလား"

"နောက်နေ့အတွက် စဉ်းစားပါ သူဌေး"

"မပူပါနဲ့ ရှင်မရာ၊ အရေးဟဲ့ဆို ထုတ်သုံးနိုင်ဖို့ မြေမြှုပ်သိမ်းထားတဲ့ပစ္စည်းရှိတာပဲ"

"ဟယ် ... ဟုတ်သားပဲ၊ ကျွန်မ ခေါင်းတွေပူပြီး အကြံကုန်ဉာဏ်ကုန်ဖြစ်နေတာ၊ ဒါဆိုပစ္စည်းတွေ ဖော်ကြရအောင်"

ဝိသယှသူဌေးနှင့် သူဌေးကတော်သည် လူယုံတော် စိတ္တကို ခေါ်လျက် ဂေါ်မြားကမ်းဘေး ထွက်ခဲ့ကြသည်။ စိုးရိမ်သောကစိတ်တွေ ဖိစီးနေသဖြင့် ကတုန်ကယင်ဖြစ်နေသည်။ နောက်ဆုံး လက်နက်ကို ထုတ်သုံးရသည်ဖြစ်၍ စိတ်လှုပ်ရှားနေသည်မှာ အမှန်ပင်။

ဟယ် ...

ပစ္စည်းသိုဝှက်မြှုပ်နှံထားသည့် ကမ်းပါးယံက ဘယ်အချိန်က ရေတိုက်စားပြီး ကမ်းပြိုသွားသည် မသိ။ ရတနာအိုးရော၊ အမှတ်သင်္ကေတထားသည့် ရေသဖန်းပင်ကြီးပါ ရေ၌ မျောပါသွားခဲ့လေပြီ။

ရေ၊ မီး၊ မင်း၊ ခိုးသူ၊ မချစ်မနှစ်သက်သူဟူသော ရန်သူမျိုးငါးပါးအနက် ရေ၏နှောင့်ယှက်မှုကိုသာ လက်ညှိုးထိုးပြစရာရှိသည်။ ကုဋေရှစ်ဆယ်သော ဥစ္စာသည်ကား မျက်လှည့်ပြသည့်အလား ပျောက်ဆုံးခဲ့ချေပြီ။ ဤပစ္စည်းဥစ္စာကို လှူဒါန်းမည်ဟု ရည်စူးထားသဖြင့် နှမြောတွန့်တိုစိတ်မဖြစ်သော်လည်း မလှူဒါန်းနိုင်သဖြင့် စိတ်မကောင်း ဖြစ်ရသည်။

နေ့စဉ်နေ့တိုင်း လူတွေနှင့် တရုန်းရုန်းဖြစ်နေသော မဏ္ဍပ်ကြီးတွေလည်း ခြောက်သွေ့နေပြီ။ လူသူမရှိသည့် မဏ္ဍပ်များတွင် ကျီးတစ်ကောင်၊ နှစ်ကောင်သာ စွန့်ပစ်ပစ္စည်းတွေ ကောက်စားနေသည်ကို တွေ့ရသည်။ မဏ္ဍပ်တွေသာ လူသူခန်းခြောက်နေသည်မဟုတ်။ တစ်ချိန်က လူတရုန်းရုန်းဖြစ်နေသည့် သူဌေးကြီး ဝိသယှအိမ်တွင်လည်း လူသူမရှိတော့။ သူဌေးကြီးနှင့် သူဌေးကတော်ကလွဲ၍ ဘယ်သူမှ မရှိတော့။ ကျွေးနိုင်၊ မွေးနိုင်၊ ပေးကမ်းနိုင်စဉ်က သူတို့အပါး မှီခိုကပ်စားနေသူများက နှုတ်ပင်မဆက်ဘဲ ထွက်သွားကြသည်။ မြက်ရိတ်သမားက မြက်ရိတ်တံစဉ်၊ မြက်ထမ်းတံပိုးတို့ကို အိမ်ရှေ့လေ့ကားရင်းတွင် ထားရစ်ပြီး ပြေးသွားလေပြီ။

(ဆက်လက်ဖော်ပြပါမည်)

**စာရေးဆရာ မောင်ဆန္ဒ(လယ်ဝေး)၏ မြင့်မြတ်သူတို့ကျင့်စဉ် (ပါရမီဆယ်ပါး) စာအုပ်မှ စာရေးသူ၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။**

# ရဟန်းသံဃာနှင့် စကားပြောခြင်း




ကျွန်တော်တို့ ဗုဒ္ဓယဉ်ကျေးမှု စကားဝိုင်း လူစုံလောက်ပြီ ရှိသောအခါ မောင်သီလက ...

"ဘဘ ကျွန်တော်တို့ ဒီကိုလာတော့ လမ်းမှာ ရွာလယ်ကျောင်း ဆရာတော်ကြီးနဲ့ တွေ့တယ်"

"ဟေ ... တွေ့တော့ မင်းတို့က လက်အုပ်ချီ ရပ်မနေကြဘူးလား"

"ရပ်နေတာပေါ့"

"အေး ... ဒီလိုမှပေါ့။ နေရာက ထိုင်သင့်တဲ့ နေရာဆိုရင် ထိုင်ပြီး လက်အုပ်ချီနေ၊ ရပ်နေရမယ့် နေရာမျိုးဆိုရင်လည်း မတ်ရပ်ကနေ လက်အုပ်ချီထားပေ့ါ။ ရဟန်း သံဃာ ကိုယ့်ကို ကျော်သွားမှ ကိုယ်က သွားရမှာ"

"ဟုတ်ကဲ့ ... ဘဘ၊ အဲဒါ ဆရာတော်ကြီးက ယဉ်မေကို ကြည့်ပြီး ...."

"နင် တောင်ပိုင်းက စံဘသမီး မဟုတ်လား"လို့ မေးတော့ ယဉ်မေက ...."

"ဟုတ်တယ်ရှင့်လို့ ဖြေတယ်။ နောက်ပြီး ဆရာတော်က"

"နင့်အဖေ ရှိလား"

လို့မေးတော့ "မရှိဘူး။ ခရီးသွားနေတယ်"လို့ ဖြေတယ်။

"ဟေ ... ဒီတော့ ဆရာတော်ကြီးက ဘာပြောလဲ"

"ဘာမှမပြောဘူး။ ပြုံးပြီး .... ကဲသွားကြတော့၊ သွားကြတော့ဆိုပြီး ... သူလည်း ဆက်သွားတယ်"

"ဒါ သူ့စိတ်ထဲ ဒီကလေးမ ရဟန်းသံဃာနဲ့ စကားမပြောတတ်သေးဘူးလို့ ထင်သွားမှာ"

"ဒီတော့ ရဟန်းသံဃာက "စံဘသမီးလားလို့ မေးရင် (ဟုတ်ပါဘုရား၊ မှန်ပါဘုရား၊ တင်ပါဘုရား) လို့ ပြောရတယ်ကွ။ စကားပြောတိုင်း(ပါ)ဆိုတဲ့ စကားလုံးလေးကို အမြဲထည့်ပြောရတာ။ မင်းတို့ လိုက်ဆိုကြစမ်း"

**"တင်ပါ၊ မှန်ပါ၊ ဦးတင်ပါ၊ ပါတစ်လုံးကို သုံးပါတဲ့"**

ကလေးများ လိုက်ဆိုကြသည်။

"တင်ပါ၊ မှန်ပါ၊ ဦးတင်ပါ၊ ပါတစ်လုံးကို သုံးပါ"တဲ့။

"အေး ဒါမှတ်ပြီး တစ်သက်လုံး သုံးကြပေတော့။ နောက်တစ်ခါ ရှိသေးတယ်။ မရှိရင်၊ မဟုတ်ရင်လည်း "မရှိပါဘုရား၊ မဟုတ်ပါဘုရားလို့ ပြောရတာ။ မရှိဘူးဆိုတာနဲ့ မရှိပါဘုရားလို့ဆိုတာ ယဉ်ကျေးမှုမှာ ဘယ်လောက်ကွာသွားလဲ။ မရှိဘူး၊ မဟုတ်ဘူးလို့ ဖြေတာက နားထောင်သူရဲ့ နားထဲမှာ ဆောင့်ဆောင့်အောင့်အောင့်ကြီးကို နေတာ။ ဟော မရှိပါဘုရား၊ မဟုတ်ပါ ဘုရားဆိုတာက နားထဲမှာ စိမ့်ခနဲ အေးခနဲကိုနေတာ"

"ကဲ ... လိုက်ဆိုကြဦး"

**"ဘူးတယ်ကိုဖျောက်၊ ပါကို လျှောက်၊ လျှောက်တတ်စေကွယ့် တပည့်ရဲ့"**

ကလေးများ လိုက်ဆိုကြပြန်သည်။

"ဘူးတယ်ကိုဖျောက်၊ ပါကိုလျှောက်၊ လျှောက်တတ်စေကွယ့် တပည့်ရဲ့"

"အဲ ဟုတ်ပြီ။ ဘုန်းကြီးနဲ့ပဲ ပြောပြော၊ လူကြီးမိဘတွေနဲ့ပဲ ပြောပြော၊ မဟုတ်ဘူး၊ ဘာဘူးလို့ မသုံးရဘူး။ ဘူးကို ဖျောက်ပြီး မဟုတ်ပါ၊ မမှန်ပါ၊ မရှိပါနဲ့ စသဖြင့် ပါဆိုတဲ့စကားလုံးလေးကို လိမ္မာပါးနပ်စွာ သုံးပေတော့။ ဒီလိုပဲ (တယ်)ကိုလည်း ဟုတ်တယ်၊ ရှိတယ်နဲ့ စသဖြင့် မသုံးရဘူး။ ဟုတ်ပါတယ်၊ ရှိပါတယ်နဲ့ ပါလေးနဲ့ တွဲသုံး"

"ဟုတ်ကဲ့ ... ဘဘ"

"ဒီလို ယဉ်ကျေးသိမ်မွေ့စွာနဲ့ လူ့အသိုင်းအဝိုင်းထဲမှာ နေတတ်ထိုင်တတ်၊ ပြောတတ် ဆိုတတ်ပါမှ မောင်တို့ မယ်တို့ ကြီးပွားချမ်းသာကြမှာ။ လူရည်မွန်လေးတွေ ဖြစ်ကြမှာ။ စကားပြောတာ ရိုင်းစိုင်းရင် ကိုယ့်ဩဇာအာဏာလည်း မတည်ဘူး။ ယဉ်ယဉ်လေး ချိုချိုလေး ပြောတတ်မှ ကိုယ့်ပြောစကား အောင်မြင်မှာ။ အကျိုးရှိမှာ။ မှတ်ထားနော်"

"ဟုတ်ကဲ့ပါ ဘဘ"

■ ■ ■

# အရှုံးထဲက အမြတ်

## ဘယ်သူ သတ်တာလဲ

**ဓမ္မဒူတ ဒေါက်တာအရှင်ဆေကိန္ဒ**



လောကမှာ လူတစ်ဦးတစ်ယောက်က နိုင်ထက်စီးနင်းနဲ့ ရွှေဆယ်ပိဿာ ပေးမလား၊ မင်းလက်သန်းလေး တစ်ဖက်ဖြတ်ပေးမလား၊ လက်ကောက်ဝတ်က ဖြတ်ပေးမလား၊ လက်မောင်းက ဖြတ်ပေးမလား မေးလာရင် ဘယ်သူမှ လက်ကိုဖြတ်ပေးကြမှာ မဟုတ်ပါဘူး။ ရွှေဆယ်ပိဿာကိုပဲ ရှာကြံပြီး ပေးကြမှာပါ။

အဲဒီလိုနဲ့ တစ်ယောက်ယောက်က လာပြီး မင်းလက်ဖြတ်ပေးမလား၊ မျက်လုံးအဖောက်ခံမလား၊ ဒါမှမဟုတ် မင်းအသက် အသေခံမလားဆိုရင် ဘယ်သူမှ အသက်အသေ မခံချင်ကြပါဘူး။ လက်ကို ဖြတ်ပေးကြမှာပါပဲ။

မင်းလက် အဖြတ်ခံမလား၊ မင်းအဘိုး အသေခံမလား။

မင်းလက် အဖြတ်ခံမလား၊ မင်းအဖေ အသေခံမလား။

မင်းလက် အဖြတ်ခံမလား၊ မင်းဦးလေး အသေခံမလားလို့ မေးလာရင် ဘယ်လိုမှ အဘိုးလည်း အသေမခံနိုင်ပါဘူး၊ အဖေလည်း အသေမခံနိုင်ပါဘူး၊ ဦးလေးလည်း အသေမခံနိုင်ပါဘူး၊ လက်ကိုသာ အဖြတ်ခံလိုက်မှာပေါ့။

ဘာဖြစ်လို့ ဒီစကားတွေကို ပြောရတာလဲဆိုရင် လူတွေမှာ သတ်မှတ်ပြီး တန်ဖိုးကြီးတယ်လို့ နားလည်ထားတဲ့ တန်ဖိုးကြီးမှ အဆုံးအရှုံး မခံနိုင်ကြပါဘူး။

တန်ဖိုးနည်းတာတွေ ဘယ်လောက် ဆုံးရှုံးဆုံးရှုံး အဆုံးရှုံးခံနိုင်ကြပါတယ်။

တကယ်ပြောရင် ဘယ်သူမှ တားမရဘဲ သတ္တဝါတွေကို နိုင်ထက်ကလူနဲ့ ကြိုက်သလိုလုပ်ပြီး လူတွေကို တွန်းခေါ်သွားတာက သေမင်းဖြစ်ပါတယ်။ သေမင်းကို ဘာနဲ့မှလဲလို့ မရပါဘူး၊ အသက်မဆုံးရှုံးရအောင် ငွေကြေးအပါအဝင် တတ်နိုင်သမျှ ဖြည့်ဆည်းပေးဆပ်မှုတွေနဲ့ လဲခဲ့တာပါပဲ။ မရပါဘူး။ တကယ်ပြောရရင် လောကမှာ အရှုံးတကာ့ အရှုံးထဲမှာ အသက်ဆုံးရှုံးတာဟာ အရှုံးဆုံးပါပဲ။

အဲဒီ မလွဲရှောင်သာတဲ့ သေမင်းနဲ့ ပတ်သက်တဲ့ အရှုံးဖြစ်နေတဲ့အချိန်မှာ ကိုယ့်ကိုယ်ကိုယ် ပြန်စဉ်းစားပါ။ သေမင်းနဲ့ပတ်သက်ပြီးတော့ စိတ်မကောင်းတော့ မဖြစ်ပါနဲ့။

ဘုန်းဘုန်း ၁၆ နှစ် ၁၇ နှစ်လောက်တုန်းက ချစ်တဲ့တူလေး၊ အစ်ကိုကြီးက မွေးတဲ့တူလေး ဆုံးသွားရှာတယ်။ ငယ်ငယ်လေး၊

သွက်သွက်လက်လက် ချက်ချက်ချာချာလေးပါ။ ၄ နှစ်သားလေးပေါ့။ ဆုံးသွားတော့ စိတ်ထဲက သဘောကို မကျဘူး။

ဒီကလေး ဘာလို့ သေတာလဲ၊ ဒီကလေးကို ဘယ်သူက သတ်တာလဲ။

ဘုန်းဘုန်းတို့ ဗုဒ္ဓဘာသာ ထုံးတမ်းစဉ်လာအရဆိုရင် သေအောင်သတ်တဲ့ လူကို ဒါ သေမင်းလို့ ခေါ်တာပေါ့။ အဲဒါနဲ့ စိတ်ထဲမှာ သေမင်းကို မကျေမနပ်ဖြစ်နေခဲ့ပါတယ်။

အဲဒီကတည်းက အဲဒီသေမင်းကို ငါပြန်သတ်နိုင်အောင် ကြိုးစားမယ်ဆိုတဲ့စိတ် ဘုန်းဘုန်းမှာ ကိန်းအောင်းနေခဲ့ပါတယ်။

ကိုယ့်တူလေးကို ကိုယ်ချစ်တာ ဒီသေမင်းက ခွဲသွားခဲ့တယ်၊ သေမင်းက ခေါ်သွားတယ်၊ သေမင်းက သတ်ပစ်ခဲ့ပါတယ်။ သေမင်းက ခေါ်သွားခဲ့တယ်၊ ခွဲသွားခဲ့တယ်၊ နိုင်ထက်ကလူ ဆိုသလို လုပ်သွားခဲ့ပါတယ်။

ဘုန်းဘုန်း ငယ်ငယ်တုန်းက ကိုယ့်တူလေးကို သေမင်းက ခေါ်သွားတော့ အဲဒီသေမင်းကို အတော်မကျေမနပ် ဖြစ်ခဲ့ပါတယ်။

သေမင်း တွေ့ဖူးလား။

သေမင်း ဘယ်မှာနေလဲ။

ဘယ်လို လာလဲ။ ဘယ်အချိန်မှာ ရောက်လာသလဲ။ ဘယ်လို သတ္တဝါတွေကို သတ်သွားသလဲဆိုတာ နည်းနည်း ပြောပြပါဦးမယ်။

"သေသူကမွေး၊ သေသွေးပါလာ၊
သေမှာမလွဲ၊ သေမြဲသေချာ၊ ငါလည်း
ပဲ၊ အမြဲသေရမှာ"

အဖေတို့မရှိတော့ဘူး၊ အမေလည်း မရှိတော့ဘူး၊ အဘိုး အဘွားတွေလည်း မရှိတော့ပါဘူး။ ဘိုးဘေး အဆက်ဆက်လည်း မရှိတော့ပါဘူး။ သေသွားကြပါတယ်။

အဲဒီသေသွားကြတဲ့ ပုဂ္ဂိုလ်တွေက တိုက်နဲ့ခြံနဲ့ဝင်းနဲ့ ပစ္စည်းဥစ္စာတွေကို ချန်ထားခဲ့တယ်လို့ အပေါ်ယံပဲ မြင်ကြတာပါ။

တကယ်တမ်းကျတော့ သူတို့တွေက ချစ်လွန်လွန်းလို့ ဒီသားကို သေတဲ့ဓာတ်တွေ အမွေပေးခဲ့တာ။ သေတဲ့သူက မွေးရင် သေသွေး ပါလာမှာပဲ။ ဒါက သဘာဝတရားကြီးပါ။ အမှန်တရားကြီးပါ။

"သေသူကမွေး၊ သေသွေးပါလာ၊
သေမှာမလွဲ၊ သေမြဲသေချာ"

သေမင်း ဘယ်မှာနေတုန်းဆိုရင် အသွေးထဲမှာ အသားထဲမှာ နေတာပါ။ သေမင်းဆိုတာ အချွန်ကြီး အတက်ကြီးနဲ့ဟာမျိုးကို သေမင်း မထင်ပါနဲ့။ တစ်ကိုယ်လုံးမှာ သေမင်းရှိပါတယ်။

ဘယ်အချိန်ကတည်းက သေမင်းရှိတာလဲဆိုရင် အမိဝမ်းထဲမှာ ကလလ ရည်ကြည် သန္ဓေတည်ကတည်းက ရှိတာပါ။ သူ မခေါ်သေးလို့သာ ကိုယ်က နေနေရတာပါ။ မွေးကတည်းက သေမင်းက ပါလာပြီးသားပါ။

ဘုန်းဘုန်း ငယ်ငယ်တုန်းက ကိုယ့်တူလေးဆုံးတော့ ချစ်လွန်းအားကြီးလို့ တော်တော်ခံရခက်ပါတယ်။ တော်တော်ခံစားရပါတယ်။

ဒါပေမယ့် တဖြည်းဖြည်း သဘောပေါက်လာတယ်။

ဩော် - သေတဲ့သူက မွေးလို့ သေသွေးတွေ ပါလာတာ။

သေမင်းက သူတစ်ယောက်တည်း မဟုတ်ပါဘူး။ အိုတာတွေ၊ နာတာတွေကိုပါခေါ်ပြီး အတူလာခဲ့တာပါ။

ကင်ဆာဖောင်ဒေးရှင်း တည်ထောင်တဲ့ ဒကာကြီး ဦးလှထွန်း မဆုံးမီ နာမကျန်းဖြစ်နေတုန်း ဆေးရုံပေါ်မှာ သွားကြည့်တယ်။

သူ့လက်ကလေးကိုင်ပြီး ပရိတ်တွေ ဘာတွေရွတ်ပြီး ကိုယ်ကလည်း စကားပြော အားပေးခဲ့ပါသေးတယ်။

ဩော် - အဲဒီမှာ စိတ်ထဲ ဖြစ်မိတယ်။
ကြည့်စမ်း။

"နာသူကမွေး၊ နာသွေးပါလာ၊
နာမှာမလွဲ၊ နာမြဲသေချာ၊
ငါလည်းပဲ၊ အမြဲနာရမှာ"

သူလည်းပဲ နာရမှာပဲ၊ ငါလည်းပဲ နာရမှာပဲ။ သေမင်းဆိုတာ သူတစ်ယောက်တည်း လာတာမဟုတ်ဘူး။ နာမင်းလည်း ပါလာတယ်။ အိုမင်းလည်း ပါလာပါတယ်။

"အိုသူကမွေး၊ အိုသွေးပါလာ
အိုမှာမလွဲ၊ အိုမြဲသေချာ၊
ငါလည်းပဲ၊ အမြဲအိုရမှာ"

သေမင်းနဲ့အတူ အိုမင်းကလည်း ပါလာပါတယ်။

အဖေ အမေက သားသမီးတွေအတွက် ဘာတွေ ချန်ခဲ့တာလဲဆိုတော့ အဲဒီဓာတ်တွေချန်ခဲ့တာ ဖြစ်ပါတယ်။ အိုသွေး၊ နာသွေးတွေ ချန်ခဲ့တာပါပဲ။

အဘိုး အဘွားတွေ ဘာတွေအမွေပေးခဲ့တာတုန်းဆိုရင် အိုသွေး၊ နာသွေး၊ သေသွေးတွေ အမွေပေးခဲ့တာပါ။

အဲဒီလို သဘောပေါက်သွားရင် ငါ့အဘိုး၊ ငါ့အဖေ၊ ငါ့အစ်ကို၊ ငါ့ဆွေမျိုး ဘာလို့ သေတာတုန်းလို့ ထူးထူးဆန်းဆန်း ရှာစရာမလိုတော့ပါဘူး၊ စိတ်မကောင်းနေစရာလည်း မလိုတော့ပါဘူး။

မွေးလာတဲ့သတ္တဝါတွေဟာ မွေးပြီးတာနဲ့တစ်ပြိုင်နက် အိုလာမယ်၊ နာလာမယ်၊ အချိန်ကျရင် သေရမှာပါပဲ။ ဒါဟာ ထုံးစံပါပဲ။ အသိဉာဏ်လေး ရှိလာရင် သေတာဟာ သဘာဝပဲ။ သေတာဟာ ထုံးစံပဲလို့ မြင်လာခံယူလာပါမယ်။

ဓမ္မဒူတ ဒေါက်တာအရှင်ဆေကိန္ဒ၏ အရှုံးထဲကအမြတ် စာအုပ်မှ ဆရာတော်၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။

---

# ယဉ်ကျေးလိမ္မာအစပြု

## ကာယကံယဉ်ကျေးမှု(၁)

**ဦးမင်းဟန်(ဘီအေ)**

(ယခင်အပတ်မှအဆက်)

ပူစူးမစကားစကို မောင်ထူးက ပျာပျာသလဲ ပြန်ပြောလိုက်သည်။

"အေးလေ နောက်ပိုင်း ဆင်ခြင်ရမှာပေါ့ကွယ်။ အများအမြင်မတော်တဲ့ နေရာတွေမှာ မတ်တတ်ရပ်ပြီး ကျင်ငယ်မစွန့်ရသလို သောက်သုံးရေကန်၊ ရေတွင်းတို့မှာလည်း ကျင်ကြီး ကျင်ငယ် မစွန့်ရဘူး။ နှပ်တွေ၊ တံတွေးတွေ မစွန့်ရဘူးနော် "

"ဟုတ်ကဲ့.. ဘိုးလေး "

"ကာယကံမြောက်ဆိုတော့ တွေးကြည့်ရင် အများသား၊ ရွာထဲမှာ အသံသေး အသံကြောင် အော်ဟစ်တာ၊ ကောင်းကောင်းမွန်မွန် မကစားဘဲ ဣန္ဒြေမဲ့ ပြုမူနေထိုင်တာမျိုးတွေ မလုပ်ရဘူး။ မိဘဆရာသမားတွေ ဆိုဆုံးမတာကို လေးစားလိုက်နာရမယ်။ လိုက်နာချင်ယောင်ဆောင်ပြီး ရှေ့မှာတစ်မျိုး ကွယ်ရာမှာတစ်မျိုး မပြုကျင့်ရဘူး။ မိဘဆရာသမားတွေကို ဝတ္တရားမပြတ် ပြုစုတန်ရင် ပြုစုပေးရမယ်"

"ကိုဦးက အဲလိုဖြစ်တယ် ဘိုးလေး။ မိဘတွေ ရှေ့ကျတစ်မျိုး ကွယ်ရာကျတစ်မျိုး လုပ်တတ်တယ်"

"ဟုတ်လား ကိုဦး"

"မဟုတ်ရပါဘူး ဘိုးလေးရယ်။ မောင်ထူး တမင်ပြောတာပါ။ ကျွန်တော့်ကို ချောက်ချတာပါ"

"မောင်ထူးကလည်း အဲလိုမဟုတ်တန်းတရားတွေ မပြောရဘူး၊ ကိုယ့်စကားကိုယ် တာဝန်ယူရတယ်။ စကားပြောရင် အဓိပ္ပာယ်မဲ့ အနှစ်မရှိတာ မပြောရဘူး။ ကျီစားတယ်ဆိုပေမယ့် လူကြီးသူမတွေ ရှေ့ပြောရင် သတိနဲ့ ဆင်ခြင်ပြောရတယ်နော် မှတ်ထားကြ"

"ဟုတ်ကဲ့ ဘိုးလေး၊ မြေးက တမင်ရယ်စရာ ပြောတာပါ။ နောက်ဆို ဆင်ခြင်ပါ့မယ်"

" အေးပေါ့ကွ မောင်ထူးရေ၊ အမှားမှန်းသိရင်နောင် ဆင်ခြင် အမှန်ပြန်ဖြစ်လိမ့်မယ်တဲ့ "

"ဟုတ် ဘိုးလေး.. မြေးတို့အားလုံး ဆင်ခြင်လိုက်နာကြမှာပါ"

မောင်ထူး၊ ကိုဦးနှင့် ပူစူးမတို့ တညီတညွတ်တည်း ဘိုးလေးကြွက်ကို ကတိပေးကြရာ ဘိုးလေးကြွက်က ပြုံးပြုံးကြီး ကြည့်နေပေသည်။

"ပြောရဦးမယ်ကွ၊ ရဟန်းသံဃာတွေ ကျိန်းစက်တာတို့၊ လူကြီးမိဘ ဆရာသမားတွေ အိပ်စက်တာတို့နဲ့ကြုံရင် ခြေသံပြင်းပြင်း မနင်းရဘူး၊ ဆူညံအော်ဟစ်ခြင်း မပြုရဘူးပေါ့ကွာ။ သွားစရာ လာစရာရှိရင် လူကြီးမိဘတွေထံမှာ ခွင့်ပန်ပြီး ခွင့်ပြုမှ သွားလာရမယ်။ လူကြီးသူမတွေကို လိမ်ညာလှည့်ပတ်ပြောဆိုမှုတွေ မလုပ်ရဘူး "

"ဟုတ်ကဲ့ပါ"

"အေး ဒါက အရေးကြီးတယ်၊ မိဘဆရာသမားတွေက အပြစ်ရှိလို့ ပြောဆိုရိုက်ပုတ်ဆုံးမတဲ့အခါ အမျက်ဒေါသထွက်ပြီး မတုံ့ပြန်ရဘူး။ မိဘဆရာဆိုတာ အနန္တဂိုဏ်းဝင် ပုဂ္ဂိုလ်တွေဖြစ်လို့ ရှိသေမြတ်နိုးကာ ဆိုဆုံးမတာကို လေးစားလိုက်နာကြရမယ်နော်"

"ဟုတ်ကဲ့ပါ ဘိုးလေးခင်ဗျာ "

"အေးအေး မြေးတို့ကိုလည်း ဘိုးလေးပြောတာများသွားပြီ၊ ပြောတာလေးတွေ မှတ်သားထားပြီး ဆင်ခြင်ပြုပြင်ကြပေါ့။ ခုတော့ အေးအေးလူလူ သွားဆော့ကြပေတော့ "

ကိုဦး၊ မောင်ထူးနှင့် ပူစူးမတို့လည်း ဘိုးလေးကြွက်အား ကန်တော့ပြီး ပြန်သွားကြရာ ထိခြင်းငါးပါးနဲ့ ကန်တော့တတ်ကြရန် အခါသင့်ရင် ပြုပြင်ပေးရဦးမှာပါလားဟူသည့်အတွေးက ဘိုးလေးကြွက်စိတ်၌ စိုးမိုးနေတော့သည်။

လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့

မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့

စက်တင်ဘာလ ၁၃ ရက်



၂၀၂၂ ခုနှစ်၊ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့၏ရည်ရွယ်ချက်(၄)ရပ်

- လူကုန်ကူးမှု တိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်အဖြစ် သတ်မှတ်၍ နိုင်ငံသားအားလုံး ပူးပေါင်းဆောင်ရွက်ရန်။
- လူကုန်ကူးမှုဆိုင်ရာအသိပညာများ ပြည်သူလူထုအတွင်း စိမ့်ဝင်ပျံ့နှံ့စေရန်။
- လူကုန်ကူးခံရသူများအား စာနာနားလည်ခြင်းဖြင့် ကာကွယ်စောင့်ရှောက်နိုင်ရန်။
- လူကုန်ကူးမှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်များအားလုံးတွင် ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန်။

## အနုပညာ

### ချစ်သူတွေဖြစ်နေကြောင်း သတင်းတွေထွက်ပေါ်လာတဲ့ လီမင်ဟိုနဲ့ ယွန်ဝူး



တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ မင်းသားတစ်ဦးဖြစ်သူ လီမင်ဟိုဟာ ကေပေ့ါ်ပ်ကြယ်ပွင့်တစ်ဦးဖြစ်သူ ယွန်ဝူးနဲ့ ချစ်သူတွေဖြစ်နေကြောင်း သတင်းတွေ ပေါ်ထွက်ခဲ့တယ်လို့ အေးရှားဝမ်းဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

လီမင်ဟိုနဲ့ ယွန်ဝူးတို့ ချစ်သူတွေဖြစ်နေကြောင်းနဲ့ သူတို့နှစ်ဦးလက်တွဲခဲ့တာ ငါးလခန့်ကြာခဲ့ပြီဖြစ်ကြောင်း ဒေသတွင်းမီဒီယာတစ်ခုက ဩဂုတ် ၃၀ ရက်မှာ ရေးသားဖော်ပြခဲ့တာဖြစ်ပါတယ်။ ဒီသတင်းဟာ ကိုရီးယားဇာတ်လမ်းတွဲပရိသတ်တွေရဲ့ အားပေးချစ်ခင်ရတဲ့ မင်းသားတစ်ဦးဖြစ်တဲ့ လီမင်ဟိုနဲ့ ပတ်သက်နေတာကြောင့် ပရိသတ်အများစုကို အသည်းကွဲစေခဲ့တဲ့ သတင်းတစ်ပုဒ်လည်း ဖြစ်ပါတယ်။

ဒစ်ပက်ချ်ရဲ့ ဖော်ပြချက်အရ အသက် ၃၄ နှစ်အရွယ်ရှိပြီဖြစ်တဲ့ မင်းသားလီမင်ဟိုဟာ အမျိုးသမီးတေးဂီတအဖွဲ့ Momoland ရဲ့ အဖွဲ့ဝင်ဟောင်းတစ်ဦးဖြစ်သူ ယွန်ဝူးကို သူ့ရဲ့နေအိမ်ကို ဇူလိုင် ၃၁ ရက်မှာ ဖိတ်ခေါ်ခဲ့ပြီး ယွန်ဝူးရဲ့ ၂၅ နှစ်ပြည့်မွေးနေ့ဖြစ်တဲ့ ဩဂုတ် ၁ ရက်မှာ မွေးနေ့ပွဲအတူတူကျင်းပခဲ့တာ ဖြစ်တယ်လို့ သိရပါတယ်။ သူတို့နှစ်ဦး ရုပ်ရှင်အတူကြည့်ဖို့ရာ လီမင်ဟိုက ယွန်ဝူးကို သွားရောက်ခေါ်ဆောင်ခဲ့ဖူးကြောင်းလည်း သိရပါတယ်။

#### ငြင်းဆိုခဲ့

လီမင်ဟိုနဲ့ ရင်းနှီးတဲ့အသိုင်းအဝိုင်းက လီမင်ဟိုအနေနဲ့ သူ့ရဲ့အချစ်ရေးမှာ ကွယ်ဝှက်တတ်သူတစ်ဦး မဟုတ်တာကြောင့် ဒီသတင်းမှန်ကန်ပါက မကြာမီမှာ တရားဝင်လက်တွဲလာတာတွေ့မြင်ရမှာဖြစ်တယ်လို့ ဆိုပါတယ်။ လီမင်ဟိုရဲ့ ဖျော်ဖြေရေးအေဂျင်စီဘက်က ဒီသတင်းတွေနဲ့ပတ်သက်ပြီး ငြင်းဆိုခဲ့ပါတယ်။ အေဂျင်စီရဲ့ ပြောကြားချက်အရ သူတို့နှစ်ဦးဟာ ရင်းနှီးတဲ့ မိတ်ဆွေတွေသာဖြစ်ပြီး ဝါသနာတူသူတွေဖြစ်ကြောင်း၊ ဒါကြောင့် ဗီဒီယိုဂိမ်းကစားတာ၊ ရုပ်ရှင်အတူကြည့်တာတွေ ရှိတာဖြစ်တယ်လို့ ဆိုပါတယ်။

ဒါ့အပြင် အေဂျင်စီက ဒစ်ပက်ချ်မှ ထုတ်ဖော်ပြသလာတဲ့ လီမင်ဟိုနဲ့ ယွန်ဝူးတို့ရဲ့ ဓာတ်ပုံတွေမှာ အခြားသောသူတွေလည်း ပါဝင်နေတာကြောင့် သူတို့နှစ်ဦး ချစ်သူတွေအဖြစ် ချိန်းဆိုတွေ့ဆုံနေတာလို့ မပြောနိုင်ကြောင်းလည်း ပြန်လည်ရှင်းလင်းခဲ့ပါတယ်။

### ပရိသတ် အားပေးမှုရရှိခဲ့တဲ့ Butter Remix

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသားတေးဂီတအဖွဲ့ BTS ဟာ နာမည်ကျော် ရက်ပ်တေးသံရှင်တစ်ဦးဖြစ်သူ Megan Thee Stallion နဲ့ တွဲဖက်ကာ ၎င်းတို့ရဲ့ တေးသီချင်း Butter ကို ရီမစ်ဗားရှင်းနဲ့ ပြန်လည်ထုတ်လွှင့်ပေးခဲ့ပါတယ်။ အဆိုပါ တေးသီချင်းသစ်ကို လတ်တလောမှာ ထုတ်လွှင့်ပေးခဲ့ရာမှာလည်း ပရိသတ်တွေဆီက ကောင်းမွန်တဲ့ တုံ့ပြန်မှုတွေ ရရှိခဲ့ကြောင်း အောကေပေ့ါ်ပ်ဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

BTS ဟာ Megan Thee Stallion နဲ့ တွဲဖက်ကာ Butter တေးသီချင်းကို ပြန်လည်ဖန်တီး ထုတ်လွှင့်မှာဖြစ်ကြောင်း ကြေညာခဲ့ပြီးနောက် Megan Thee Stallion ဘက်က တေးသီချင်းထုတ်လွှင့်ဖို့အတွက် အေဂျင်စီနဲ့ အဆင်မပြေမှုတွေ ရှိခဲ့ပေမယ့် နောက်ပိုင်းမှာ ပြန်ပြေလည်ခဲ့တာကြောင့် ၎င်းတေးသီချင်းကို ဩဂုတ် ၂၇ ရက်မှာ စတင်ထုတ်လွှင့်ပေးခဲ့ပါတယ်။

တေးသီချင်းထုတ်လွှင့်ပြီးနောက် မကြာမီမှာပင် ပရိသတ်တွေက နှစ်သက်ကြောင်း လူမှုကွန်ရက်မီဒီယာတွေပေါ်ကနေတစ်ဆင့် ရေးသားဖော်ပြခဲ့ကြပါတယ်။ Megan Thee Stallion ကလည်း အဆိုပါ တေးသီချင်းရဲ့ စည်းချက်နဲ့ သူ့ရဲ့အသံ လိုက်ဖက်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သလို ပရိသတ်တွေကလည်း ရက်ပ်တေးသံရှင်ရဲ့ အသံနဲ့ Butter တေးသီချင်း လိုက်ဖက်ကြောင်း ဖော်ပြခဲ့ကြပါတယ်။



**အေးပြည့်-စုစည်းသည်**

**လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ ဝန်ကြီးရုံးမှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အတွင်း အောက်ဖော်ပြပါလုပ်ငန်း (၁) ခုအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် ဝန်ကြီးဌာနမှသတ်မှတ်ထားသည့် အမျိုးအစား၊ Specification အတိုင်း တိကျမှန်ကန်စွာတင်သွင်းနိုင်သော စိတ်ပါဝင်စားသူ မြန်မာနိုင်ငံသားလုပ်ငန်းရှင်များ အိတ်ဖွင့်တင်ဒါပေးသွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည် -

(က) Lot -1 — အပြည်ပြည်ဆိုင်ရာဝင်/ထွက်ပေါက်များဖြစ်သည့် နယ်စပ်ဂိတ် (၁၃) ဂိတ်နှင့် ဝန်ကြီးရုံး၌ Video Conferencing System အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

| | | |
|---|---|---|
| တင်ဒါလျှောက်လွှာပုံစံ စတင်ရောင်းချမည့်ရက် | - | (၁-၉-၂၀၂၂)ရက်မှ (၁၄-၉-၂၀၂၂ ရက်၊ (၁၆:၃၀) နာရီအထိ |
| တင်ဒါပိတ်မည့်ရက်နှင့်အချိန် | - | (၁၄-၉-၂၀၂၂)ရက်နေ့ ညနေ (၁၆:၃၀)နာရီအထိ |
| တင်ဒါတင်သွင်းရန်နေရာ | - | ရုံးအမှတ်(၄၈)၊ နေပြည်တော် |

၂။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါဌာနတွင် (၁-၉-၂၀၂၂)ရက်နေ့မှစ၍ ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**ရုံးအမှတ်(၄၈)၊ နေပြည်တော်**
**လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနတင်ဒါကော်မတီ**
**ဖုန်း - ၀၆၇-၄၃၁၃၅၀ ၊ ၀၆၇-၄၃၁၃၅၁**

**အဂတိပယ်ချွ ပြည်သာယာ**

**ကိတ္တိမ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း**

စစ်ကိုင်းတိုင်းဒေသကြီး ၊ ခန္တီးမြို့နေ ဦးနေဦး [၉/ပသက(နိုင်) ၀၃၃၄၀၆]-ဒေါ်စိုးစိုးထွေး[၅/ရဘန(နိုင်)၁၃၁၇၉၃]၏ သမီး မခင်သဇင်[၅/ခတန(နိုင်)၀၃၉၀၅၆]သည် မိဘများအား အကြိမ်ကြိမ် စိတ်ဆင်းရဲအောင်ပြုလုပ်ခြင်း၊ မိဘများမသိအောင် နေအိမ်မှ ထွက်ခွာသွားပါသဖြင့် ယနေ့မှစ၍ ကိတ္တိမသမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို လုံးဝ(လုံးဝ)တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)။

**ဦးနေဦး-ဒေါ်စိုးစိုးထွေး**

○ ကျောဖုံးမှ

ဗီယက်နမ်နိုင်ငံအနေဖြင့် ဆီးဂိမ်းပြိုင်ပွဲကို ယင်းကာလအတိုင်း ကျင်းပဖြစ်ပါက အာဆီယံ မသန်စွမ်းအားကစားပြိုင်ပွဲကို ဆီးဂိမ်းပြိုင်ပွဲနောက်ပိုင်း နှစ်လယ်ပိုင်းတွင် ပြုလုပ်ဖွယ်ရှိနေသည်။ ဗီယက်နမ်နိုင်ငံအနေဖြင့် အာဆီယံ မသန်စွမ်းအားကစားပြိုင်ပွဲတွင် အားကစားနည်း ၁၁ မျိုးသာ ထည့်သွင်းကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲရွှေ့ဆိုင်းသွားသော်လည်း ထည့်သွင်းကျင်းပမည့် အားကစားနည်းပြောင်းလဲမည်မဟုတ်ကြောင်း သိရသည်။ ယင်းပြိုင်ပွဲတွင် ရေကူး၊ စားပွဲတင်တင်းနစ်၊ ပြေးခုန်ပစ်၊ မြားပစ်၊ ဂျူဒို၊ Boccia၊ အလေးမ၊ ကြက်တောင်၊ စစ်တုရင်၊ ဘီးချဲတင်းနစ်နှင့် Goalball ပြိုင်ပွဲများ ပါဝင်မည်ဖြစ်သည်။

မြန်မာမသန်စွမ်းအားကစားအဖွဲ့အနေဖြင့်ယင်းပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး အားကစားနည်း ခုနစ်မျိုး၌ ယှဉ်ပြိုင်ရန် စီစဉ်ထားသည်။ မြန်မာမသန်စွမ်းအားကစားအဖွဲ့သည် ယင်းပြိုင်ပွဲတွင် အကြိမ်တိုင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ပြိုင်ပွဲတစ်လျှောက် ရွှေတံဆိပ် ၁၈၁ ခု၊ ငွေတံဆိပ် ၁၃၂ ခု၊ ကြေးတံဆိပ် ၁၄၄ ခု ဆွတ်ခူးရရှိထားကြောင်း မှတ်တမ်းများအရ သိရသည်။ မြန်မာမသန်စွမ်းအားကစားအဖွဲ့သည် ဝင်ရောက်ယှဉ်ပြိုင်သည့်အကြိမ်တိုင်း ရွှေတံဆိပ်ဆုရယူနိုင်ခဲ့ပြီး အောင်မြင်မှုများလည်း ရရှိခဲ့ကြောင်း သိရသည်။

**သတင်း-ကိုညီလေး**

# ဆေးပညာဘွဲ့ရဆရာဝန်(အမျိုးသမီး)နှင့် သွားဘက်ဆိုင်ရာဆေးပညာဘွဲ့ရ ဆရာဝန်(အမျိုးသမီး) ဗိုလ်လောင်းများခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ အမျိုးသမီး(အပျို)ဖြစ်ရမည်။

( ခ ) ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် အသက် ၃၀ နှစ်ထက် မကြီးရ။

( ဂ ) အနည်းဆုံးအရပ် ၅ ပေ၊ ၃ လက်မနှင့် ကိုယ်အလေးချိန် ပေါင် ၁၀၀ ထက်မနည်းရ၊ ပေါင် ၁၃၀ ထက် မကျော်ရ။

(ဃ) (**M.B.B.S**) သို့မဟုတ် (**B.D.S**) ဘွဲ့ရရှိပြီးသူဖြစ်ရမည်။ ဘွဲ့လက်မှတ်(မူရင်း)အား တင်ပြနိုင်ရမည်။

၂။ သက်ဆိုင်ရာ တက္ကသိုလ်မှ (**Grading Certificate**) အမှတ်စာရင်းပါရှိရမည်။

၃။ မိဘအုပ်ထိန်းသူ၏ ခွင့်ပြုချက်ပါရှိရမည်။

၄။ လျှောက်လွှာများကို ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံးနှင့် မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ရယူနိုင်သည်။

၅။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(**မူရင်း**)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ ၃ ပုံ ပူးတွဲတင်ပြရမည်။

၆။ တပ်မတော်မှ လေ့ကျင့်သင်ကြားမှုစနစ်အတိုင်း လိုက်နာဆောင်ရွက်နိုင်သူ ဖြစ်ရမည်။

၇။ လျှောက်လွှာနှင့်အတူပါရှိသော ဆေးစစ်ပုံစံဖြင့် မိမိတို့နေထိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်ရှိ တပ်မတော်ဆေးရုံ/ပြည်သူ့ဆေးရုံတွင် ပဏာမကျန်းမာရေး စစ်ဆေးအောင်မြင်သူဖြစ်ရမည်။

၈။ လျှောက်လွှာကို ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့မှစ၍ ထုတ်ပေးမည်ဖြစ်ပြီး အောက်တိုဘာလ ၁၅ ရက်နေ့နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူရရှိသော ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး (သို့မဟုတ်) သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်မှတစ်ဆင့် **စစ်ရာထူးခန့်ချုပ်ရုံး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**သို့ ပေးပို့ကြရမည်။


၉။ သတ်မှတ်အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များအား တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၀။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဇိနဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်မှုတော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရန်နှိုးဆော်ခြင်း





[illegible]

## ဝမ်းနည်းကြေကွဲခြင်း
### ဦးမောင်နီ(ကျောက်ဖြူ)
### အသက်(၉၁)နှစ်

သူငယ်ချင်း ဦးအောင်မင်းနိုင်–ဒေါ်ကြူကြူခိုင်တို့၏ဖခင် ဦးမောင်နီ အသက်(၉၁)နှစ်သည် ၂၇–၈–၂၀၂၂ ရက်တွင် ကျောက်ဖြူမြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ် အမှတ်စဉ်(၂၈)မှ**
**သူငယ်ချင်းများ**

## ဝမ်းနည်းကြေကွဲခြင်း
### ဒေါက်တာစိန်မောင်
### ဥက္ကဋ္ဌ၊ ပထမပုဂ္ဂလိကဘဏ်လီမိတက်
### အသက်(၈၅)နှစ်

အမှတ်(၅၅)၊ တေးနုယဉ်လမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့နေ (ဒေါက်တာ ရင်ရင်မေ)၏ ခင်ပွန်း ဒေါက်တာစိန်မောင် (ဥက္ကဋ္ဌ၊ ပထမပုဂ္ဂလိကဘဏ်လီမိတက်)သည် ၃၀–၈–၂၀၂၂ (တနင်္လာနေ့) တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးသိန်းထွန်း(ဥက္ကဋ္ဌ)နှင့် ဒါရိုက်တာအဖွဲ့**
**ထွန်းကော်မာရှယ်ဘဏ်လီမိတက်**

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်အေးမြင့်ဌေး
### B.E (Chemical) 1973
### အသက် (၇၄)နှစ်

ရန်ကုန်မြို့နေ (ဦးသိန်းဌေး–ဒေါ်ကျင်ရီ)တို့၏ ဒုတိယသမီး၊ ဦးမြတ်သူ–ဒေါ်ညွန့်ညွန့်အေးတို့၏ညီမ၊ ဦးတင်ထွန်းစိုး–ဒေါ်သိန်းသိန်းနွယ်၊ ဒေါ်ဝင်းဝင်းမြင့်၊ ဦးစိုးစိုးနောင်–ဒေါ်ယုယုဝင်း၊ (ဦးစိုးစိုးအောင်)၊ (ဦးလှထွန်းအေး)၊ ဒေါ်သန်းသန်းထွေးတို့၏အစ်မကြီး၊ ကိုကောင်းနိုင်ထွန်း–မမေမီလင်းထွန်းတို့၏ ချစ်လှစွာသောကျေးဇူးရှင်မိခင်ကြီး တူ၊တူမ မြေးကြက်ယောက်တို့၏ အဒေါ် ဒေါ်အေးမြင့်ဌေးသည် လူကြီးရောဂါဖြင့် ၃၀–၈–၂၀၂၂ (တနင်္လာနေ့) ည ၇:၅၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁–၈–၂၀၂၂ (အင်္ဂါနေ့)တွင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၅–၉–၂၀၂၂ (တနင်္ဂနွေနေ့)တွင် ရက်လည်ဆွမ်းကျွေးကောင်းမှုကုသိုလ်များ ပြုလုပ်သွားမည်ဖြစ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါက်တာ ဦးသိန်းအောင်
### ပါမောက္ခဌာနမှူး(ငြိမ်း)
### ရူပဗေဒဌာန၊ ပုသိမ်တက္ကသိုလ်
### အသက် (၆၉)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဘောဂရပ်ကွက်၊ ဘောဂလမ်း၊ အမှတ်(၄၀)နေ (ဦးကိုကိုကြီး–ဒေါ်ငွေစု)တို့၏ တတိယသား၊ (ဦးဘပို–ဒေါ်စောမြ)တို့၏ သားသမက်၊ (ဦးငွေသိန်း–ညွှန်မှူး၊ ဗဟိုစာရင်းအင်းအဖွဲ့)–ဒေါ်စိုးစိုးငြိမ်း–(လ/ထညွှန်မှူး၊ စီမံကိန်းရေးဆွဲရေး)၊ (ဦးအောင်ငွေ–လက်ထောက်အင်ဂျင်နီယာ၊ မြန်မာ့ရုပ်မြင်သံကြား)တို့၏ညီ၊ ဦးငွေထွန်း၊ (ဦးမျိုးမြင့်)၊ ဦးဇော်ဝင်း–ဒေါ်ခင်မို့မို့ဝင်း၊ ဦးလှရွှေတို့၏အစ်ကို၊ မရည်မွန်သိန်း၊ မောင်ထူးမြတ်၊ မောင်ဘုန်းပြည့်မိုး၊ မသက်ထက်စံတို့၏ ဦးလေး/ဘကြီး၊ ဒေါ်ခင်ဝင်းကြည်(ဗဟိုစည်ဆေးရုံ–ငြိမ်း)၏ ခင်ပွန်းသည် ၄–၈–၂၀၂၂ရက် ည ၁၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟတို့အား အသိပေးအကြောင်း ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ခရစ်တော်၌ အိပ်ပျော်ခြင်း
## ဒေါက်တာ စောသူရိန်လှ (John Hla)
### M.B.,B.S (ဆေး–၁) ရန်ကုန်
### အသက် (၅၂)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မစိုးရိမ်ကျောင်းလမ်း၊ လမ်းသွယ်(၃)၊ အမှတ်–၁၅၅ (I) နေ ဦးစောဂျိမ်း(စ်)လှ–နော်ရိုးဒီတို့၏ သား၊ ဦးစောဝင်းထင်လှ–ဒေါ်ဇင်မာလာခိုင်၊ ဦးကျော်စိုးမိုး–ဒေါ်တင်နုနုထွေးအောင်တို့၏ ချစ်လှစွာသောအစ်ကို၊ ဒေါ်နေဝဒီလှ၊ ဒေါ်စိမ်းမြမြ၊ ဒေါ်နှင်းယုနွယ်တို့၏ ချစ်လှစွာသော မောင်၊ မဂျူးသက်ချယ်၊ မပန်းမြတ်ပွင့်ချယ်၊ မောင်ကောင်းမြတ်ဘုန်းပြည့်တို့၏ ဦးလေး၊ (ဒေါ်ဂရေ့စ်လှ)၊ (ဒေါ်ဂျူးလီယက်လှ)၊ (ဦးစောဒယ်နီယာယ်လှ)တို့၏ တူသားသည် ၃၀–၈–၂၀၂၂ ရက် ည ၁၀:၃၀ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၃၁–၈–၂၀၂၂ ရက် ညနေ ၃ နာရီတွင် ရေဝေးသုသာန်ခန်းမ၌ ဝတ်ပြုပြီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

## မောင်ညဏ်ဟိန်းမြင့်(ခ)ကိုမှန်ကြီး
### အသက်(၃၅)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ယုဇနဥယျာဉ်မြို့တော်၊ တိုက်အမှတ်(၁၈)၊ အခန်း(၂၀၄)၊ (၆)လမ်း(A)နေ (ဦးထွန်းမြင့်–Dr. သန်းသန်းဌေး)တို့၏သား၊ မယဉ်ယဉ်ပိုက်၏ ခင်ပွန်းသည် ၂၈–၈–၂၀၂၂ (စနေနေ့) မွန်းလွဲ ၂:၁၅နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို ၃၀–၈–၂၀၂၂ (တနင်္လာနေ့) နံနက် ၁၁နာရီတွင် ကျီစုသုသာန်သို့ ကောင်းမွန်စွာ ပို့ဆောင် မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၃–၉–၂၀၂၂ (သောကြာနေ့)နံနက် ၇နာရီမှ ၉နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# ဒေါက်တာစိန်မောင်
# အသက်(၈၅)နှစ်
## ဥက္ကဋ္ဌနှင့် တည်ထောင်သူ၊ ပထမပုဂ္ဂလိကဘဏ်(First Private Bank)

ရန်ကုန်မြို့၊ အမှတ်(၅၅)၊ တေးနုယဉ်လမ်း၊ မရမ်းကုန်းမြို့နယ်၊ (၇)ရပ်ကွက်နေ (ဦးကျော်–ဒေါ်မြ)၊ (ဦးဖိုးမြ–ဒေါ်ကြေး)၊ (ဦးချိန်ငါး–ဒေါ်ထူး)တို့၏မြစ်၊ (ဦးကျော်ငါး–ဒေါ်ကျင်ရှု)၊ (ဦးတွမ်းနား–ဒေါ်ငွေကျင်)တို့၏မြေး၊ ဒါးပိန်မြို့၊ အလယ်ပိုင်းနေ (ဦးစိန်ယုံ–ဒေါ်မြရင်)တို့၏သား၊ ဒေါ်ကျင်အိ၊ (ဒေါ်ကျင်လှ)တို့၏မောင်၊ ဒေါ်တင်လှိုင်၊ ဒေါ်တိုးတိုးတို့၏အစ်ကို၊ (Dr. ရင်ရင်မေ)၏ ခင်ပွန်း၊ ဒေါ်အေးအေးမာ–Dr. Robert J. Czincila၊ ဒေါ်ရင်ရင်မာ–Johannes Chan၊ Dr. အောင်မင်းတို့၏ မွေးသဖခင်ကျေးဇူးရှင်၊ May Gangaw Chan နှင့် Megan Thazin Chan တို့၏ ချစ်လှစွာသောအဘိုး၊ ပထမပုဂ္ဂလိကဘဏ် (First Private Bank)၏ ဥက္ကဋ္ဌ (Chairman)နှင့်တည်ထောင်သူ (Founder) Dr.စိန်မောင်သည် ၃၀–၈–၂၀၂၂ (တနင်္လာနေ့)နံနက် ၀၀:၄၅နာရီတွင် ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား ဝမ်းနည်းကြေကွဲစွာဖြင့် အသိပေးအကြောင်းကြားအပ်ပါသည်။ ကွယ်လွန်သူ၏ရုပ်ကလပ်ကို ၃–၉–၂၀၂၂ (သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် လှိုင်သာယာ ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ ကွယ်လွန်သူအား ရည်စူး၍ ၅–၉–၂၀၂၂ (တနင်္ဂနွေနေ့) နံနက်တွင် အထက်ပါနေအိမ်၌ ရက်လည်ဆွမ်းကျွေးတရားတော်နာယူမည်ဖြစ်ပါသဖြင့် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ရဟန်း၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ငွေတင်
### အသက်(၇၆)နှစ်

ရန်ကုန်တိုင်းဒေသကြီး ၊ ဥက္ကံမြို့နေ (ဦးရွှေတင်–ဒေါ်ကေသီ)တို့၏ သမီး၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ နယ်စပ်စည်ပင် ဗဟိုလေ့ကျင့်ရေးကျောင်း၊ ဝန်ထမ်းအိမ်ရာ၊ တိုက်(စီ)၊ အခန်း(၁၀၄)နေ ဦးထွန်းအောင်(အရာခံဗိုလ်–ငြိမ်း)၏ဇနီး၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့နေ ဗိုလ်ကြီးသန်းအောင်(ငြိမ်း)–ဒေါ်မေမြင့်ရီ၊ မင်္ဂလာဒုံမြို့နေ (ဒုအရာခံဗိုလ်လှကျော်)–ဒေါ်နွယ်နွယ်ဝင်း၊ ဦးဝင်းမြင့်ဇော်(မင်္ဂလာတောင်ညွန့်မြို့နယ် လျှပ်စစ်မန်နေဂျာ၊ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း)–ဒေါ်ဖြူဖြူထွန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ မှတ်တမ်းဌာန၊ ဒုအရာခံဗိုလ် ခင်မောင်ထွန်း–ဒေါ်စမ်းစမ်းမော်၊ ဒေါ်ခင်မာထွန်း၊ ဒေါ်တင့်တင့်ခိုင်(ဦးစီးအရာရှိ၊ ဗဟိုလေ့ကျင့်ရေးကျောင်း၊ နယ်စပ်စည်ပင်)တို့၏ မွေးသမိခင်၊ မြေး(၁၀)ယောက်၊ မြစ်(သုံး)ယောက်တို့၏ အဘွား၊ ဒေါ်ငွေတင်သည် ၃၀–၈–၂၀၂၂ ရက်၊ ညနေ ၅:၅၅နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၃၁–၈–၂၀၂၂ ရက်၊ နံနက် ၁၀နာရီတွင် ကျီစုသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်စန်းမြင့်
### အသက်(၇၂)နှစ်
### ဦးစီးအရာရှိ(ငြိမ်း)
### စီမံကိန်းရေးဆွဲရေးဦးစီးဌာန

(ဦးဟုန်စိန်–ဒေါ်ကျင်ကြည်)တို့၏သမီး၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ သစ္စာလမ်း၊ သစ္စာဥယျာဉ်အိမ်ရာ SH–105 နေ (ဦးသန်းဇော်၊ လပွတ္တာ)၏ဇနီး၊ ဒေါ်စန်းစုစုဇော်၊ ဦးအောင်ကျော်သူ–ဒေါ်ဖြိုးမာလာဝင်းတို့၏မိခင်၊ မောင်အောင်ဖြိုးသက်၏ အဘွားသည် ၃၀–၈–၂၀၂၂ (တနင်္လာနေ့) နံနက် ၁၀:၃၅နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

သင့်
သွေးဖြင့်
အသက်
ကယ်ပါ




ခရစ်တော်၌ အိပ်ပျော်ခြင်း
## ဒေါ်နုနုအေး(ခ) Patsy
### အသက်(၆၄)နှစ်

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၅)ရပ်ကွက်၊ (၅၂)လမ်း၊ အမှတ်(၄၉)နေ(ဦးမောင်ရှင်)–ဒေါ်စမ်းစမ်းသိန်းတို့၏ သမီးချွေးမ၊ (ဦးဘရွှေ–ဒေါ်ရွှေခင်)တို့၏သမီး၊ ဦးခင်ဇော်ဦး၏ ချစ်လှစွာသော ဇနီး၊ ကိုဇေယျာဦး၊ မဝေမာဦးတို့၏ ချစ်လှစွာသော မိခင်သည် ၁၀–၈–၂၀၂၂ (အင်္ဂါနေ့) ည ၆:၄၀နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၁၁–၈–၂၀၂၂ရက်တွင် ရေဝေးခရစ်ယာန် ဂိုဏ်းပေါင်းစုံဥယျာဉ်တော်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး“မူ”ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က နိုင်ငံရေးပါတီများအား ရွေးကောက်ပွဲကော်မရှင်ဥပဒေနှင့်အညီ စစ်ဆေး



ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီကို စစ်ဆေးစဉ်။



ပြည်ထောင်စုကောင်းကျိုးဆောင်ပါတီကို စစ်ဆေးစဉ်။

**နေပြည်တော် ဩဂုတ် ၃၁**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၁၀ (ဌ) တွင် ပြဋ္ဌာန်းထားသော “ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေနှင့်အညီ နိုင်ငံရေးပါတီများကို မှတ်ပုံတင်ခြင်း၊ ကြီးကြပ်ခြင်းနှင့် ကြီးကြပ်စေခြင်း ” ဆိုသည့် တာဝန်နှင့်အညီ နိုင်ငံရေးပါတီများ၏ ပါတီဝင်အင်အား၊ ပါတီပိုင်ရန်ပုံငွေနှင့်ပစ္စည်းများ စုဆောင်းခြင်း၊ ထိန်းသိမ်းခြင်း၊ သုံးစွဲခြင်း၊ စစ်ဆေးခြင်းနှင့် စာရင်းရှင်းလင်းဖျက်သိမ်းခြင်း၊ ပါတီဆိုင်ရာလုပ်ငန်းများအား စနစ်တကျ ဆောင်ရွက်ထားမှု ရှိ၊ မရှိ စစ်ဆေးဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၃၁ ရက် နံနက် ၉ နာရီမှစတင်၍ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီကို ဥတ္တရသီရိမြို့နယ် ပြည်ထောင်စုနယ်မြေရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး၌ လည်းကောင်း၊ ပြည်ထောင်စုကောင်းကျိုးဆောင်ပါတီ [UNION BETTERMENT PARTY (UBP)] ကို ဥတ္တရသီရိမြို့နယ် ဥတ္တရခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး၌ လည်းကောင်း စစ်ဆေးဆောင်ရွက်လျက်ရှိသည်။

**ဖွဲ့စည်းစစ်ဆေး**

ထိုသို့စစ်ဆေးဆောင်ရွက်ရာတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထဲရေး ဝန်ကြီးဌာန၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးတို့ဖြင့် ဖွဲ့စည်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# လီဗာပူးအသင်းခေါင်းဆောင် ဂျော်ဒန်ဟန်ဒါဆန် စာချုပ်သစ်ထပ်တိုးချုပ်ဆို



လီဗာပူးအသင်းခေါင်းဆောင် ဂျော်ဒန်ဟန်ဒါဆန်ဟာ အန်ဖီးလ်မှာ ၂၀၂၅ ခုနှစ်အထိ ဆက်ရှိနေမယ့် စာချုပ်သစ်တစ်ရပ်ကို ထပ်တိုးချုပ်ဆိုလိုက်ပြီဖြစ်ပါတယ်။

အသက် ၃၂ နှစ်အရွယ်ရှိ အင်္ဂလန်ကွင်းလယ်ကစားသမား ဂျော်ဒန်ဟန်ဒါဆန်ဟာ လီဗာပူးအသင်းနဲ့အတူ ပွဲစဉ်စုစုပေါင်း ၃၉၄ ပွဲ ပါဝင်ကစားပေးထားပြီး ယခင်ရှိပြီးသား စာချုပ်သက်တမ်းဟာလည်း နှစ်နှစ်ကျန်ရှိနေသေးတာဖြစ်ပါတယ်။

စာမျက်နှာ ၁၄ ကော်လံ ၁ သို့ ❋

# အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲကို ဆီးဂိမ်းပြိုင်ပွဲအပေါ်မူတည်၍ ပြုလုပ်မည်

**ရန်ကုန် ဩဂုတ် ၃၁**

ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ရွှေ့ဆိုင်းထားရသည့် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲကို ဆီးဂိမ်းပြိုင်ပွဲ ပြန်လည်ကျင်းပမည့်ကာလအပေါ်မူတည်၍ ပြုလုပ်သွားမည်ဖြစ်သည်။

ဆီးဂိမ်းပြိုင်ပွဲနှင့် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲ နှစ်ခုစလုံးကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရထားသည့် ဗီယက်နမ်နိုင်ငံအနေဖြင့် ကပ်ရောဂါအခြေအနေကြောင့် လာမည့်နှစ်သို့ ရွှေ့ဆိုင်းထားခြင်းဖြစ်ပြီး ဆီးဂိမ်းပြိုင်ပွဲကို ၂၀၂၂ ခုနှစ် ဧပြီလကုန် သို့မဟုတ် မေလဆန်းတွင် ပြန်လည်ကျင်းပရန် စီစဉ်ထားသည်။ **စာမျက်နှာ ၂၂ ကော်လံ ၄ သို့ ○**

## ကြေးမုံ ယနေ့ ဖတ်စရာ


အမေရိကန်နိုင်ငံက ကဘူးလ်မြို့ရှိ အမေရိကန်သံရုံးအား ယာယီပိတ်သိမ်းကြောင်း ကြေညာ

စာမျက်နှာ » ၁၂

ဒယ်လ်တာဗီဇပြောင်းဗိုင်းရပ်စ် မျိုးစိတ်သစ်တစ်မျိုး ရှာဖွေတွေ့ရှိကြောင်း ဂျပန်သုတေသီများ ပြောကြား

စာမျက်နှာ » ၁၃

ဩဂုတ် ၃၁ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာသစ် ၃၃၉၉ ဦးတွေ့ရှိ

စာမျက်နှာ » ၁၈

ယဉ်ကျေးလိမ္မာ စာပဒေသာ

စာမျက်နှာ » ၂၀၊ ၂၁